www.burmeseclassic.com

# သမန်းကျားရွာ

ဒဂွကျော်စွာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





…ယ်မှု ၁၀% နှင့် စွန့်စားမှု ၂၀% ပေါင်းစပ်ထား…

# …ွေကျော်ရှာ

၏

…ဘနုမ်း အဆန်းတကြယ်ဝတ္ထုများ

လစဉ်ထုတ်ဝေနေပါပြီ။






BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



တကယ်တော့ ဒဟတ်ကုန်းအမည်ရှိ ရွာကလေးသည် အထက်ချင်းတွင်းနယ်တစ်ရိုးရှိ တခြားသော်ရွာများကဲ့သို့ သာမန် မထူးခြားသော ရွာကလေးတစ်ရွာသာလျှင် ဖြစ်ပါသည်။

သို့သော် ...

ထိုကဲ့သို့သော သမရိုးကျဆန်စွာ အေးချမ်းဆိတ်ငြိမ်နေသည့် ရွာကလေးအား သားစဉ်မြေးမြစ်ပြောထုံးဖြစ်စရာ ကိစ္စတစ်ရပ်သည် မမျှော်လင့်စွာ ဖြစ်ပေါ်လာခဲ့ချေ၏။

ယင်းတို့၏ အစမှာ ရွာထဲရှိ သာမန် မထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



လှသော ညီအစ်ကိုနှစ်ဦးဖြစ်သည့် တောက်တီးနှင့် တောက်တဲ့တို့ထံမှ အစပြုခဲ့ခြင်းဖြစ်ပါချေသည်။

နွေနေ့တစ်နေ့၏ ညနေခင်းတွင် ရွာထဲရှိ ကြေးရတတ်တစ်ဦး၏ ခြံသို့ သူတို့ရောက်ရှိဖြစ်ခဲ့သည်မှ ဇာတ်လမ်းကို အစပြုရပေလိမ့်မည်။

BURMESE CLASSIC .com

သူတို့ ...

ဒီခြံဝမရောက်ခင်ကတည်းက အသံပြုလာခဲ့ကြခြင်းဖြစ်သည်။ သို့သော် လူသူအရိပ်အရောင်မမြင်ဘဲ ငြိမ်ချက်သားကောင်းနေဆဲ။

ခြံဆီအရောက်တွင် ...

တိတ်ဆိတ်နေသော ခြံဝင်းအတွဲ လှည့်ပတ်ကြည့်လိုက်ပြီး ညီအစ်ကိုနှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက် ဘယ်လိုလဲဟူသော မျက်နှာပေးဖြင့်ကြည့်မိကြသည်။ သရက်ခြံထဲရှိ အိမ်လေးမှာ လူသူကင်းမဲ့စွာ ငြိမ်သက်တိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းလှ … ဗျို့ ကိုထွန်းလှ"

တောက်တီးက အိမ်ရှေ့တွင် ရပ်ရင်း အိမ်ထဲသို့ အော်ခေါ်ကြည့်သည်။ ပြန်ထူးသံ မကြားရချေ။

"အစ်ကို … ဘယ်သူမှ မရှိဘူးဗျ"

တောက်တဲ့က အိမ်ထဲသို့ လှည့်ပတ်ကြည့်ရင်း အစ်ကိုဖြစ်သူကို ပြောလိုက်၏။ တောက်တီးက ညီဖြစ်သူအား လှည့်ကြည့်ရင်း …

"နေစမ်းပါဦးကွာ၊ မင်းကလည်း ငါတို့ကို သေသေချာချာ မှာထားတာ"

"ဟာဗျာ … အိမ်ထဲမှာရော၊ ခြံထဲမှာပါ တစ်ယောက်မှ မရှိတာဘဲ၊ အစ်ကိုက ဘာလုပ် မလို့တုန်း"

တောက်တဲ့က စိတ်မြန်သူပီပီ လှည့်ပြန်ဖို့ ပြင်သည်။ တစ်ယောက်မှ မတွေ့ရသည့်အဆုံး ရှေ့မှ ထွက်သွားသော တောက်တဲ့နောက်မှ တောက်တီး လိုက်လာသည်။

"ကိုထွန်းလှကလည်း ဘာလုပ်မှန်း မသိဘူး၊



ငါတို့ကို မှာတုန်းကာ မှာထားပြီး"

"အေးလေ … ဘာခိုင်းစရာရှိလို့လဲဆိုပြီး ငါတို့က အစောကြီး လာကြတာ၊ ဘယ်များ သွားနေကြလဲ မသိဘူး"

ညီအစ်ကိုနှစ်ယောက် စိတ်မရှည်သလို တတွတ်တွတ်ပြောရင်း ခြံထဲမှ ပြန်ထွက်လာသည်။ ခြံဝအရောက်တွင် …

"ဟ … ဒီညီအစ်ကိုနှစ်ယောက် ဘယ်တုန်းက ရောက်လာတုန်းကွ"

ဟူသော အသံကို ကြားလိုက်ရသောကြောင့် ညီအစ်ကိုနှစ်ယောက်လုံး ပြိုင်တူ လှမ်းကြည့်လိုက်မိသည်။ တောင်းကြီးတစ်တောင်းကို ထမ်းလာသော ကိုထွန်းလှနှင့် သူ့နောက် မလှမ်းမကမ်းမှ လိုက်ပါလာသော သူ့မိန်းမ မမြညိုကို တွေ့လိုက်ရ၏။

"ကိုထွန်းလှကြီးကလည်း ကျွန်တော်တို့က ဘယ်သူမှ မတွေ့တော့ အခုပဲ ပြန်မလို့"

တောက်တဲ့က အလျင်စလို လှမ်းပြောလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူက ကွမ်းချိုးတက်နေသော သွားများ ပေါ်အောင် ရယ်ပြကာ …

"မင်းတို့ကလည်း တော်တော်လောတဲ့ ကောင်တွေပကွ"

ဟု ပြောလေသည်။ တောက်တီးက …

"ကဲ … ဘာခိုင်းစရာရှိလို့လဲ ပြော"

"ဘာမှ ခိုင်းစရာမရှိပါဘူးကွာ၊ ရော … ဒီတောင်းလေး အောက်ကို ပင့်ချပေးပါဦး"

ကိုထွန်းလူကပြောရာ တောက်တဲ့က တောင်းကြီးကို အလျင်အမြန်ပင် ချပေးလိုက်ပြီး တောင်းထဲငုံ့ကြည့်ကာ အံ့သြသွားလေ၏။

"ဟာ … အမဲသားတွေပါလား"

ဟု တောက်တဲ့က ထပြောလိုက်သည်။ ကိုထွန်းလူ မိန်းမ မမြညိုက ရှင်းပြသည်

"ဟုတ်ပါတော် … အမဲသားတွေ၊ အဲဒါ ငါ့အဘအိမ်မှာ ပေါ်တာ၊ ငါတို့လင်မယား သွားကူဖျက်ပေးလို့ ဟင်းစားပေးလိုက်တာ"



ကိုထွန်းလူက တောက်တီး နှင့် တောက်တဲ့ကို ကြည့်ကာ …

"ဘယ်လိုလဲ ဟေ့ကောင်တွေ"

ဟု ဆိုကာ အမဲသားတောင်းကြီးကို မေးဆတ်ပြလေသည်။ တောက်တီးနှင့် တောက်တဲ့မှာ ဘာမှ ပြန်မပြောဘဲ ရက်ရွှဲအားနာသော လေသံများဖြင့် …

"ရပါတယ်ဗျာ၊ ဒါနဲ့ ကျုပ်တော်တို့ကို ဘာခိုင်းမလို့လဲ"

ဟု ထပ်မေးပြန်သည်။ ထိုအခါ ကိုထွန်းလူက ပြုံးလေ၏။

"သြော် … ခက်နေပါပြီ၊ ဒီကောင်တွေနဲ့ကော့ ဘာမှမခိုင်းဘူးဟေ့၊ မင်းတို့နှစ်ကောင်ကို အမဲသားကျွေးချင်လို့ မှာလိုက်တာ"

ထိုအခါမှပင် သူတို့ သဘောပေါက်သွား ကြသည်။

"သြော် … ဟုတ်လား၊ အသားတွေက ခမ်းတွင်းသားတွေချည်းပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့က အမဲသားတွဲများကို ကြည့်ရင်း အားရဝမ်းသာပြောရာ တောက်တီးမှာ အားတုံ့အားနာ ဟန်ဖြင့် ညီဖြစ်သူအား တံတောင်ဖြင့် တွက်လိုက်လေ သည်။

"မင်းကလည်းကွာ"

ကိုထွန်းလူကလည်း အလိုက်တသိပင် ...

"ဟော့ ... မိန်းမ၊ ဒီမယ် အသားတွေ လာ ကိုင်ဦး"

ဟု လှမ်းအော်လိုက်ရာ မမြညိုက ...

"အင်းပါ ... မြန်မြန်ချက်ပေးပါ့မယ်၊ ဟဲ့ ကောင်လေးတွေ ခဏစောင့်ဦးနော်၊ အစ်မက ဟင်းချက်မြန်ပါတယ်"

ဟု ပြောပြီး တောင်းထဲမှ အမဲသားတွဲများကို ယူပြီး အိမ်ထဲသို့ ဝင်သွားတော့သည်။ ထိုအချိန်တွင် ကိုထွန်းလူက ...

"မမြညို၊ အမဲသားတွေ အကုန်ချက်မပစ်နဲ့၊ အသားကောင်းကောင်းရွေးပြီးရေဆေးယူခဲ့ဦး"



ဟု လှမ်းအော်လိုက်၏။

မမြညိုသည် အသားအချို့ကို ရေဆေးပြီး ဖန်းတစ်ချပ်ထဲထည့်လာကာမေး၏။

"အသားစိမ်းတွေ ဘာလုပ်မလို့တုန်းတော့"

"ဒီကောင်တွေက အမဲသားစိမ်း အရမ်းကြိုက် တာကွ၊ သူတို့အတွက် အစိမ်းပဲပေး"

ကိုထွန်းလူစကားကြောင့် မမြညိုသည် ဖန်းထဲ မှ အမဲသားစိမ်းတွေကို ငုံ့ကြည့်ရင်း နှာခေါင်းရှုံ့ကာ...

"ကြဲကြဲဖန့်ဖန့်တော် ... ဒီလောက်ညှီတဲ့ဟာ ကို"

ဟု ပြော၏။ တောက်တီးက သွားတက်ချွန် ချွန်လေး ပေါ်အောင်ရယ်ရင်း ...

"ရတယ်အစ်မ၊ ကျွန်တော်တို့က ငယ်ငယ် လေးကတည်းက အဲဒီလိုပဲ စားနေကျ အဖေ ရှိတုန်းက အသားဆို အစိမ်းကျွေးတာ၊ အခု နောက်ပိုင်း အမေက မကြိုက်တော့ ကျွန်တော် တို့ အစိမ်းမစားရတာ ကြာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မမြညိုသည် သူတို့ ညီအစ်ကိုနှစ်ယောက်ကို ကြည့်ကာ …

"အမယ်လေး … ဖြစ်မှဖြစ်ရလေဟယ်၊ နင်တို့ကလည်း …"

ဟု ပြောပြီး အမဲသားဗန်းကို သူတို့နှစ်ယောက်ရှေ့သို့ ချပေးလိုက်သည်။ နှစ်ယောက်လုံး ရုတ်တရက် မစားသေးဘဲနေရာ ကိုထွန်းလူက တိုက်တွန်းရသည်။

"စားလေကွာ … စားကြ၊ အားမနာနဲ့"

ထိုအခါမှ အသားတစ်တုံးစီ ကောက်စားကြတော့သည်။ ညီဖိုးစိုး အမဲသားစိမ်းကြီးကို မြိန်ရေယှက်ရေ စားနေသော ညီအစ်ကိုနှစ်ယောက်ကို ကြည့်ကာ မမြညို အလွန်အံ့ဩထိတ်လန့်နေသည်။ သူစိတ်ထဲတွင်လည်း လူပုံစံလေးတွေကြည့်တော့ ဖြူဖြူချောချောလေးတွေနဲ့ အစားအသောက် ကြမ်းတမ်းလိုက်တာဟု တွေးနေမိ၏။ မွန်ရည်သန့်ပြန့်သော ပုံစံနှင့် မလိုက်ဖက်စွာ အသားစိမ်းတွေ စားနေသော သူတို့နှစ်ယောက်ကို ကြည့်ရင်း မမြညိုရင်ထဲမှာ ပို၍အနံချင်စိတ်ပင် ပေါက်လာ



သည်။ တောက်တီးနှင့် တောက်တဲ့မှာ အသက်အရွယ်အားဖြင့် ဆယ့်ရှစ်၊ ဆယ့်ကိုးလောက်သာ ရှိပြီး အရပ်အမောင်းကောင်းကာ ငယ်စဥ်ကတည်းက အသက်နှင့်မျှအောင် သန်မာထွားကျိုင်းသည်။

သက်တူရွယ်တူ ယောကျ်ားလေးများထက် ခေါင်းတစ်လုံးစာ ပိုမြင့်ကာ ရုပ်ရည်မှာလည်း တစ်ရွာလုံးရှိ လူတွေနဲ့မတူဘဲ ယောကျ်ားပီသ ချောမောသူများ ဖြစ်ကြ၏။

အမဲသားစိမ်းတွေကို ခေါင်းမဖော်တမ်း စားနေသော သူတို့နှစ်ယောက်အသွင်က တဖြည်းဖြည်း မမြညို မျက်စိထဲတွင် ကျားပေါက်လေးနှစ်ကောင် အသွင် ဖြစ်လာသည်။

ထူထဲနက်မှောင်သော မျက်ခုံး များအောက်မှ ဖူးလက်နေတဲ့ မျက်ဝန်းတွေရယ်၊ ရယ်လိုက် ပြုံးလိုက်တိုင်း ပါးချိုင့်ခွက်လေး ပေါ်လာတတ်တဲ့ သူတို့ရဲ့ နုနယ်ချောမောတဲ့ မျက်နှာဟာ မမြညို မြင်ကွင်းထဲမှာ အရိပ်တွေပေါ်အောင် မာန်ဖီနေတဲ့ ကျားနှစ်ကောင်လိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခေါင်းမော့ကြည့်လာတဲ့ တောက်တဲ့းက အိမ်ပေါက်ဝမှာ တွေတွေကြီး ရပ်ကြည့်နေတဲ့ မမြညိုကို ကျေးဇူးတင်တဲ့အနေနဲ့ ပြုံးပြလိုက်၏။ အပေါ်နှုတ်ခမ်းအစွန်းလေးက လှစ်ခနဲ ထွက်လာတဲ့ ချစ်စဖွယ် သွားတက်ချွန်ချွန်လေးတွေကို မြင်လိုက်ရတဲ့ မမြညိုကတော့ သူ့အတွေးနဲ့သူ လန့်ဖျပ်ပြီး ယောင်ယမ်းကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိတော့သည်။



တစ်ရွာလုံး တစ်နေရာထဲတွင် စုရုံးကာ လှုပ်လှုပ်ရှားရှား အုတ်အုတ်ကျွတ်ကျွတ် ဖြစ်နေကြ၏။ ထိုနေရာမှာ အခြားမဟုတ်။ ရွာထဲမှ ဦးစံလှ၏ အလှူမဏ္ဍာပ်တွင် ဖြစ်သည်။ တစ်ရွာလုံး မီးခိုးတိတ်လှူသော အလှူပွဲမို့ စည်ကားလှသည်။

"ဟဲ့ ... မိတုတ်၊ ညည်းကလည်းဟယ်၊ ကြက်သွန်လှီးတာ ဘယ်ကို လှည့်နေတာလဲ"

"အမယ်လေး ... ကျုပ်က မှန်လို့ပါတော်၊ သူများတွေ ဆန်ရွေးတာတောင် ဆန်ကောထဲ မကြည့်ဘဲရေထမ်းနေတဲ့ဆီကြည့်တာရှိသေး"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း မိတုတ်၏စကားကြောင့် ငြိမ်းငြိမ်းစန်း ရှက်ပြီး ခေါင်းငုံ့သွားသည်။ သူမက အေးနွဲ့၏လက်ကို တို့ကာ …

“ဟဲ့ … ဩော် … ကြည့်ပါလား၊ သိတဲ့လူတွေ ရှက်ပြီး ခေါင်းငုံ့ကုန်ပြီ”

ငြိမ်းငြိမ်းစန်း ရှက်ကိုးရှက်ကန်းနှင့် မိတုတ်လက်ကို လှမ်းရိုက်သည်။ မိတုတ်က ပြုံးစစမျက်နှာနှင့် …

“ငါတို့က ဘာပြောနေလို့လဲ၊ ဟွန်း … မလုံမလဲ ဖြစ်နေတယ်”

“အံမယ် … ကျုပ်က ဘာကိစ္စ မလုံမလဲ ဖြစ်ရမှာလဲ၊ ညည်းတို့က သေသေချာချာ လိုက်ကြည့်ပြီး ပြောနေပြီးတော့”

ငြိမ်းငြိမ်းစန်းက သူမရဲ့ သူငယ်ချင်းနှစ်ယောက်ကို မျက်စောင်းရွယ်ရင်း နှုတ်ခမ်းလေးစူကာ မကျေမနပ် ရေရွတ်သည်။

“ကဲပါ …. ကြည့်ချင်လည်း ကြည့်ပါ၊



မနှောင့်ယှက်တော့ပါဘူး၊ ဟိုမှာလည်း ဒီဘက်ကို ငေးရလွန်းလို့ လည်ပင်းစောင်းတော့မယ်”

အေးနွဲ့စကားကြောင့် အမှတ်မထင်လှမ်းကြည့်မိတော့ ရေစည်ထဲကို ရေဖြည့်နေရင်း သူမကို လှစ်ခနဲ ပြုံးပြလိုက်တဲ့ တောက်တီးနှင့် အကြည့်ချင်း ဆုံသွားရတော့၏။ သူမရင်ထဲမှာ လိပ်ပြာလေးတွေ အမြောက်အမြား ထပျံကုန်သလို သိမ့်သိမ့်ခါသွားသည်။ ထိုစဉ် တောက်တီးအမေ ဒေါ်လှ ရောက်လာပြီး …

“သမီးတို့ ဆန်ရွေးတာပြီးရင် ရေနွေးကြမ်းနဲ့ ပဲခြမ်းသုတ် စားကြဦး”

“ဟုတ်ကဲ့ အရီး”

သူမတို့ဝိုင်းကို ရေနွေးဗန်း လာချပေးရင်း ပြောသွားတဲ့ အရီးလှစကားကြောင့် မိတုတ်တို့တစ်သိုက် တခိခိ ရယ်ကြရင်း …

“ဟော … ကြားတယ်နော် ငြိမ်းငြိမ်း၊ နင့်ယောက္ခမလောင်းကြီးက နင်ရှိတဲ့ဝိုင်းကိုပဲ ဦးစားပေးသွားတာ၊ သူ့စကားထဲမှာ ကြက်သွန်

www.burmeseclassic.com

www.burmeseclassic.com



လိုးနေတဲ့လူတွေ မပါဘူး၊ ဆန်ရွေးပြီးရင်တဲ့၊ ချွေးမလေးကို ...”

“တော်ကြပါတော့ဟာ၊ ကြားသွားဦးမယ်”

ငြိမ်းငြိမ်းစန်းက အသံခပ်အုပ်အုပ်နှင့် သူမ သူငယ်ချင်းများကို သတိပေး၏။

“ကြားတော့ဘာဖြစ်လဲ၊ မသိတာ ကျနေတာပဲ”

သူငယ်ချင်းမတစ်ယောက်က ထပြောပြန်သည်။ ငြိမ်းငြိမ်းစန်း မျက်နှာကို ခပ်တည်တည် လုပ်ရင်း ...

“မိန်းမတွေနော် ... ပြောလေကဲလေ၊ ဣန္ဒြေကို မရှိဘူး”

“ထားပါတော့၊ ကျုပ်တို့က ဣန္ဒြေမရှိဘူး၊ သူကျတော့ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ နိုးကြည့်၊ ဟိုကလည်း ဒီနားမှာ ရေဖြည့်သလိုလို၊ ထင်းခွဲသလိုလိုနဲ့ အယောင်ပြ၊ အကြည့်ချင်းဆုံပြီး အပြုံးချင်း ဖလှယ်နေတာ၊ မဟုတ်ဘူးလား”



အေးနွဲ့၏စကားကြောင့် ငြိမ်းငြိမ်းစန်းမှာ သူနိုး လူမိခံရသည့်နှယ် မျက်နှာလေးမှာ ပန်းသွေးရောင် ဖြာသွားပြီး ရှက်ရှက်နှင့်ပင် ...

“ဟုတ်တယ်...ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ၊ ညည်းတို့မှာ အဲဒီလို အကြည့်ချင်းဆုံဖို့ လူရှိလို့လား”

ရှက်ရမ်းရမ်းကာ ပြောလိုက်သော ငြိမ်းငြိမ်းစန်း စကားကြောင့် အပျိုတစ်သိုက်မှာ ဝါးခနဲအော်ရယ်ကြတော့၏။ သူမတို့အုပ်စု၏ ရယ်သံကြောင့် သံဃာစင်ရှေ့တွင် ထိုင်နေသော သူကြီးကလှမ်းကြည့်လေရာ အားလုံးက်လေးတွေပုပြီး ကိုယ့်အလုပ်ကိုယ် အာရုံစိုက်လိုက်ကြသည်။

သူတို့တစ်ရွာလုံးမှာ ရွာဦးကျောင်းဆရာတော်ပြီးလျှင် အကြောက်ရဆုံးက နှစ်လုံးပြူးကိုင် သူကြီးဖြစ်သည်။

ငြိမ်းငြိမ်းစန်း စိတ်ထဲမှာတော့ သူကြီးထက် ပို၍ကြောက်ဖို့ကောင်းသူက အဖေအရှိန်အဝါဖြင့် ဆိုးချင်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းဆိုး၊ ရမ်းကားချင်တိုင်း ရမ်းကားနေသော သူကြီး သား မှန်ကြီးပင် ဖြစ်၏။ ဒီရွာမှာ သူမ သံယောဇဉ်အရှိ ဆုံးလူဆိုလို့ တောက်တီးတစ်ယောက်သာ ရှိသလို၊ သူမ အရွံမုန်းဆုံးလူမှာလည်း မှန်ကြီးတစ်ဦးသာ ရှိသည်။

သူမကို တွေ့လျှင် အမြဲလို ရိသဲ့သဲ့ လုပ်တတ် သည်။ မှန်ကြီးကို တွေ့လိုက်လျှင် ထန်းရည်အမြဲမူးနေ တတ်၏။ ကြက်တိုက်၊ ဖဲရိုက်နှင့် အလုပ်အကိုင် မယ် မယ်ရရ မရှိ။

တောက်တီးနှင့် တောက်တဲ့မှာ အမေကို လုပ် ကျွေးနေသူများ ဖြစ်သည်။

ဆင်းရဲသော်လည်း လိမ္မာရေးခြားရှိသော ကြောင့် တစ်ရွာလုံးက ချစ်ကြသလို ခင်မင်သူပေါများ သည်။ သူတို့ညီအစ်ကိုကို ကြည့်မရ သူကတော့ မှန်ကြီး ပင် ဖြစ်၏။ ငြိမ်းငြိမ်းစန်း အရေးပေးတာ ခံရသော တောက်တီးကို မှန်ကြီးက လုံးဝ ကြည့်မရ ဖြစ်နေခြင်း ပင်။



ရွာထိပ်က ထနောင်းပင်အောက်မှာ စကားပြော နေကြသော ချစ်သူနှစ်ဦး။ သူတို့နှင့် မလှမ်းမကမ်းမှာ တော့ သူတို့နှစ်ယောက်ကို ချောင်းနေသော ကောင်လေး နှစ်ယောက် ရှိနေ၏။

"အစ်ကို့ကို ပြောစရာရှိတယ်"

"ဘာပြောမှာလဲ၊ ပြောလေ ငြိမ်းရဲ့"

"ငြိမ်းပြောပြီးရင် အစ်ကို စိတ်လည်း မဆိုးရ ဘူး၊ ဘယ်သူနဲ့မှလည်း ရန်မဖြစ်ရဘူးလို့ ကတိပေး"

ငြိမ်းငြိမ်းစန်းရဲ့ မှုန့်နှဲ့နှဲ့ပြောဟန်လေးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



[redacted] ပြုံးနေရာမှ မျက်ခုံးကို ကြုတ်လိုက်ရင်း...

"ဟင် ... ငြိမ်းစကားက ဘယ်လိုကြီးလဲ၊ ငြိမ်းက ဘာပြောလို့ အစ်ကိုက ဘာစိတ်ဆိုးရမှာလဲ"

ဟု မေးလိုက်သည်။ ငြိမ်းငြိမ်းစန်းက ခေါင်းကို သွက်သွက်ခါရမ်းရင်း ...

"ဘာပဲဖြစ်ဖြစ် ရန်မဖြစ်ပါဘူးဆိုတဲ့ ကတိပေး"

"ဟာ ... ငြိမ်းကလည်း အလကားနေရင်း ဘယ်သူက ရန်ဖြစ်မှာလဲ၊ ကိုယ့်ချစ်သူကို လာပြီး ထိကပါး ရိကပါးလုပ်တဲ့လူရှိရင်တော့ ရန်ဖြစ်ရုံတင် မကဘူး ..."

"ကဲ ... ကြည့်ပါလား၊ အဲဒါကြောင့် အစ်ကို့ကို မပြောချင်တာ"

သူမစကားကြောင့် တောက်တီး စိတ်လှုပ်ရှားစိုးရိမ်သွားပြီး ...

"အဲဒါဆို ငြိမ်းက မပြောတော့ဘူးပေါ့၊ ကဲပါ



ကွာ၊ အစ်ကို ကတိပေးတယ်၊ ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး၊ အဲ ... ဒါပေမဲ့ ငြိမ်းကို နှောင့်ယှက်တဲ့လူဆိုရင်တော့ အာမ မခံဘူးနော်"

"ကြည့်ပါလား၊ အဲဒီလိုဆို ငြိမ်း ဘာမှ မပြောတော့ဘူး၊ ပြန်တော့မယ်"

ငြိမ်းငြိမ်းစန်းက တကယ်ပင် သူ့ရှေ့မှ လှည့်ထွက်မည့်ဟန် ပြင်လိုက်သဖြင့် သူမ ပခုံးလေးကို ကပျာကယာ လှမ်းဆွဲထားလိုက်သည်။ ချာခနဲ ပြန်လှည့်လာသော သူမကိုယ်လေးက တောက်တီးရင်ခွင်ထဲ ရောက်သွားရသည်။

မလှမ်းမကမ်း မန်ကျည်းပင်အောက ကောင်လေးနှစ်ယောက်မှာတော့ သူတို့နှစ်ဦးကို လှမ်းချောင်းရင်း မရိုးမရွ ဖြစ်နေ၏။

"ဖယ်ပါ ... ပြန်တော့မယ်"

"နေပါဦးကွာ၊ ခုနကတော့ ပြောစရာရှိတယ်ဆို"

"အဲဒါ နောက်မှပြောမယ်၊ လွှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းစန်း တောက်တီးရင်ခွင်ထဲမှ မရမက ရုန်းထွက်သည်။ တောက်တီးကလည်း ဖွတ်အတင်းပင် ဖက်ထား၏။

မန်ကျည်းပင်အကွယ်မှ နှစ်ယောက်ကလည်း ကုန်းကုန်းကွကွနှင့် ချောင်းနေကြသည်။ ထိုစဉ် ရွာဘက်ဆီမှ လျှောက်လာသော လူတစ်ယောက်ကို သူတို့ မမြင်ကြချေ။ ထိုလူမှာ အခြားလူ မဟုတ်၊ ငြိမ်းငြိမ်းစန်း အစ်ကို ဘဂျမ်းပင်ဖြစ်သည်။

ဘဂျမ်း လမ်းလျှောက်လာရင်း အမှတ်မထင် လှမ်းကြည့်လိုက်ရာ မန်ကျည်းပင်အကွယ်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေသောနှစ်ယောက်ကို သွားတွေ့သည်။ ဘာပါလိမ့်ဟူသော သိချင်စိတ်ဖြင့် သူတို့နှစ်ယောက်ရှိရာသို့ ခပ်သွက်သွက်လေး လှမ်းသွားမိသည်။

သူ အနားရောက်သွားတဲ့အထိ သူတို့ သတိပြုမိဟန် မတူ။ တောက်တဲ့နှင့် ဖိုးချွန်ပင် ဖြစ်၏။

"ဟေ့ကောင်တွေ၊ ဘာတွေ တွေ့နေလို့တုန်း"

သူ့အမေးကို တစ်ယောက်မှ လှည့်မဖြေ။



ရှေ့သို့သာ သဲကြီးမဲကြီး ငေးနေကြ၏။

"ဟေ့ကောင်တွေ၊ ဘာမို့လို့ ဒီလောက် အာရုံစိုက်နေရတာလဲ"

သူ့အား အသာနေစမ်းပါဟူသောသဘောနှင့် တစ်ယောက်က လက်ကာပြသည်။

"ဟာ … ဒီကောင်တွေတော့ ဘယ်မှာတုန်း၊ မင်းတို့ဘာကို ကြည့်နေတာလဲ"

သူ့စကားကို တစ်ယောက်မှ ပြန်မပြောပေ။ သူ စိတ်မရှည်ချင်တော့။

"ဘယ်မှာတုန်းဟ၊ ငါလည်း ကြည့်စမ်းပါရစေ"

ဟု ခပ်ကျယ်ကျယ်ပြောလိုက်မှ ရှေ့မလှမ်းမကမ်းမှ ထနောင်းပင်ဆီသို့ လက်ညှိုးထိုးပြသည်။ သူတို့ညွှန်ပြရာသို့ ဘဂျမ်း လှမ်းကြည့်လိုက်၏။ ချိန်းတွေ့နေကြသည့် စုံတွဲတစ်တွဲပင်။ တစ်ယောက်နှင့်တစ်ယောက် လွတ်ထွက်သွားမည့်အလား တင်းတင်းကျပ်ကျပ် ဖက်လို့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေပါလိမ့်ဟူသော သိချင်စိတ်နှင့် အသေအချာကြည့်မိတော့ ...

"ဟိုက် ..."

သူညီမ ငြိမ်းငြိမ်းစန်းပါလား။ သူမျက်နှာ နွေးခနဲ ဖြစ်သွားသည်။

"ဟော့ကောင်တွေ ..."

သူ အသံကို ခပ်အုပ်အုပ်ထိန်းရင်း တောက်တဲ့ နှင့် ဖိုးချွန်အနားသို့ ကပ်အော်လိုက်သည်။

တောက်တဲ့က ...

"ရှူးတိုးတိုး ..."

ဟု ပြောပြီး ဆက်ကြည့်သည်။

သူ သည်းမခံနိုင်တော့ ..

"ဟော့ကောင် နှစ်ကောင် ... ဒီဘက်လှည့် စမ်း"

ပြောပြောဆိုဆို သူတို့နှစ်ကောင်၏ နားရွက်များ ကို ဆွဲကာ သူ့ဘက်သို့ လှည့်စေလိုက်သည်။

"ကွာ ... ကောင်းခန်းရောက်၊ ဟာ ...



ကို ... ကို ... ကိုဘဂျမ်းကြီး"

သူတို့နှစ်ယောက်စကားမဆုံးခင် နားရွက်ကို တစ်ဖက်စီဆွဲကာ ခေါ်လာခဲ့သည်။

ခပ်လှမ်းလှမ်းနေရာရောက်မှ သူ လွှတ်ပေး လိုက်၏။

တောက်တဲ့က နားရွက်ကို လက်ဖြင့် ပွတ်ရင်း နာကျင်သောကြောင့် မဲ့ရွဲ့တွန့်လိမ်နေသော မျက်နှာကို ထန်လုပ်ပြုံးကာ ...

"ကို ... ကိုဘဂျမ်း ဘယ်က လှည့်လာတာ လဲဟင်"

တောက်တဲ့၏ စပ်ဖြဲဖြဲမျက်နှာကို ကြည့်ပြီး...

"ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး"

ဟု ခပ်ဆတ်ဆတ် ပြန်အော်ပစ်လိုက်၏။ အလိုက်ကန်းဆိုးမသိသော ဖိုးချွန်က ...

"ဒါ ... ဒါဆို ကိုဘဂျမ်းလည်း တမင် လာချောင်းတာပေါ့နော်"

"အေး ..."

www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ"

"ဘာကွ"

ဘဂျမ်း ဒေါသထွက်ပြီး အသံနက်ကြီးဖြင့် ကျုံးအော်လိုက်သည်။

"မ ... မဟုတ်ပါဘူး ကိုဘဂျမ်းရယ်၊ ကျွန်တော်ပြောတာ ကိုဘဂျမ်း ညီ ... ညီမနဲ့ တောက်တီးနဲ့ ချိန်းတွေ့တာ သတင်းကြားလို့၊ အဲဒါလေ ... ဟိုဟာ ..."

"တော်စမ်းကွာ၊ ဘာတွေမှန်းကို မသိဘူး၊ ဒေါသဖြစ်ရတဲ့ကြားထဲ"

ဘဂျမ်းစကားကြောင့် တောက်တဲ့ရော၊ ဖိုးချွန်ပါ တစ်ယောက်မျက်နှာတစ်ယောက် မျက်နှာငယ်လေးတွေဖြင့် လှမ်းကြည့်လိုက်ကြသည်။

"ကိုဘဂျမ်းက ဘာကို ဒေါသဖြစ်နေတာလဲ ဟင်"

"ဘာကို ဒေါသဖြစ်ရမှာလဲ၊ ဟင်း ... ငါ မပြောလိုက်ချင်ဘူး"



"ဒါ ... ဒါဆိုရင် တောက်တီးနဲ့ ငြိမ်းငြိမ်းကို သဘောမတူဘူးပေါ့နော်"

ဘဂျမ်းမှာ မျက်နှာကြီး နီမြန်းလျက် ...

"ဟောကောင်တွေ၊ ငါ့ကို ဘာမှလာမမေးနဲ့"

"အဲဒါဆို သဘောတူတယ်ပေါ့နော်"

"အေး ... ဟာ ဒီကောင်တော့ သေတော့မှာပဲ"

ဘဂျမ်းက ပြောရင်း သူတို့နှစ်ယောက်ကို ယက်သီးနှင့်ရွယ်လိုက်သဖြင့် နှစ်ယောက်လုံး ထွက်ပြေးကြတော့သည်။

ဘဂျမ်းစိတ်ထဲတွင် အမှန်တကယ်ပင် တောက်တီးနှင့် ညီမဖြစ်သူကို ကြိုက်ပြီး သဘောတူနေသည်။ တောက်တဲ့နှင့် ဖိုးချွန် ချောင်းကြည့်နေသောကြောင့်သာ ရှက်မိခြင်းဖြစ်၏။

တောက်တီးနှင့် သူက သူငယ်ချင်းတွေဖြစ်သလို ညီအစ်ကိုရင်းချာလို ခင်မင်ပြီးသား ဖြစ်သည်။

သူတို့ညီအစ်ကိုနှစ်ယောက် ရွာထဲက ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ နေလုံးပင် ကွယ်လုလု ဖြစ်နေပြီ။ ရွာနဲ့ တစ်ခေါ်စာလောက်ဝေးတဲ့ သူတို့တဲလေးကို ရွာကနေ ခဏာလမ်းလျှောက်လိုက်တာနဲ့ ရောက်နိုင်သည်။

ဒါပေမဲ့ သူတို့နှစ်ယောက် စကားတွေပြောရင်း ဖြည်းဖြည်း လျှောက်လာကြရာမို့ တော်တော်နှင့် မရောက်နိုင်။

"ဟေ့ကောင် ... စကားများမနေနဲ့၊ မိုးလင်းကတည်းက ငါတို့နှစ်ယောက် အိမ်က ထွက်လာတာ အခု နေဝင်နေပြီ၊ အမေ ဆူလိမ့်မယ်"

တောက်တီးက ရှေ့မှပြောပြီး ခပ်သုတ်သုတ် သွားသည်။ တောက်တဲ့က ရယ်ရင်း ...

"ဟား ဟား ... ရည်းစားနဲ့ ချိန်းတွေ့တုန်းကတော့ အမေဆူမှာ မကြောက်ဘူး၊ အခုမှ" ပြောပြီး နောက်မှ ပြေးလိုက်လာ၏။ တောက်တီးက ညီဖြစ်သူစကားကို သဘောကျစွာ လိုက်ရယ်ရင်း ရှေ့မှ ခပ်သွက်သွက် ပြေးသည်။



ခြံရှေ့အရောက်တွင် ရယ်နေသော တောက်တီးမျက်နှာ ရုတ်ချည်း ပျက်ယွင်းသွား၏။

"အစ်ကို ... ဘာဖြစ်လို့လဲ"

"မသိဘူးကွ၊ အမေ မျက်နှာမကောင်းဘူး"

"ငါတို့ အိမ်ပြန်နောက်ကျလို့ ထင်တယ်"

သူတို့နှစ်ယောက် ကိုယ်ထင်ရာ ကိုယ်ပြောရင်း အိမ်ခြံဝင်းထဲသို့ ဝင်လာကြသည်။

"အမေ ... ဘာဖြစ်လို့လဲဟင်"

တောက်တီးက အမေ့ဘေး ကွပ်ပျစ်မှာ ဝင်ထိုင်ရင်း မေးလိုက်၏။

"ဟာ ... အိမ်ပေါ်မှာလည်း ရှုပ်ပွနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ"

တောက်တဲ့က သောက်ရေအိုးစင် ရေခွက်ကို အမောတကော ချရင်း အိမ်ပေါ်သို့ ဝုန်းခနဲ ခုန်တက်ကာ အိမ်ထဲသို့ လှည့်ပတ်ကြည့်ပြီး ပြောလိုက်ခြင်းပင်။

အိမ်ပေါ်မှ ပြန်ဆင်းလာတဲ့ ညီဖြစ်သူကို မော့ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်မှာ ဘာတွေ ရှုပ်ပွနေလို့လဲ"

"မသိဘူး ... အမေ အဲဒါတွေက ဘယ်
ဖြစ်တာလဲ"

တဲသာသာ အိမ်ငယ်လေးထဲတွင် ပစ္စည်း
က မြင်မကောင်းအောင် ပြန့်ကျဲနေသည်။ ဒေါ်လှ
ခေါင်းကို ခါယမ်းလိုက်ရင်း ...

"အမေလည်း မသိပါဘူး သားရယ်၊ အ
ရွာထဲက ပြန်ရောက်ကတည်းက အဲဒီလို
နေတာ တွေ့ရတာပဲ"

မိခင်ဖြစ်သူစကားကြောင့် သူတို့နှစ်ယော
လုံး စဉ်းစားရခက်သွားသည်။

"အမေ ... ပစ္စည်းတွေရော ပျောက်
လား"

"ဟင့်အင်း ... ဘာမှမပျောက်ဘူး"

အိမ်မှာကလည်း သူခိုး ခိုးရလောက်အေ
တန်ဖိုးကြီးတာ ဘာမှမရှိချေ။ အမြဲတမ်း အိမ်ကို
အတိုင်း ထားခဲ့နေကျဖြစ်သည်။



ယခုလည်း ဘာပစ္စည်းမှ ပျောက်တာ ရှိတာ
မရှိ။ သို့သော် တစ်အိမ်လုံးကတော့ ရစရာမရှိအောင်
ပြန့်ကျဲရှုပ်ပွနေသည်။

"တောက် ... ဒါ ဘယ်သူ့လက်ချက်လဲ
မသိဘူး"

"မိလို့ကတော့ ဓားစာပဲ"

ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်မျိုး
ကြိမ်းဝါးရင်း တောက်တစ်ခေါက်ခေါက်နှင့် ဒေါသ
ထွက်နေကြသည်။ သူတို့အမေ ဒေါ်လှကတော့ တစ်စုံ
တစ်ခုကို တွေးဟန်ဖြင့် အဝေးသို့သာ ငေးမောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



“တောက်တီးရေ … တောက်တီး”

အိမ်ရှေ့မှ ခေါ်သံကြောင့် တောက်တဲ့ အိမ်ထဲမှ ထွက်လာခဲ့သည်။ အိမ်ရှေ့တွင် ရွာထဲမှ ကိုဖိုးမောင် ကို တွေ့လိုက်ရ၏။

“ဩော် … တောက်တဲ့၊ မင်းအစ်ကို တ ယောက် ဘယ်သွားလဲ”

“အစ်ကို မနက်စောစောကပဲ တောထဲ ထ သွားခုတ်တယ်၊ ဘာကိစ္စရှိလို့လဲ အစ်ကို မောင်”

“ဘာကိစ္စလဲဆိုတာတော့ ငါမသိဘူး၊ ရွာ

ဘကြီးလှဖေ မှာလိုက်လို့၊ မင်းတို့ညီအစ်ကို ရွာကိုရောက်ရင် သူ့ဆီ လာကြဦးတဲ့၊ ငါက ဟိုဘက်ရွာသွားမလို့ အဲဒါဝင်ပြောတာ”

“ဟုတ်ကဲ့၊ အစ်ကိုရောက်တာနဲ့ ကျွန်တော်တို့ သွားလိုက်ပါ့မယ်”

“အေး … အေး၊ အစ်ကိုလှရော မမြင်ပါလား”

“အမေ … တဲနောက်မှာ စိုက်ခင်းထဲ ရောက်နေတယ်”

“ကဲ … ငါလည်း သွားမယ်၊ နေတောင် အတော်မြင့်ပြီ”

ကိုဖိုးမောင်က သူ့အား နှုတ်ဆက်ပြီး ထွက်သွားတော့၏။ ဘကြီးလှဖေက သူတို့ညီအစ်ကိုအား မှာလိုက်သည်ဆိုသောကြောင့် သူ အံ့သြနေသည်။ နိုင်း ရောရှိလို့ မှာတာတော့ မဖြစ်နိုင်။ သူ့အိမ်မှာ သူရင်းငှား တွေချည်းပဲ သုံးယောက်ရှိသည်။ အကြောင်းထွေထွေ ထူးထူးများ ရှိလို့လားဟု တွေးနေမိ၏။

အမေ့ကို ပြောပြရန် သူ စိတ်ကူးပြီးမှ စိတ်ပို

www.burmeseclassic.com

www.burmeseclassic.com



နေမှာစိုးသောကြောင့် မပြောဖြစ်တော့ပေ။

သူ စဉ်းစားနေဆဲမှာပင် ထင်းစည်းကြီး ထမ်းဝင်လာသော တောက်တီးကို တွေ့ရတော့၏။

"ဟာ … အစ်ကို အတော်ပဲ၊ ပြောစရာ ရှိတယ်၊ မြန်မြန်လာ"

တောက်တဲ့က အစ်ကိုဖြစ်သူကို အလျင်အမြန် လှမ်းခေါ်လိုက်၏။ တောက်တဲ့က ထင်းစည်းကြီးကို ဘုန်းခနဲ ပစ်ချရင်း …

"ဟူး … မောရတဲ့အထဲ ဘာပြောမလို့တုန်း"

ဟု မေး၏။

"ရွာထဲက မှာလိုက်တယ်"

"အဲဒါ ဘာဆန်းလဲ၊ ငါ မရှိတာ မင်း သွားလိုက်ပေါ့"

တောက်တဲ့ စကားမဆုံးခင် တောက်တီးက ဝင်ပြောလိုက်ပြီး ရေခပ်သောက်နေသည်။

"ရွာထဲက ဘယ်သူမှာတယ်ထင်လို့လဲ"

တောက်တဲ့က အမြင်ကပ်ကပ်နှင့် ပြောလိုက်



…ကို တောက်တီး ဘယ်လိုအတွေးပေါက်သွားသည် …၊ ရေကို ကမန်းကတမ်း သောက်ချရင်း …

"ဘယ်သူမှာတာလဲ ငြိမ်းငြိမ်းလား"

ဟု အမောတကော မေးလေသည်။ တောက် …သူ့အစ်ကို ပျာယာခတ်သွားပုံကို ကြည့်ပြီး ရယ် …ချင်သော်လည်း မရယ်ဘဲ …

"ဘကြီးလုဖေ မှာတာ"

ဟု သံပြတ်နှင့် ဖြေလိုက်သောအခါ တောက် …အစ်ယောက် မျက်နှာပျက်သွားပြီး ကွပ်ပျစ်ပေါ်သို့ …သည်းညည်းစွာ ထိုင်ချလိုက်တော့သည်။

"ဘာလုပ်မလို့ မှာတာလဲ"

"မသိဘူး"

"ငါ ထင်းသွားခုတ်နေတာ စောင့်နေရလား၊ မင်း သွားလိုက်ပါလား"

"နှစ်ယောက်လုံးကို မှာတာကွ၊ ပြီးတော့ ရွာထဲဆို မင်းက သိပ်သွားချင်နေတာဆိုတော့ မင်းကို စောင့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

တောက်တဲ့စကားကြောင့် တောက်တီး ပြုံးလိုက်ပြီး ...

"ဒါဆိုလည်း ပြီးတာပဲ၊ ကဲ...အခုသွားမယ်"

ထိုစဉ် သူတို့အမေ တဲအောက်မှ ထွက်လာပြီး...

"ဟဲ့ ... ကလေးတွေ၊ ဘယ်သွားမလို့တုန်း၊ အခုပဲ တောထဲက ပြန်ရောက်တယ်"

"ရွာထဲသွားမလို့ အမေရေ"

ဟု ပြောပြီး သူတို့နှစ်ယောက် ခြံထဲမှ ပြေးထွက်ခဲ့သည်။

"ဒီကလေးတွေ ထမင်းလည်း မစားရသေးဘဲ"

ဟု တီးတိုးရေရွတ်ရင်း ဒေါ်လှတစ်ယောက်တည်း ကျန်ခဲ့လေ၏။ သူတို့နှစ်ယောက်ကတော့ ရွာသို့သာ ခပ်သုတ်သုတ် သွားနေကြသည်။

"ဘကြီး ကျွန်တော်တို့ကို မှာလိုက်တယ်ဆို"

"ဟုတ်တယ်ကွ ... ခုတစ်လော ရွာပြင်မှာ ကျားဟိန်းသံတွေ ကြားနေရလို့"

"ခင်ဗျာ"

ဘကြီးလှဖေရဲ့ စကားအဆုံးမှာ သူတို့ ညီအစ်ကိုနှစ်ယောက်လုံး အံ့သြစွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိ၏။

"အဲဒါ မင်းတို့အတွက် အန္တရာယ်ရှိတယ်၊ ရွာပြင်တောစပ်က အိမ်မှာ မနေသင့်ဘူး၊ တောကောင်တွေ အချိန်မရွေး ရောက်လာနိုင်တယ်၊ အဲဒီတော့ မင်းတို့သားအမိတစ်တွေ ရွာထဲကို ပြောင်းနေဖို့ ခေါ်ပြောတာ"

"အဲဒါတော့ မဖြစ်ဘူးထင်တယ် ဘကြီး၊ ကျွန်တော်တို့က အဲဒီအိမ်လေးမှာပဲ နေသားကျနေပြီ"

တောက်တဲ့က သူ့ဆန္ဒကို ခပ်လောလော ဝင်ပြောလိုက်၏။ တောက်တီးကလည်း ...

"ဟုတ်တယ် ဘကြီး၊ ဘကြီး စေတနာနဲ့ သတိပေးတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ အဖေ ဆောက်ခဲ့တဲ့ အိမ်လေးမို့လို့ ကျွန်တော်တို့ အဲဒီမှာပဲ နေချင်

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အမေကလည်း အဖေခေါင်းချသွားတဲ့ အဲဒီအိမ်လေးမှာပဲ အမြဲနေတော့မယ်လို့ ခဏ ခဏ ပြောဖူးပါတယ်''

တောက်တီးစကားဆုံးတော့ ဘကြီးလှဖေက ခေါင်းတဆတ်ဆတ် ညိတ်ပြီး သက်ပြင်းချကာ …

''ဘာပဲဖြစ်ဖြစ် သတိ ဝီရိယနဲ့တော့ နေကြ ကွာ''

ဟုသာ ပြောပြီး သူ့ရဲ့ဆေးတံကြီးကို မီးညှိကာ ရှိုက်ဖွာနေ၏။ သူတို့ညီအစ်ကိုနှစ်ယောက်ကတော့ ဘကြီးလှဖေကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။ စိတ်ထဲမှာလည်း လေးလေးလံလံနှင့်၊ အတွေးကိုယ်စီ တွေးပြီး လာခဲ့ကြသည်မို့ လမ်းတစ်လျှောက်လုံး စကားမပြောဖြစ်ကြချေ။

သူတို့အိမ်ပတ်ဝန်းကျင်မှာ ကျားဟိန်းသံတွေ ကြားနေရသည်တဲ့။ မည်သို့ပင်ဖြစ်စေ အဖေရှိစဉ် ကတည်းက အတူတူ နေထိုင်ခဲ့ကြသော အိမ်ကလေးကို ပစ်ခွာ၍ ဘယ်မှမသွားလိုကြချေ။



သူတို့ညီအစ်ကိုနှစ်ယောက် ရွာထဲမှာ လုပ်စရာ ဆည့်ကိစ္စများကို လုပ်ပေးပြီး ထန်းတောထဲမှ ဖြတ်ကာ လာခဲ့၏။

ထန်းရည်ဆိုင်တွင် သူကြီးသား မှုန်ကြီးတို့ အုပ်စုကို တွေ့လိုက်ရသောကြောင့် တောက်တီးမျက်နှာ တင်းခဲ့ဖြစ်သွားသည်။ သူ့မျက်နှာ ပျက်သွားသည် ကို ရိပ်မိသော တောက်တဲ့က …

''အစ်ကို … မြန်မြန်လာ၊ ညနေစောင်းနေပြီ၊ အမေတစ်ယောက်တည်း ငါတို့ကို မျှော်နေလိမ့် မယ်''

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"

ဟု ပြောပြီး တောက်တီး ခပ်သွက်သွက် လျှောက်လာ၏။ ထိုစဉ် မှုန်ကြီးတို့ ထန်းရည်ဝိုင်းမှ...

"ဟော့ကောင်တွေ ... ဒါ ဘယ်အချိန်လဲ"

ဟု မေးလိုက်၏။ ထိုအခါ မှုန်ကြီး၏ သူငယ်ချင်း ကြွက်နီဆိုသူက ...

"ညနေလေကွာ"

ဟု ဖြေရာ မှုန်ကြီးက ....

"ထွီ...ဘယ်ကလာ ညနေလဲ၊ ဒါ ညနေစောင်း နွားရိုင်းသွင်းချိန်ကွ"

"အဲဒီတော့ ဘာဖြစ်သလဲ အာစရိရဲ့"

တစ်ယောက်သော အမူးသမားက အာလေးလျှာလေးဖြင့် မေးလိုက်ရာ မှုန်ကြီးက တောက်တီးတို့ဖက်သို့ ခပ်စောင်းစောင်း လှမ်းကြည့်ပြီး ...

"ဘာဖြစ်ရမှာလဲ... အေ့ ... နွားရိုင်းသွင်းချိန်ဆိုတော့ အပုပ်ချိန်ပေါ့ကွာ၊ အဲဒီလိုအချိန်မှာ မကောင်းဆိုးရွားတွေ သွားလာတတ်တယ်ကွ"



"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟား ဟား ဟား ဟား"

မှုန်ကြီး၏ အမြီးအမောက်မတည့်သော စကားအဆုံးတွင် သူ့တပည့်များ၏ ရယ်သံများက ထွက်ပေါ်လာ၏။ သခင်အားရ ကျွန်ပါးဝလုပ်ကာ မြှောက်ထိုးပင့်ကော်လုပ်ပေးနေသော ထန်းရည်သမားအုပ်စု၏ ရန်လိုသောအကြည့်ကသူတို့နှစ်ယောက်ထံသို့စည့်မတ်စွာ။

"တောက်"

တောက်တီးရဲ့ တက်ခေါက်သံအဆုံးတွင် တောက်တဲ့က အစ်ကိုဖြစ်သူ၏ လက်တစ်ဖက်ကို ခပ်တင်းတင်းဆွဲကာ ပြန်မပြောရန် သတိပေးလိုက်သည်။

"မကောင်းဆိုးရွားကောင်တွေဆိုတာ ရွာပြင်မှာပဲ နေတာပါကွာ၊ အဲဒီတော့ ..."

ကြွက်နီစကားမဆုံးခင် တောက်တီးက သူ့လက်ကို ဆွဲထားသည့် တောက်တဲ့လက်ကို ဆွဲဖယ်ကာ မှုန်ကြီးတို့ အုပ်စုရှေ့သို့ ရောက်သွားသည်။

"ဟော့ကောင်တွေ... မင်းတို့ဘာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တောက်တီး၏ ဒေါသစကားအဆုံးတွင် မှန်ကြီးတို့အုပ်စု ခဏတိတ်ဆိတ်သွားပြီး မထီတရီပုံစံမျိုးနှင့် ပြန်ကြည့်နေလေ၏။

အတန်ကြာမှ မှန်ကြီးက…

"ဟေ့ကောင် … မင်းကို ဘာပြောနေလို့လဲ၊ မင်းတို့လို သူများခိုင်းဖက် မုဆိုးမသားကို ငါတို့က အဖက်လုပ်ပြီး ပြောစရာလား၊ ဟား ဟား ဟား ဟား"

မှန်ကြီး၏ မိုက်ရိုင်းရှင့်သီးသော စကားအဆုံးတွင် သူတို့အုပ်စု၏ လှောင်ပြောင်ရယ်မောသံများက ဆက်တိုက် ထွက်ပေါ်လာလေသည်။

"တောက် … သူကြီးသားဆိုပြီး လူပါးဝချင်တဲ့ကောင်၊ လာပါ အစ်ကိုရာ၊ ဒီငမူးကောင်တွေနဲ့ တုပြီး မဖြစ်စမ်းပါနဲ့"

တောက်တဲ့၏ စကားအဆုံးတွင် မှန်ကြီး တစ်ယောက် ဒေါသဖြစ်သွားကာ …

"လူပါးဝတော့ ဘာဖြစ်လဲကွ၊ မင်းအစ်ကိုရဲ့ အနူလက်နဲ့ ရွှေခွက်နိုက်၊ ရှာရဲ့ ကွမ်းတောင်ကိုင်ကို အပိုင်ကြံ …"

"ကဲ … လူပါးဝဦးကွာ"

"ခွပ် … ခွပ်"

ပြောပြောဆိုဆို တောက်တီး၏ လက်သီးက မှန်ကြီး၏ မျက်နှာဆီသို့ ဆင့်ကာဆင့်ကာ ကျရောက်သွားတော့သည်။

မှန်ကြီးကတော့ ထန်းရည်မူးနေသည့်အရှိန်ကြောင့် မခုခံနိုင်ဘဲရှိလေရာ ကြာလျှင် လက်လွန်တော့မည်ဖြစ်သည့်အတွက် ထန်းရည်ဆိုင်မှ ကိုသံချောင်းက …

"တော် … တော်ကြပါတော့ကွာ၊ တောက်တီး ငါ့ညီကို အစ်ကိုတောင်းပန်ပါတယ်၊ ကဲ တောက်တဲ့ မင်းအစ်ကိုကို ခေါ်သွား"

"လာပါ အစ်ကိုရာ၊ သွားမယ်"

ဒေါသကြောင့် တောက်တီးမျက်နှာမှာ နီမြန်းနေရသလို မှန်ကြီးမှာလည်း လက်သီးဒဏ်ကြောင့် နီရဲရဲ ရောင်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မုဆိုးမသား၊ မင်း ငါ့အကြောင်း ကောင်းကောင်းသိမယ်"

တောက်တဲ့က သူ့အစ်ကိုကို အတင်းဆွဲခေါ်လာတော့၏။ မှန်ကြီး၏ ကြိမ်းဝါးသံက နောက်တွင် ကပ်ပါလာသည်။ မှန်ကြီးနှင့် သူ့အပေါင်းအသင်းများမှာ သူကြီးအရှိန်နှင့် လေကျယ်နေသူများဖြစ်ပြီး တကယ်တမ်းတွင် အစွမ်းရှိသူများ မဟုတ်။ မှန်ကြီးသည် ငြိမ်းငြိမ်းစန်းကိစ္စနှင့် ပတ်သက်ပြီး တောက်တီး အပေါ်တွင် အငြိုးထား ရန်စခြင်းဖြစ်၏။

မှန်ကြီးကို လက်သံပြောင်ပြောင် ဆော်ခဲ့ခြင်းအတွက် တောက်တဲ့မှာ စိတ်ထဲမှ ကြိတ်၍ ဝမ်းသာနေမိသည်။

✸



"အစ်ကို့ကို မှန်ကြီးတော့ အငြိုးထားမှာ သေချာတယ်"

တောက်တဲ့စကားကြောင့် တောက်တီးက ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး ...

"အလကားကောင်တွေ၊ ငြိမ်းငြိမ်းနဲ့ ပတ်သက်ပြီး ငါ့ကို ရန်စတာ"

"ဘာပဲဖြစ်ဖြစ် မှန်ကြီးကို အစ်ကို ဆုံးမခဲ့တာ ကျွန်တော်တော့ ဝမ်းသာတယ်"

တောက်တီးက ညီဖြစ်သူကို မျက်မှောင်တွန့် ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ဝမ်းသာနေတယ်၊ သူ့အမေ ...
တုံးကိုတော့ သတိမရဘူး"

ဟု ပြောလိုက်မှ တောက်တဲ့ မျက်နှာပိုး ...
သွားတော့၏။ ထိုစဉ် ရွာမှအထွက် သူတို့အိမ်သို့ လှ...
ကြည့်လိုက်ရာ ...

"ဟာ ... အစ်ကို၊ ငါတို့အိမ်ဘက်က မီး...
တွေ ထွက်နေပါလား"

တောက်တဲ့ ညွှန်ပြရာသို့ ကြည့်လိုက်ရာ ...
ဖက်မှ မီးခိုးငွေ့များ တလူလူ လိမ့်တက်လာသည်...
မြင်လိုက်ရတော့သည်။

နေဝင်ပြီမို့ ဘယ်အိမ်က ထွက်နေမှန်း မ...
သော်လည်း အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့သ...
အမေ့ကို စိတ်ပူသွားကြ၏။

"လာ ... မြန်မြန်ပြေးမယ်၊ ဘယ်အိမ် ...
လောင်ပြီလဲ မသိဘူး"

ပြောပြောဆိုဆို ညီအစ်ကိုနှစ်ယောက်အိမ်...
...ပြေးခဲ့ကြလေတော့သည်။ အိမ်သို့ရောက်သောအခါ ...



...မှာ မြင်ကွင်းက ဆိုးကြီးနေ၏။

"အမေ ... အမေ"

သူတို့တစ်အိမ်လုံး မီးလောင်ပြာကျနေပေပြီ။
...မေ့ကိုကား မတွေ့ရချေ။ အမေ့ကို တကြော်ကြော်
...ရင်း သွေးရူးသွေးတန်းနှင့် မီးလောင်နေသော အိမ်
...သို့ ပြေးတက်သွားသော တောက်တဲ့ကို သူ အတင်း
...ထားလိုက်သည်။

"အစ်ကို ... အမေ ... အမေ့ကို မတွေ့ရ
တော့ဘူးဗျ၊ အမေ ဘယ်ရောက်သွားလဲ"

ညီအစ်ကိုနှစ်ယောက် မီးလောင်နေသော အိမ်
... တစ်ပတ်ပတ်ပြီး ရှာကြည့်သော်လည်း မတွေ့ရချေ။
...တော့ပြီမို့ နှစ်ယောက်လုံး မီးတောက်တွေကြားထဲ
... ပြေးဝင်ခဲ့တော့သည်။ တွေ့ပါပြီ။ မီးကျွမ်းနေသော
...အလောင်းကို တွေ့လိုက်ရသည်။

"အမေ"

တောက်တဲ့ အသံနက်ကြီးနှင့် အော်ပြီး အတင်း
...ဝင်သွားသောကြောင့် တောက်တီး နောက်မှ ဆွဲထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးနောက် ပူပြင်းလှသည့် မီးတောက်
ကြားထဲမှ ညီဖြစ်သူကို ဆွဲထုတ်ကာ ပြန်ထွက်ခဲ့သ
သူတို့နှစ်ဦးလုံး၏နှုတ်မှ အမေလို့ တမ်းတမ်းတတ
ခေါ်ရင်း မျက်ရည်များ စီးကျလာတော့၏။ တော
မှာ ညီဖြစ်သူကို ချော့မော့ဖျောင်းဖျနေရသော်
ရင်ထဲမှ မချိတင်ကဲ ကြုံးဝါးရေရွတ်သံက ...



"တောက်"

ကျယ်လောင်သော တက်ခေါက်သံကြောင့်
မ်းပင် လန့်သွား၏။ တောက်တီး၏ မျက်နှာမှာ
သကြောင့် တင်းမာခက်ထန်နေပြီး တောက်တဲ့မှာ
ကို တင်းတင်းကြိတ်ထားသည့်ကြားမှ မျက်ရည်များ
သွင်သွင် စီးကျလာသည်ကို မြင်ရသောအခါ ဘကျမ်း
စိတ်မသက်မသာနှင့် သက်ပြင်းချကာ ...

"ပြီးခဲ့တာတွေ ပြီးပြီပဲကွာ၊ စိတ်ကို လျှော့ပြီး
တရားနဲ့ဖြေပေါ့"

"မလျှော့နိုင်ဘူးဗျ၊ မလျှော့နိုင်ဘူး၊ အမေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လုံး မီးထဲပါသွားတာ၊ ကျွန်တော်

တို့ နှစ်ယောက်လုံးလည်း နေစရာ အိမ်မရှိ”

တောက်တဲ့၏ စကားအဆုံးတွင် ဘဂျမ်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ...

“ဒီလိုမပြောပါနဲ့ကွာ၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်အတွက် နေစရာအိမ် မရှားပါဘူး၊ အ...

ငါ့အိမ်မှာ နေရတာ အဆင်မပြေလို့လား”

ဘဂျမ်းစကားကြောင့် တောက်တီး အားနာသွားရပြီး သူတို့ဘေးနားမှာ ကျုံ့ကျုံ့လေး ထိုင်နေသည့် ငြိမ်းငြိမ်းစန်းကို လှည့်ကြည့်လိုက်၏။ သူ့နှုတ်က ဖွင့်မပြောပေမယ့် ဘဂျမ်းက အားလုံးကို နားလည်သဘောပေါက်သွားဟန်ဖြင့် ...

“အိမ်နောက်မှာ အဖီလေးဆွယ်ပြီး နေပေါ့ကွာ၊ ဘာမှ အားမနာနဲ့၊ မိသားစုလိုပဲ သဘောထားပြီး နေ”

ဘဂျမ်းစကားအဆုံးမှာ တောက်တီးနှင့် ငြိမ်းငြိမ်းစန်းတို့ အကြည့်ချင်း ဆုံသွားရသည်။



တောက်တီး ရှက်ရွံ့အားနာစွာ ခေါင်းငုံ့သွား...ည်ကို မြင်သော ဘဂျမ်းက ....

“ဟဲ့ ... ညီမလေး ဘာလုပ်နေတာလဲ၊ သွား ညနေစာအတွက် သွားချက်တော့”

ဟု ဆိုလိုက်လေ၏။ ငြိမ်းငြိမ်းစန်းက ဘဂျမ်း...မျက်စောင်းလေး တစ်ချက်ထိုးရင်း အနီးမှ ထသွား...သည်။

ငြိမ်းငြိမ်းစန်း ထွက်သွားမှ ဘဂျမ်းက ...

“မင်းတို့ ဒီမှာနေရတာ အားနာတယ်ဆိုတာ ငါ သိပါတယ်၊ မင်းတို့နဲ့ တို့မောင်နှမအတူနေလို့ မလိုသူတွေကဲ့ရဲ့ခံရမှာလည်း မတွေးနဲ့၊ လူဆိုတာ ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ ခုနှစ်ရက်ပါကွာ”

“အစ်ကိုဘဂျမ်းကျေးဇူးကို ကျွန်တော် မမေ့ပါဘူး”

ဟု တောက်တဲ့ကပြောလိုက်ရာ ဘဂျမ်းက

...ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ၊ ငါတို့က တစ်ရွာတည်းသား တွေပဲ၊ ကဲ ... ငါရွာထဲ ခဏသွားဦးမယ်" ဟု ပြောကာ ထွက်သွားတော့၏။

"အစ်ကို ... အစ်ကို့ယောက်ဖလောင်းကြီး ပြောသွားတာ ကြားလား"

သူ့အတွေးနှင့်သူ ငြိမ်သက်နေသော တောက် တီးမှာ အသံခပ်အုပ်အုပ်နှင့် မေးလိုက်သော တောက်တဲ့ စကားကို မကြားချေ။

"အစ်ကို ..."

"ဟေ ... ဘာလဲကွ"

"ကိုဘဂျမ်း ပြောသွားတာလေ"

တောက်တဲ့စကားကြောင့် မျက်မှောင်ကြုတ် ရင်း...

"ဘာပြောသွားတာလဲ"

"အစ်ကိုကလည်း သူပြောသွားတာလေ မိသားစုလိုနေ ... ဘာမှအားမနာနဲ့တဲ့၊ အစ်ကို တော့ ပွတာပဲ"

"ဘာပွတာလဲ"

တောက်တီးက တောက်တဲ့ကို ခပ်ငေါက် ငေါက် မေးလိုက်သည်။ တောက်တဲ့က နှုတ်ခမ်းရှေ့ နှင့် လက်ညှိုးလေးကပ်ကာ ...

"ရှူး...တိုးတိုးပြောပါဗျ၊ အစ်ကိုနဲ့ ငြိမ်းငြိမ်း အတွက် အဆင်ပြေပြီလို့ ပြောတာ"

"နေစမ်းပါကွာ၊ ငါ စိတ်ညစ်နေတာ"

ဟု ပြောပြီး တောက်တီးမှာ အဝေးသို့ ရှိုဝေ ၍ ငေးနေ၏။ တောက်တဲ့က ...

"ငါလည်း စိတ်ညစ်တာပါပဲ၊ အမေ့အတွက် ငါ ယူကျုံးမရဖြစ်ရတာပါပဲကွာ"

"အမေ ဘာကြောင့်သေရတာလဲ"

"ဟုတ်တယ်၊ ငါလည်း လုံးဝ စဉ်းစားလို့ မရဘူး၊ အိမ်က မှတော်တဆ မီးလောင်တာ ဆို အမေက ဘာဖြစ်လို့ ...၊ အစ်ကို ... ငါတို့ကို မုန်းနေတဲ့လူတော့ ရှိလိမ့်မယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ ငါတို့ ဒီအရွယ်ထိ

www.burmeseclassic.com

ရောက်လာပြီ၊ တစ်ခါမှ ရန်သူဆိုတာ မကြုံခဲ့ရဘူး”

သူတို့နှစ်ဦးလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားရတော့၏။ မမြင်နိုင်သော အန္တရာယ်က သူတို့မိသားစုလေးအပေါ် ကျရောက်ခဲ့ပြီဖြစ်သည်။ အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး စောင့်ရှောက်ခဲ့သော အမေလည်း သူတို့ကို ခွဲသွားခဲ့သည်။

ယခုအချိန်မှာ ငြိမ်းငြိမ်းစန်းတို့ မောင်နှမ နှစ်ယောက်သာ သူတို့ရဲ့ ကျေးဇူးရှင်ဖြစ်၏။

သူနှင့် ငြိမ်းငြိမ်းစန်း အခြေအနေကို သိထားသော ကိုဘဂျမ်းကိုပင် မျက်နှာပူစရာ ရှိသည်။ တခြားကိစ္စတော့ အားမနာရချေ။

“ဝေါင်း”

“ဝေါင်း”

တိတ်ဆိတ်နေသော အကာလအချိန်တွင် ခပ်သဲ့သဲ့ ထွက်ပေါ်လာသော ကျားဟိန်းသံက သူမနှင့် နီးကပ်သောတစ်နေရာက ဖြစ်၏။ ငြိမ်းငြိမ်းစန်း ခြုံထားသော စောင်ကို အသာလှပ်၍ အိပ်ရာမှ ခေါင်းထောင်ကာ နားစွင့်လိုက်သည်။

“ဝေါင်း”

သူမတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထလာသည်အထိ လန့်သွားမိ၏။ ကျားဟိန်းသံမှ ကျား

www.burmeseclassic.com

www.burmeseclassic.com

ဟိန်းသံအစစ်ပါပဲ။ ကျောထဲကပါ စိမ့်လာသည်။

အိမ်ရှေ့ခန်းတွင် အိပ်နေသော အစ်ကိုဖြစ်သူမှာ လည်း တခူးခူး တခေါ်ခေါ်နှင့် အိပ်မောကျနေ၏။

"ဝေါင်း"

သူမ အသေအချာနားထောင်မိတော့ ကျားဟိန်း သံက အိမ်အနောက်ဖက်မှ ထွက်ပေါ်နေခြင်း ဖြစ်သည်။

"ဘုရား … ဘုရား၊ အစ်ကိုတို့ မကြားဘူးနဲ့ တူတယ်၊ ဒါ ကျားဟိန်းသံပဲ"

ငြိမ်းငြိမ်းစန်း ရင်ဘတ်ကို လက်ဖြင့်ဖိပြီး တီး တိုး ရေရွတ်လိုက်မိ၏။ တောက်တီးနှင့် တောက်တဲ့ အတွက် သူမ အလွန်စိုးရိမ်သွားသည်။

"ဝေါင်း"

"မဖြစ်တော့ဘူး၊ အစ်ကိုကြီးကိုနှိုးမှဖြစ်မယ်"

သူမ အိပ်ရာမှ လူးလဲထလိုက်ပြီး အိမ်ရှေ့ခန်း တွင် အိပ်ပျော်နေသော ဘဂျမ်းဆီသို့ အမှောင်ထဲတွင် အသံမထွက်အောင် ချွတ်နင်းလျှောက်ခဲ့၏။ အိပ်ခန်း အထွက်တွင် တစ်စုံတစ်ယောက်နှင့် သူမ ဝင်တိုက်မိ



တော့သည်။

"အင့် … အမေ့"

"ရှူး … တိုးတိုး"

"ဟင် … အစ်ကိုကြီးလား"

"ဟုတ်တယ်၊ တိတ်တိတ်နေ"

အမှောင်ထဲတွင် သူမအား အသံမထွက်ရန် လေသံလေးနှင့် သတိပေးလိုက်သူမှာ ဘဂျမ်းပင်ဖြစ်၏။

"အစ်ကိုကြီး … ကျား … ကျားဟိန်းသံ"

"သိတယ် … ငါလည်း ကြားလို့ထလာတာ၊ ဟိုကောင်တွေ အခန်းဖက်က"

"ဘယ်လိုလုပ်မလဲ"

"လာ … ငါ့နောက်က လိုက်ခဲ့၊ အသံ မထွက်စေနဲ့"

မောင်နှမနှစ်ယောက် အိပ်ခန်းထဲမှ တောက်တီး တို့ အခန်းနားသို့ တရွေ့ရွေ့ ကပ်လာကြသည်။

"ဝေါင်း"

ကျားဟိန်းသံမှာ အသည်းယားစဖွယ် ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေဆဲမို့ နှစ်ယောက်စလုံး အသက်ပင် ပြင်းပြင်းမရှူ ရဲချေ။ တောက်တီးနှင့် တောက်တဲ့ အိပ်နေသော အခန်း ထဲသို့ ထံရံပေါက်ကြားမှ နားကပ်၍ နားစွင့်လိုက်ရာ သူတို့နှစ်ယောက် အိပ်နေသော အခန်းထဲမှ ကျားဟိန်းသံ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။

ငြိမ်းငြိမ်းစန်းမှာ အံ့သြထိတ်လန့်သောကြောင့် ကိုယ့်အသက်ရှူသံကိုပင် ပြန်ကြားနေရသည်ဟု ထင်မိ၏။ မောင်နှမ နှစ်ယောက်လုံး အရဲစွန့်ကာ တောက်တီး နှင့် တောက်တဲ့ အိပ်ခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

"ဟင် ..."

"အို ..."

ဘဂျမ်းရော ငြိမ်းငြိမ်းစန်းပါ အလွန် အံ့သြ သွားကြ၏။ မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"ဝေါင်း ... ဝေါင်း"

သို့သော် ကျားဟိန်းသံကတော့ ထွက်ပေါ်နေ ဆဲပင်။ ကျားကတော့ တစ်ကောင်မှ မရှိပါချေ။



အိပ်မောကျနေသော တောက်တီးနှင့် တောက် တဲ့ထံမှ ထွက်ပေါ်နေသော ဟောက်သံမှာ ကျားဟိန်းသံ အတိုင်း ဖြစ်နေခြင်းဖြစ်၏။

"တောက်တီး"

"တောက်တဲ့ ... ဟေ့ကောင်တွေ"

ဘဂျမ်းက နှစ်ယောက်လုံးကို အတင်း လှုပ် နှိုးလိုက်သည်။

"အင် ... ဗျာ"

နှစ်ယောက်လုံး နိုးလာပြီး ဘဂျမ်းနှင့် ငြိမ်း ငြိမ်းစန်းကို အိပ်ခန်းထဲတွင် တွေ့လိုက်ရသောအခါ လန့် သွားပြီး တောက်တဲ့က ...

"အစ်ကိုဘဂျမ်း ဘာကိစ္စရှိလို့လဲ၊ ဘာဖြစ်လို့ လဲဟင်"

ဟု ပျာပျာသလဲ မေးလေသည်။ ဘဂျမ်းက ငြိမ်းငြိမ်းစန်းဖက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ဘာမှ မဟုတ်ပါဘူး၊ ညီမလေးလည်း သွား အိပ်တော့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … ဟုတ်ကဲ့ အစ်ကိုကြီး"

ဟု ဆိုကာ အိပ်ခန်းထဲသို့ တစ်ချက်ဝှေ့ကြည့် လိုက်ပြီး ထွက်သွားလေတော့သည်။ တောက်တီး တော့ နားမလည်နိုင်သော အမူအရာဖြင့် ထွက်သွား သော ငြိမ်းငြိမ်းစန်းကို အမှတ်မထင် လိုက်ငေးနေ ၏။

"ဘာမှမဖြစ်ပါဘူးကွာ၊ ပြန်အိပ်ချင် အိ တော့၊ မင်းတို့အခန်းထဲက ကျားဟိန်းသံ ကြားလို့ စိတ်ပူပြီး လာကြည့်တာ"

"ဗျာ … ကျွန်တော်တို့ ဘာမှမသိပါလား"

"မသိဆို မင်းတို့နှစ်ယောက်က အိပ်မော နေတာကို၊ ပြီးတော့ ကျားဟိန်းသံကလည် မင်းတို့ဟောက်သံလေ"

ဟု ဆိုလိုက်ရာ နှစ်ယောက်လုံး အံ့သြမင်တ သွားတော့၏။



တစ်ရွာလုံးတွင် ဆွေမျိုးနီးစပ်တော်သူ မရှိသော တောက်တီးနှင့် တောက်တဲ့မှာ မိခင်၏ဈာပနကို ဖြစ် သို့ စီစဉ်သဂြိုဟ်ခဲ့ရသော်လည်း ရက်လည်ဆွမ်းကျွေး တော့ ဘဂျမ်းတို့မောင်နှမ၏ အကူအညီဖြင့် ရွာဦး ကျောင်းတွင် လုပ်ဖြစ်ခဲ့သည်။ ရွာထဲမှ ရပ်မိရပ်ဖများနှင့် ရွာသားများကလည်း တတ်အားသမျှ ကူညီကြလေ

မနက်စောစောကတည်းက ချက်ပြုတ်လုပ်ကိုင် ကြသော မိန်းကလေးများထဲတွင် ငြိမ်းငြိမ်းစန်း ယောက်မှာ အပင်ပန်းဆုံး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမကတော့ ပင်ပန်းသည်ဟု မထင် မိပေ။ ညှိုးငယ်နေသော တောက်တီးနှင့် တောက်တဲ့၏ မျက်နှာကို ကြည့်ပြီး ကရုဏာသက်နေမိ၏။

ဘုန်းကြီးဆွမ်းကပ်ပြီးသောအခါ အလှူရေစက် ချ တရားနာပြီး အမျှဝေသောအခါ မိဘမဲ့ ညီအစ်ကို နှစ်ယောက်အတွက် တစ်ရွာလုံး စိတ်မကောင်းဖြစ်က မျက်ရည်ဝိုင်းရလေသည်။

"အားလုံး ကြားကြသမျှ အမျှ အမျှ ယူတော် မူကြပါကုန်"

ဟူသော အမျှဝေသံကို ဆုံးအောင် မဆိုနိုင် တောက်တီးမှာ အသံများ ဆို့နစ်တိမ်ဝင်သွားရသ တောက်တဲ့၏ ရေစက်ခွက်ကိုင်လက်မှာ တဆတ်ဆ တုန်ယင်နေပြီး အံကိုတင်းတင်းကြိတ်ထားရင်းမှ မျ ရည်ပေါက်များ တစ်လုံးချင်း လိမ့်ဆင်းလာတော့သည်

"အမေ ... အမေ ရောက်ရာဘဝက သာ ခေါ်ပါဗျာ"

ဟူသော တောက်တီး၏ ရှိုက်သံစွက်သေ



အမျှဝေသံအဆုံးတွင် တောက်တဲ့မှာ စိတ်မထိန်းနိုင်ဘဲ ငိုချလိုက်သောအခါ တစ်ရွာလုံး ရင်ဆို့သွားရသည်။

"ဟဲ့ ဒကာကြီး"

"ဘုရား"

ရွာဦးကျောင်းဆရာတော်က ဦးလှဖေအား လှမ်း ခေါ်လိုက်သောကြောင့် တောက်တီးနှင့် တောက်တဲ့ကို ငေးကာ မျက်ရည်ဝိုင်းနေသော ဦးလှဖေမှာ ကမန်း ကတန်းပင် ဘုရားဟု ထူးလိုက်ရလေသည်။

"ဘယ့်နှယ် ဒကာက မကြီးမငယ်နဲ့ မျက်ရည် ဝဲနေရတာတုန်း၊ ကလေးနှစ်ယောက်ကို ဖျောင်းဖျပေးမှပေါ့"

"မှန်ပါ့ဘုရား၊ တပည့်တော် ဒီညီအစ်ကို နှစ်ယောက်အတွက် စိတ်မကောင်းလွန်းလို့ပါ ဘုရား၊ အဖေမရှိလို့ အမေနဲ့နေလာရာက..."

"အင်း ... လူဆိုတာ သေမျိုးချည်းပါပဲ၊ ဒကာကြီးတို့ ကျုပ်တို့လည်း တစ်နေ့ ဒီလမ်း သွားရဦးမှာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှဖေကတော့ ဆရာတော်၏ စကားကို မကြားတစ်ချက် ကြားတစ်ချက်။ သူ့အတွေးထဲတွင် တောက်တီးနှင့် တောက်တဲ့၏ ကံမကောင်း အကြောင်း မလှပုံကို တွေးကာ စိတ်မကောင်း ဖြစ်နေတော့၏။

[illegible]

ထိုညသည် ရွာရှိ ကာလသားများအတွက် စိတ် ...ရှားစရာကောင်းသော သူခိုးကြီးညပင် ဖြစ်ပါ၏။ ...များမှာ ကာလသားခေါင်းဖြစ်သောကြောင့် ရွာရှိ ...များကို စကာ ရွာထဲမှ သက်ရှိသက်မဲ့ပစ္စည်းများ ...းယူနောက်ပြောင်ကြသည်မှာ မရိုးနိုင်သော ဓလေ့ ...ပင် ဖြစ်သည်။

ယခုလည်း ရွာမြောက်ပိုင်းမှ မုဆိုးဖိုကြီး ...အောင်ရင်၏ နွားကိုခိုးကာ အပျိုကြီး ဒေါ်ချစ်စု၏ ...ောင်းကုပ်သို့ သွားချည်ထားပြီး အပျိုကြီး၏ နွားကို ...ကြီးခြံထဲတွင် သွားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ရင်နှင့် ဒေါ်ချစ်စုမှာ သင့်မြတ်ကြသ… များ မဟုတ်ချေ။ မုဆိုးဖိုကြီးက သင့်မြတ်ချင်သေ… လည်း နောက်ပိုးရှုးလုပ်နေသော သူ့ကို ဒေါ်ချစ်စု… လုံးဝ ကြည့်မရသောကြောင့် နံနက်လင်းလျှင် ပွဲကြ… ပွဲကောင်းတော့ တွေ့ရဦးမည်ဟု တွေးကာ ကာလသာ… တစ်သိုက် အုမြူးနေကြသည်။ ရွာထဲရှိ သောက်ရေ… စင်များကို နေရာရွှေ့ပြီး မိန္ဒောဆရာကြီး ဦးကံညွှန်… ဖို့ထိုးသော ပစ္စည်းများကို ဖိုရုံထဲမှ ခိုးကာ ရွာလယ်… ဇရပ်တွင် ပို့ထားလိုက်၏။

ထဘီများကို မရုတ်မိသော အပျိုများကတော… ရွာဇရပ်တွင် အလံထူထားသော သူတို့ထဘီများကို မနေ… လင်းမှ သွားယူပြီး ရှက်ရွံ့ဒေါသဖြစ်နေမည့်ပုံကိုလည်… ကြိုတင်မြင်ယောင်နေမိသည်။ တစ်ရွာလုံးလည်း သူ… မွှေနှောက်ထားခဲ့ပြီးပြီ။ သူကြီးအိမ်မှ လှည်းယာဉ်… လည်း ရွာလယ်ကန်ထဲ တွန်းချခဲ့ပြီးပြီ။

"အစ်ကိုဘဂျမ်း…. တောက်တီးတို့ ညီအစ်… နှစ်ယောက်ရော"

"သူတို့ ရွာထိပ်မှာ ကြက်ခိုးပြီး စောင့်နေလိမ့်မယ်"

"ဒါဆို ကျွန်တော်တို့ အရိုးကြိုင်ဘူးစင်က ဘူးသီးတစ်လုံး ဝင်ခိုးလိုက်ဦးမယ်"

"ဟာ … အောင်ဇံ သတိထား၊ အရိုးကြိုင် အိမ်က အင်းခွေးကြီးက ဆိုးတယ်နော်"

"ရတယ်၊ အေးဆေးပါ၊ ခွေးသားတောင် ချက်စားလိုက်ဦးမယ်"

"ဟား ဟား ဟား ဟား"

"တိတ်တိတ်နေကြဗျ၊ တော်ကြာ ခင်ဗျားတို့ အသံနဲ့ ခွေးလိုက်ခံရဦးမယ်"

"မင်းပဲ ခွေးသားချက်စားမယ်ဆို"

"ခွေးသားချက်မှ အရိုးကြိုင့်လက်ချက်နဲ့ ထိပ်တုံးထဲ ရောက်မှာ၊ ဘူးသီးက ကိစ္စမရှိဘူး"

ဟု ပြောကာ အောင်ဇံတစ်ယောက် ပုဆိုးကွင်း…ကြီးကာ အရိုးကြိုင်ခြံထဲသို့ ချွတ်နင်းကာ ဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ဘူးသီးအလုံးထွားထွား တစ်လုံးကို ပိုက်ကာ ပြန်ထွက်လာ၏။

သူတို့အုပ်စု ရွာထိပ်သို့ ရောက်သောအခါ ရွာထိပ် တဲတားဆီမှ မီးရောင်ပျပျလေးကို မြင်လိုက်ရသောကြောင့် ...

"တောက်တီးတို့အဖွဲ့ ရောက်နှင့်ပြီ ထင်တယ်ကွ"

ဟု ဘဂျမ်းက ပြောလိုက်သည်။ ထိုအခါ အောင်ဇံက ...

"ဟုတ်တယ် အစ်ကိုဘဂျမ်း၊ ဒါနဲ့ ကြက်သွားက ဘယ်မှာချက်မှာလဲ"

"ထန်းတောက ကိုသံချောင်းတဲမှာပဲ ချက်မယ်လေကွာ"

"ဟာ ကောင်းတယ်၊ ကောင်းတယ်"

ကာလသားတစ်စု၏ ထောက်ခံလိုက်သံနှင့်အတူ သူတို့အုပ်စု၏ စကားပြောသံများက တိတ်ဆိတ်သောညကို အသက်ဝင်လာစေသည်။



သို့သော် တဲတားဆီမှ မီးတုတ်ကိုင်ထားသော လူတစ်စုထံမှ မည်သည့်အသံမှ မကြားရ။ ပကတိ ငြိမ်ချက်သား ကောင်းနေကြ၏။

"ဟေ့ကောင်တွေ၊ ငြိမ်လှချည်လား၊ ကြက်ကော ရလာပြီလား"

"ကြက် မခိုးရသေးဘူး အစ်ကို"

"ဟင် ... ဘာဖြစ်လို့လဲ၊ အခုချိန်ထိ ဘာလုပ်နေတာလဲ၊ မင်းတို့ကောင်တွေကလည်း အသုံးကို မကျဘူး"

ထိုအခါ ဖိုးချွန်သည် မျက်နှာငယ်လေးနှင့် ...

"ကြက်သွားခိုးမလို့ပါပဲ အစ်ကိုရာ၊ တောက်တီးတို့ ညီအစ်ကို ကျွန်တော်တို့အုပ်စုနဲ့ အတူတူ ထွက်လာပြီးမှ ပျောက်သွားလို့"

"ဟေ ..."

"ဟုတ်တယ် အစ်ကိုဘဂျမ်း၊ ကျွန်တော်တို့ တစ်ရွာလုံး ပတ်ရှာတာ လေးငါးခေါက်ခါရှိပြီ၊ ဘယ်မှာမှ ရှာလို့မတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကို နောက်ပြီး တစ်နေရာမှာများ ပုန်းနေသလား"

"မဖြစ်နိုင်ဘူးဗျ၊ ဒီအချိန်ထိ ပုန်းနေမှာမဟုတ်ဘူး၊ ပြီးတော့ ဘကြီးလှဖေခြံက ကြက်ကိုနိုးဖို့ တောက်တီးကိုယ်တိုင် တာဝန်ယူထားတာ၊ အမှောင်ထဲဆိုတော့ သတိမထားမိဘူး၊ သူတို့နှစ်ယောက်ကို အတူပါလာတယ်ပဲ ထင်တာ"

ချက်စူ၏စကားအဆုံးတွင် ဘဂျမ်းတစ်ယောက် ငိုင်ကျသွားသည်။ ကာလသားတစ်စုမှာလည်း အမှောင်ထဲ၌ အံ့သြထိတ်လန့်စွာ တိတ်ဆိတ်ငြိမ်သက်နေကြ၏။

ဘဂျမ်း၏ မျက်လုံးထဲမှာတော့ တောက်တီးနှင့် တောက်တဲ့တို့ တဲလေး၏ မီးလောင်မြင်ကွင်းနှင့် သူတို့အမေ၏ သွင်ပြင်ကို မြင်ယောင်မိရင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ သူတို့အမေလိုများ ဘုရား … ဘုရား။ ဒီကောင်နှစ်ကောင် ဘာမှမဖြစ်ပါစေနဲ့။



နေမှာ အငြိုးပြင်းစွာ ပူလောင်ဖြာကျလျက် ရှိသည်။ အားလုံး ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်သည်။ လက်ထဲမှ ဓားရှည်ကိုယ်စီနှင့် တောနက်တွင်းမှ ဆူးချုံများကို ခုတ်ထွင်ရှင်းလင်း၍ တောနင်းကာ တစ်စုံတစ်ရာကို သဲကြီးမဲကြီး ရှာနေကြသော လူတစ်စု။

သူတို့မှာ အခြားသူများမဟုတ်။ ဘဂျမ်းတို့ အုပ်စုပင် ဖြစ်သည်။ ညက ပျောက်ခြင်းမလှ ပျောက်သွားသော တောက်တီးနှင့် တောက်တဲ့ကို စိုးရိမ်တကြီး ရှာနေကြခြင်းဖြစ်၏။

"ကဲ … ဖိုးချွန်၊ မင်းတို့က ဒီရှေ့ လျှိုအစောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွား၊ ငါတို့က ဒီဖက်က သွားမယ်၊ ပြီးရင် ဒီ ပျဉ်းမပင်အောက်မှာ ပြန်စုမယ်၊ တွေ့ရင် ဒီနေရာကို ပြန်ခေါ်ခဲ့၊ ကြားလား"

"ဟုတ်ကဲ့ အစ်ကိုဘဂျမ်း"

ဟု ပြောကာ ဖိုးချုန်တို့အဖွဲ့မှာ လျှိုလမ်းအတိုင်း ဆင်းသွားကြတော့သည်။ ဘဂျမ်းနှင့်ချက်စုတို့ အုပ်စုကတော့ တောတွင်းသို့ တိုးကာ ဆက်ဝင်ခဲ့ကြ၏။ တစ်နေရာအရောက်တွင် ရွာသားတစ်ယောက်က ...

"ဟာ အစ်ကို၊ ဒီမှာကြည့်စမ်း"

"ဘာတုန်းကွ"

ဘဂျမ်းက မြေပြင်ပေါ်သို့ ငုံ့ကြည့်နေသော ကောင်လေးကို စိတ်မရှည်သလို လှမ်းအော်လိုက်၏။ အရိပ်အာဝါသကောင်းလှသော တောကြီးမျက်မည်းထဲတွင် သူတို့အားလုံး ချွေးပြန်နေကြပြီဖြစ်သည်။

"ဒီနားက ဆင်ငိုမြက်တွေ ကြေမွနေပုံ ထောက်တော့ ဒီကောင်တွေ ဒီနားမှာပဲ ရှိလိမ့်မယ် ထင်တယ်"



ဘဂျမ်းက ထိုနေရာသို့ အသေအချာ ကြည့်လိုက်ပြီး ...

"မင်းကြီးတော်၊ သောက်တလွဲတွေ လျှောက်ပြောနေတယ်၊ ဒီမှာ ဆတ်ချေးတွေ မမြင်ဘူးလား၊ မြက်တွေ ကြေနေတာ တောကောင်တွေ နင်းလို့ကွ၊ လာစမ်းပါကွာ၊ နေအတော်မြင့်ပြီ"

ဟု ပြောပြီး ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားတော့ ရွာသားတစ်စုမှာ နောက်မှ လိုက်လာကြတော့သည်။ ဘဂျမ်းကတော့ စိတ်လှုပ်ရှားမှုဖြင့် စိုးရိမ်စိတ်မှာ အထွတ်အထိပ်သို့ ရောက်နေပေပြီ။

တစ်တောလုံးလည်း နှံ့နေပြီဖြစ်ရာ အရိပ်အယောင်ပင် မတွေ့ရသောကြောင့် အားလုံး မျက်နှာမကောင်းကြတော့ပေ။ တောမှာလည်း နက်သည်ထက် နက်လာပြီဖြစ်ရာ လက်လျှော့ရမလို ဖြစ်နေ၏။ အုပ်စုလိုက် သွားနေရာမှ တွေ့လိုဇောနှင့် တစ်ယောက်ချင်း ခွဲကာ ရှာကြတော့၏။

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com


"အစ်ကိုဘဂျမ်း ... အစ်ကိုဘဂျမ်း၊ ဒီမှာဗျို့"

ဟူသော အောင်ဖုံ့အသံကြောင့် သူတို့အားလုံး ပြေးသွားလိုက်ကြ၏။ မြင်လိုက်ရသောမြင်ကွင်းက ရင်နင့်စရာ။ မှောက်ခုံကြီး လဲကျနေသော သူတို့နှစ်ယောက်ကို အားလုံး ကြောင်ကြည့်နေမိကြ၏။ ဦးစွာ သတိဝင်လာသူမှာ ဘဂျမ်းပင် ဖြစ်သည်။ မှောက်ခုံအနေအထားမှ ဆွဲလှန်လိုက်သောအခါ သွေးချင်းချင်းနီနေသော မျက်နှာများကို တွေ့လိုက်ရတော့သည်။

"တောက်"

ဘဂျမ်းနှုတ်မှ တက်ခေါက်သံတစ်ချက် ခပ်ပြင်းပြင်း ထွက်လာ၏။ မရှုမလှဒဏ်ရာဗရပွနှင့် သတိလစ် လဲကျနေသော တောက်တီးနှင့် တောက်တဲ့မှာ မြင်ရက်စရာ မရှိတော့ချေ။

"ဒါ ဘယ်သူ့လက်ချက်လဲ"

ဟု တွေးရင်း ဘဂျမ်းရင်ထဲတွင် စိုးရိမ်စိတ်နှင့်အတူ ဒေါသစိတ် တလိပ်လိပ် တက်လာတော့၏။

ဖဖဖဖဖ

သတိရရခြင်းမှာ ခဏတော့ သူတို့နှစ်ယောက်လုံး ကြောင်တောင်ဖြစ်နေကြပြီး ရုတ်ချည်းဆိုသလို ချုံးပွဲချ ငိုချလိုက်သောအခါ ဘဂျမ်းတို့လူစုမှာ အံ့သြသွားကြတော့၏။

"တောက်တီး ... ဘာဖြစ်တာလဲ"

"တောက်တဲ့ ... ပြောကောင်း သတိထားဦး၊ မင်းတို့ ဘာတွေဖြစ်လာတာလဲ"

ရွာသားများ၏ တစ်ယောက်တစ်ပေါက် မေးသံများ၊ တောက်တီးနှင့် တောက်တဲ့ ငိုသံများဖြင့် တစ်အိမ်လုံး ဆူညံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်တီး ... ပြောစမ်း၊ ဘာဖြစ်လ
တာလဲ"

ဘဂျမ်း၏ အမေးကြောင့် တောက်တီးမှာ
နေရာမှ ...

"ငါတို့အမေက အသတ်ခံရတာကွ"

"ဘာ"

အားလုံး ထိတ်လန့်အံ့ဩသွားကြ၏။ သူ
အမေမှာ အိမ်မီးလောင်စဉ်က မီးထဲပါသွားပြီး သေ
သွားသည်ဟု တစ်ရွာလုံး သိထားကြရာ တောက်တီး
စကားကို ကြားလိုက်ရသောအခါ ချက်စူဆိုသူက...

"မဖြစ်နိုင်တာကွာ၊ မင်းတို့ တောထဲရော
သွားပြီး ဘာတွေ ကယောင်ကတမ်း လျှော
ပြောနေတာလဲ"

ဟု ပြောလိုက်၏။

တခြားလူငယ်များကလည်း...

"ဟုတ်တယ်၊ ဒီကောင်နှစ်ကောင် အပ
ဘာတွေများ မှီလာသလား"

"ကေန္တ တောထဲမှာ နတ်ဖွက်တာပဲ ဖြစ်ရ
မယ်၊ ဒါကြောင့် ထင်ရာမြင်ရာတွေ ပြောရာ
နေမှာ"

ဟု ထင်ရသည့်အတိုင်း လျှောက်ပြောကြတော့
သည်။

"တော်ကြစမ်းပါကွာ"

ဘဂျမ်း၏ အော်ငေါက်သံကြောင့် အားလုံး နှုတ်
ပိတ်သွားကြတော့သည်။

တောက်တီးနှင့် တောက်တဲ့၏ ရှိုက်သံသာလျှင်
ကရုဏာသက်ဖွယ် ခပ်သဲ့သဲ့ ထွက်ပေါ်နေတော့သည်။

"တောက်တဲ့ ... မင်းတို့ညီအစ်ကို နှစ်ယောက်
တောထဲမှာ ဘာတွေဖြစ်ခဲ့ကြသလဲပြောစမ်း"

"မင်းတို့ ဘယ်လိုလုပ်ပြီး တောထဲရောက်သွား
တာလဲ"

ဘဂျမ်းနှင့် ရွာသားများက သိလိုစောနှင့် မေး
မြန်းကြ၏။ တောက်တဲ့က တစ်ချက်ရှိုက်ငင်လိုက်ပြီး
ခံပြင်းဒေါသဖြစ်ဟန်ဖြင့် အဝေးတစ်နေရာသို့ ငေးသ

www.burmeseclassic.com

www.burmeseclassic.com



ယောင် ကြည့်လိုက်ကာ …

"ညက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယော
ဘကြီးလှဖေအိမ်က ကြက်ကို ခိုးမယ်ဆို
ထွက်လာကြတာ၊ ကျွန်တော်က ခြံထဲဝင်တာ
အစ်ကိုက ခြံပြင်မှာ ထိုင်စောင့်ပြီး နေ
ခဲ့တယ်၊ ကျွန်တော် ကြက်ခြံနားလည်း ရော
ရော အစ်ကိုထိုင်နေခဲ့တဲ့ နေရာလောက်
အော်သံလိုလို ကြားလိုက်လို့ ကမန်းကတ
ပြန်ထွက်လာပြီး အစ်ကို့ကို လှမ်းကြည့်လို
တော့ လဲကျနေတာ တွေ့ရတာပဲ၊ အဲဒါနဲ့ ကျွ
တော် အစ်ကို့ဆီကို သွားပြီး ပွေ့ထူနေတု
ကျွန်တော့်ခေါင်းကို နောက်က ရိုက်ချလိုက်တ
ကျွန်တော် သတိရတစ်ချက် မရတစ်ချက် ဖြ
နေတုန်း မျက်လုံးတွေကို အဝတ်နဲ့ ပိတ်စည်း
တစ်နေရာကို ဆွဲခေါ်သွားတာပဲ"

တောက်တဲ့က ပြောလက်စ စကားကို ရပ်
တောက်တီးမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။



"ခေါ်သွားတော့ ဘာဆက်ဖြစ်သေးလဲ"

ဘဂျမ်းက မနေနိုင်စွာ ဝင်မေးသောအခါ
တောက်တီးက ဆက်ပြောတော့၏။

"ကျွန်တော်လည်း တောက်တဲ့ကို ခြံပြင်မှာ
စောင့်နေတုန်း လူတစ်စုလာတာကိုတော့ မြင်
သား၊ ဒါပေမဲ့ ရွာထဲက ကာလသားတွေပဲ
ထင်ပြီး အေးအေးဆေးဆေး နေတာ၊ ကျွန်
တော့်ခေါင်းကို အသားလွတ်ကြီး ရိုက်ချလိုက်
မှ ရန်သူမှန်းသိရတာ၊ သတိရတော့ ဘယ်
နေရာ ရောက်နေမှန်းတောင် မသိဘူး"

"နေပါဦး၊ မင်းတို့ကို ဖမ်းခေါ်သွားတဲ့ကောင်
တွေကို မြင်လိုက်သေးလား၊ ဘယ်ရွာသားတွေ
လဲ"

"ဟင့်အင်း … မျက်နှာမှာ အဝတ်တွေ စည်း
ထားတယ်"

"သူတို့က မင်းတို့ကို ဘာလုပ်ချင်လို့ ဖမ်း
သွားတာလဲ၊ ဘာပြောကြသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်း၏ အမေးစကားအဆုံးတွင် တောက်တီး မှာ တံတွေးတစ်ချက်မျိုချရင်း တိုးလျှသော လေ နှင့်…

"အဖေ ဖွက်ထားတဲ့ရတနာတွေ ဘယ်နေရ မှာလဲတဲ့"

"ဟေ … မင်း … မင်းတို့မှာ အဲဒါတွေ တကယ်ရှိလို့လား"

အောင်ဇေက မျက်လုံးပြူး မျက်ဆံပြူးနှင့် မေ လိုက်သောအခါ တောက်တဲ့က ဒေါသထွက်သွားပြီး-

"ဘယ်ကလာ ရှိရမှာလဲ၊ အဲဒါတွေရှိဖို့ နေ သာသာ သူတို့ပြောမှ ကြားဖူးတာ"

"အဲဒီတော့ …"

"အဲဒီတော့ ဘာဖြစ်ရမှာလဲ၊ အခုမြင်ရ အတိုင်းပဲ၊ ကျွန်တော်တို့နှစ်ယောက်လုံး အတင်း ဝိုင်းရိုက်ကြတာပေါ့"

"ဖြစ်မှဖြစ်ရလေကွာ"

ဘဂျမ်းက ခပ်ညည်းညည်း ပြောလိုက်သည်

ငြိမ်းငြိမ်းစန်းမှာလည်း မျက်စိမျက်နှာပျက်ကာ တောက်တီးနှင့် တောက်တဲ့အတွက် စိတ်မကောင်း ဖြစ်နေရ၏။ ဒဏ်ရာများမှာ မရှုရက်စရာ။

"ဒါနဲ့ မင်းတို့အဖေကို ဘယ်သူသတ်ဝ ာလဲ၊ မင်းတို့က ဘယ်လိုသိလာတာလဲ"

ဘဂျမ်း၏ စကားအဆုံးတွင် တောက်တီးနှင့် တောက်တဲ့၏မျက်နှာမှာ ဒေါသကြောင့် ခက်ထန် မာ ကြောလာပြီး နာကြည်းကြေကွဲရိပ် သန်းလာသည်ကို တွေ့လိုက်ရလေ၏။

"ငါတို့ကို ဖမ်းသွားတဲ့ ကောင်တွေက အဖေ ရတနာတွေ ဘယ်မှာဖွက်ထားလဲဆိုတာပဲ မရ မကမေးတာ၊ အဲဒီထဲမှာ ခေါင်းဆောင်လို့ ထင် ရတဲ့လူကို ပြောလိုက်တဲ့စကားကို ငါတို့ နှစ် ယောက်လုံး သေသေချာချာ ကြားခဲ့ရတာ"

"ဟင် … ဘယ်လိုပြောလိုက်တာလဲ"

"ဒီကောင်တွေ ခေါင်းမာနေတာ သူ့အမေလို လုပ်လိုက်ရမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



အံတင်းတင်းကြိတ်ရင်း ပြောလိုက်သော တောက်တီးအသံကြောင့် ဘဂျမ်းရော ရွာသားများပါ အံ့သြကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြတော့၏။

[illegible]



"အစ်ကို ... မင်း ဘာတွေစဉ်းစားနေတာလဲ"

တောက်တဲ့အသံကြောင့် တောက်တီးမျက်ရည်ဝဲနေရာမှ ...

"ဘာမှ မစဉ်းစားပါဘူးကွာ"

ဟု ပြောလိုက်၏။ ခပ်လှမ်းလှမ်းမှ သူတို့နှစ်ယောက်ကို လှမ်းကြည့်နေသော ဘဂျမ်းမှာ သက်ပြင်းမောကို ချရင်း ...

"ဒီနေရာကို တစ်ခေါက်ပြန်လာတာ၊ မင်းတို့အမေကိစ္စနဲ့ ပတ်သက်ပြီး သဲလွန်စ ရလို့ပြား

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လာခဲ့တာ၊ မင်းတို့အတွက် စိတ်မ
ကောင်းစရာဖြစ်နေရပြီ”

ဟု တီးတိုးပြောလိုက်သည်တွင် ...

တောက်တီးက ဘဂျမ်းစကားကို မကြားသလို အဝေးသို့ ငေးမောနေ၏။

အမေရှိစဉ်က စိမ်းစိုသောစိုက်ခင်းလေးအလယ်မှ သပ်ရပ်ရှင်းသန့်သော အိမ်ကလေးသည် မီးလောင်ပြင်ဖြစ်ကာ ခြောက်သွေ့တိတ်ဆိတ်နေသည်။ အမေကိုယ်တိုင် ချက်ပြုတ်လုပ်ကိုင်ခဲ့သော မီးဖိုချောင် နေရာလေးသည် ပြာအတိပြီးနေ၏။ အိမ်ရှေ့ကွပ်ပျစ်လေးပေါ်တွင် သားအမိသုံးယောက် ပျော်ပျော်ရွှင်ရွှင် စကားပြောနေသော ပုံရိပ်များသည် တဟုန်းဟုန်း တောက်လောင်နေသော မီးညွန့်မီးတောက်များကြား တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

မျက်တောင်တစ်ချက် အခတ်တွင် တောက်တီးမျက်ဝန်းအိမ်မှ မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ဆင်းသွား၏။



သူတို့ညီအစ်ကိုဘဝတွင် အမေနှင့် ပတ်သက်ပြီး မျက်ရည်ကျရခြင်းဖြစ်ပြီး နာကြည်းစိတ်တို့သည် ည်း ပို၍ အရှိန်မဟုန် မြင့်လာခဲ့ရသည်။

“ဘာမှလည်း မတွေ့ပါဘူးကွာ၊ ငါတို့ ပြန်ရအောင်”

ဘဂျမ်းစကားအဆုံးတွင် တောက်တီးနှင့် ာက်တဲ့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ဘာ ယ်မဟုတ် လှမ်းကြည့်မိကြ၏။ သူတို့၏ ရင်ထဲတွင် မပြနိုင်သော ဝေဒနာက တူညီစွာ ဖြစ်ထွန်းနေ သည်။ အမေ့ရဲ့ အရိပ်အယောင် အငွေ့အသက်၊ အမေ နေသလို လုံခြုံနွေးထွေးမှုကို ပြန်တွေ့လိမ့်နိုးနိုးဖြင့် ခြံလေးထဲမှ မခွာလိုကြချေ။

“လာပါကွာ ... ပြန်ကြပါစို့”

ဘဂျမ်း၏ ဒုတိယအကြိမ် သတိပေးသံဆုံးမှ လောင်ဒုတ်တို့ အိမ်ကုန်းလေးကို တစ်ချက် စိမ်းစိမ်း ကြည့်ကာ ခြံဝသို့ လျှောက်လာခဲ့ကြ၏။ နှစ်ယောက် လုံး၏ မျက်နှာမှာ တစ်စုံတစ်ခုကို နာကျင်ကြေကွဲနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟန်နှင့် ချုပ်တီးမျိုးသိပ်ထားသော ဟန်တို့က အထင်းသား ပေါ်လွင်နေသည်။

"တောက်"

နာကြည်းကြေကွဲစွာ တက်ခေါက်လိုက်သံပေါ် ထွက်လာသောကြောင့် လှည့်ကြည့်လိုက်တော့ ခြံစည်း ရိုးမှ သစ်ငုတ်ဆွေးကြီးကို ဒေါသတကြီး ကန်ပစ် လိုက်သော တောက်တဲ့ကို တွေ့လိုက်ရ၏။

"လာပါ တောက်တဲ့ရာ၊ တရားနဲ့ဖြေမှပေါ့"

ဘဂျမ်းက တောက်တဲ့အား ချော့မော့နှစ်သိမ့် က ခေါ်လိုက်သည်။ တောက်တီးသည် တောက်တဲ့ ကန်လိုက်သော သစ်ငုတ်တိုကြီးကို အဓိပ္ပာယ်မဲ့စွာ ငေး နေရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ...

"ဟာ ...ငါတစ်ခု မှတ်မိပြီ"

ဟု ထပြောလိုက်သောကြောင့် ဘဂျမ်းရော၊ တောက်တဲ့ပါ စိတ်ဝင်စားစွာ ခေါင်းထောင်လာကြ သည်။ တောက်တဲ့က ...

"ဘာမှတ်မိတာလဲ"



ဟု မေးလိုက်ရာ ...

"ငါတို့ကို တောထဲ ဖမ်းခေါ်သွားပြီး ရိုက်နှက် နေတုန်းကလေ၊ ငါ သတိရတာ တစ်ခုရှိတယ်"

"ဘာလဲ လူတွေကိုလား"

"မဟုတ်ဘူး၊ ငါ့ကို ကန်လိုက်တဲ့ ခြေထောက် မှာ ရှူးဖိနပ်နဲ့ ..."

တောက်တီးစကားကို နားထောင်နေသော တောက်တဲ့မှာ စိတ်ဝင်တစားအမူအရာနှင့် ...

"အေး ... အဲဒါ ငါလည်း သတိထားမိတယ်၊ အဲဒါက ဘယ်လိုသဲလွန်စ ဖြစ်လာနိုင်လို့လဲ"

ဟု မေးလိုက်ရာ တောက်တီးမှာ အသံခပ်အုပ် အုပ်နှင့် ...

"ရှူးဖိနပ်စီးတဲ့လူဆိုတာ အင်္ဂလိပ်စစ်တပ်မှာ ပဲ ရှိတယ်၊ ဒါပေမဲ့ အင်္ဂလိပ်တော့ မဟုတ်ဘူး၊ အင်္ဂလိပ်စစ်တပ်နဲ့ တစ်နည်းနည်း ပတ်သက် မှုရှိတဲ့ အင်္ဂလိပ်အလိုတော်ရိတွေပဲ ဖြစ်မယ်"

"ဒါဆို ဒီကိစ္စမှာ အင်္ဂလိပ်စစ်တပ်နဲ့ တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် တစ်နည်း ပတ်သက်နေတာပေါ့”

ဘဂျမ်း၏ စကားအဆုံးတွင် တောက်တီးက…

“သိပ်ဖြစ်နိုင်တာပေါ့”

ဟု ပြောလိုက်၏။ သူတို့သုံးယောက်လုံး လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း တစ်ယောက်နှင့် တစ်ယောက် စကားမဆိုမိတော့ဘဲ ငြိမ်သက်သွားကြတော့သည်။



မကြာခင်မှာပင် အေးဆေးငြိမ်သက်နေသော သူတို့ရွာလေးအတွင်းသို့ ထူးခြားမှုတစ်ခုသည် ဆိုက်ရောက်လာခဲ့ချေ၏။

ထိုထူးခြားမှုအား ခေါ်ဆောင်လာခဲ့သူမှာ ရွာထဲတွင် ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ်ပါတတ်သော ဖိုးချွန်ဆိုသူ ဖြစ်၏။ ဖိုးချွန်မှာ နေ့စဉ်လိုလို တောစပ် စားကျက်တွင် နွားကျောင်းရသည်။

တစ်နေ့တွင် သူ့နွားများကို စားကျက်ထဲတွင် လွှတ်ပြီး အရိပ်ကောင်းသော ကုက္ကိုပင်အောက်တွင် နားနေစဉ် ခပ်ဝေးဝေးမှ လျှောက်လာသော လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မြင်လိုက်ရ၏။ သူ အမှတ်မထင် ငေးနေ
စဉ်မှာပင် ထိုလူမှာ သူနှင့် မလှမ်းမကမ်းသို့ ရောက်
လာသည်။ ထိုလူမှာ အသက်ခြောက်ဆယ်ဝန်းကျင်ရှိ
သော ရှိမည့် လူဝွှားကြီးတစ်ယောက်ပင်။ လူထွားကြီး
တစ်ယောက်ဟု ဆိုရလောက်အောင် သန်မာထွားကျိုင်း
သူ ဖြစ်၏။ အသားညိုညို၊ အရပ်အမောင်း ကောင်း
ကောင်းနှင့် လူကြီးမှာ ဘျောင်တစ်စောင်းထုံးထားပြီး
အညိုရောင် ခေါင်းပေါင်း ပေါင်းထားသောကြော
ဆေးဆရာကြီးတစ်ယောက်အသွင် ဖြစ်၏။

သို့သော် သူဝတ်ဆင်လာသော အဝတ်တို့
အထက်အောက် အညိုရောင်များဖြစ်ပြီး သစ်စေးသု
ထားသည့် တောင်ဝှေးတစ်လက်ကို ကိုင်ဆောင်ထားသေ
ကြောင့် ရသေ့ယောဂီလိုလို၊ ဗိန္ဒောဆရာလိုလို ဖြစ်
သည်။ ပင်ကိုယ်ဗီဇကိုက စပ်စုတတ်သော ဖိုးချမ်း
လူကြီး၏ ထူးဆန်းသောအသွင်ကြောင့် ဘယ်သူ
ဘာလဲ၊ ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ စသည်
လဲပေါင်းများစွာ သူ့ရင်ထဲတွင် ပေါ်လာတော့၏။



မကြာမီတွင်ပင် လူကြီးသည် သူ နားနေသော ကုက္ကိုပင်အရိပ်သို့ ဝင်လာပြီး ...

"ဟူး ... နေကလည်း ပူလိုက်ပါဘိ၊ ကိုယ်
ရော စိတ်ပါ မရှင်လန်း၊ ပင်ပန်းလှသကွယ်"

ဟု သီချင်းယောင်ယောင်၊ ကဗျာယောင် ယောင် ညည်းညူရွတ်ဆိုလိုက်ပြီး ကုက္ကိုမြစ်ပေါ်တွင် ထိုင်ချလိုက်တော့၏။ လူကြီး၏ နှုတ်ခမ်းမွေးကားကား ကြီးမှာ ရှည်လျားပြီး နှုတ်ခမ်းပေါ်သို့ပင် အုပ်မိုးကုပ်ကျ နေပြီး အဖြူတစ်ဝက်၊ အနက်တစ်ဝက်ဖြစ်သောကြောင့် အလွန် အကြည့်ရဆိုးလေသည်။ ထို့အတူ မျက်ခုံးမွေးတို့ မှာလည်း အဖြူနှင့်အနက် ကြောင်ကြောင်ကြားကြားဖြစ် နေ၏။ သို့သော် လူကြီး၏ မျက်လုံးတို့မှာ စူးရဲတောက်ပ သလို လျှင်မြန်ဖျတ်လတ်သူမှန်း သိသာစေသည်။

"ဟော့ ... သူငယ်၊ မင်းက ငါ့ကို ကြည့်လှ
ချည်လား၊ ဘာလဲ၊ မင်း ငါ့ကို ဒီနယ်တစ်ဝိုက်
မှာ တစ်ခါမှ မမြင်ဘူးတော့ ထူးဆန်းတယ်ဆို
ပြီး ကြည့်တယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရုတ်တရက်ဆိုလိုက်ရာ ဖိုးချွန်မှာ ကြော
အ, သွားတော့၏။ သူ့စိတ်ထဲက ဖြစ်နေသောအကြော
ကို လူကြီး ဘယ်လိုများ သိသွားပါလိမ့်ဟု တွေး
အံ့သြနေတော့သည်။

"ဘကြီးက ဘယ်ကလာတာလဲဟင်"

ဖိုးချွန်အမေးကြောင့် လူကြီးမှာ ရယ်မောလို
ပြီး …

"ငါက အထက်က လာတာကွ"

ဟု ဖြေလိုက်လေသည်။ ဖိုးချွန်မှာ လူကြီး
ဖော်ရွေသောဟန်ကြောင့် သူ့ဗီဇအတိုင်း စပ်စုလေ
သည်။ ဖိုးချွန်က …

"ဒါဆို ဘကြီးက အထက်အညာက လာ
တာပေါ့"

ဟုသူ့အထင်ကို ပြောချလိုက်သောအခါ လူ
သည် ဖိုးချွန်အား မျက်မှောင်ကုပ်ကြည့်လိုက်ပြီးလျှင်

"မင်းက တယ်လည်း စပ်စုပြီး တော်လေ
နေရာတကာပါတဲ့ကောင်ပဲကွ"



ဟု ဆိုလိုက်ပြန်ရာ ဖိုးချွန်မှာ အောင့်သက်သက်
ဖြစ်သွားပြီး …

"ဘကြီးကလည်း အထက်အညာက လာတာ
ဟုတ်တယ် မဟုတ်လား၊ အဲဒါသာ ဖြေစမ်း
ပါ"

ဟု ခပ်မာမာ ပြောလိုက်ရာ လူကြီးက …

"ဟား ဟား ဟား ဟား၊ ကြိုက်သွားပြီဟေ့၊
မင်းဇွဲကိုတော့ ငါ သဘောကျသွားပြီ၊ ကိုယ်
သိချင်တာကို ဘာမှဂရုမစိုက်ဘဲ ဇွတ်တိုးပြီး
မေးတဲ့ မင်းရဲ့စပ်စုရဲတဲ့သတ္တိကိုတော့ လေးစား
သွားပြီဟေ့"

ဟု ပြောလိုက်ရာ ဖိုးချွန်မှာ ဘာပြန်ပြောရ
မှန်းမသိတော့ချေ။ အမှန်တကယ်တွင် သူ့မှာ သတ္တိလည်း
ရှိ၊ ဇွဲလည်း အမှန်ပင် မရှိပါချေ။ သူ့မှာ သူတစ်ပါး
အကြောင်းကို သိလိုသော စိတ်တစ်ခုတည်းသာ ရှိ၏။

"ငါက မင်းပြောသလို အထက်အညာက လာ
တာ မဟုတ်ဘူးကွ၊ အထက်လို့ဆိုတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အထက်အညာ ဖြစ်ရောလား၊ ကဲ…အခု မင်
ငါက သစ်ပင်အောက်မှာ၊ ငါတို့ရဲ့ အထက်
သစ်ပင်လေ၊ ငါတို့က ဟောဟိုက ဇရပ်ေ
မှာဆိုရင် ငါတို့ရဲ့အထက်က ဇရပ်ခေါင်မို
လေ၊ ဒီတော့ ငါက သစ်ပင်ပေါ်က ဆင်းလ
တဲ့လူ၊ ဒါမှမဟုတ် ဇရပ်ခေါင်မိုးပေါ်
ဆင်းလာတဲ့လူပေါ့၊ ဟား ဟား ဟား ဟား

ဟု ဆိုကာ သဘောကျစွာ ရယ်ပြန်သည်
ဖိုးချွန်မှာ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို တဗျင်းဗျ
ကုပ်ကာ …

“ဘကြီးပြောတာနဲ့ ကျွန်တော်တောင် ခေါ
ရှုပ်သွားပြီ၊ ဒါဆို ဘကြီးက ဘယ်အထက်
လာတာလဲ၊ မိုးပေါ်ကလား”

ဟု ကတ်သပ်စွာ မေးလိုက်သောအခါ လူ
သည် …

“မင်း ထင်ချင်သလိုသာ ထင်တော့ကွ
အထက် ဆိုတာ မင်းနားလည်အောင် ရှင်းပြ



ခက်တယ်၊ မင်းပြောသလို အထက်အညာက လာတာ မဟုတ်တာတော့ သေချာတယ်၊ ဒါပေမဲ့ ငါ့ကို အထက်ဆရာကြီးတွေ လွှတ်လိုက်လို့ သူတို့အမိန့်နဲ့ ဒီကို ရောက်လာတာ”

ဟု ပြောလိုက်ရာ ဖိုးချွန်မှာ ပို၍ပင် နားမလည်နိုင်အောင် ဖြစ်သွားတော့၏။

“ဘကြီးကို လွှတ်လိုက်တဲ့ အထက်ဆရာကြီးဆိုတာတွေကရော အခု ဘကြီးလာတဲ့ အထက်မှာ နေကြတာပဲလား”

ဟု မေးလိုက်ပြန်၏။ လူကြီးသည် …

“မင်းကွာ … တော်တော်စပ်စုတဲ့ကောင်၊ ငါ ထင်တာထက်ကို ပိုစပ်စုနေပါလားကွ”

ဟု ဆိုပြီး ဘာမှ ပြန်မပြောတော့ဘဲ လွယ်အိတ်ထဲမှ ဆေးတံကြီးကို ထုတ်ကာ မီးညှိနေတော့၏။ ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာရှိုက်ပြီးမှ …

“အထက်ဆရာဆိုတိုင်း အထက်မှာ နေရမှာလား ငါ့လူရဲ့၊ မင်း အထက်လမ်းတို့၊ အောက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းတို့ကို ကြားဖူးတယ်မဟုတ်လား"

ဟု မေးလိုက်ရာ ဖိုးချွန်မှာ အားရဝမ်းသာ…

"ဟာ … ကြားဖူးတယ်၊ ကြားဖူးတယ်၊ ဒါ… ဘကြီးက အဲဒီလမ်းတွေက လာတာပေါ့"

"ဘယ်နှယ်လမ်းတွေကမှာလဲ၊ အဲဒါ အလွ… ခေါ်တာ၊ တကယ်တော့ အဲဒါ လျှို့ဝှက်နက်… တဲ့ လောကီပညာတွေကွ၊ အောက်လမ်းဆိုတ… စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်ပယောဂ… စီရင်တဲ့ ဂိုဏ်းကို ခေါ်တာ"

"ဒါဆို အထက်လမ်းကတော့ရော …"

"အဲဒါက အောက်လမ်းရဲ့ ဆန့်ကျင်ဘက်… ကွ၊ အထက်လမ်းဆိုတာ သံသရာက လွ… မြောက်ကြောင်းတရားကို ကျင့်ကြံရှာဖွေနေ… သာသနာပြုဂိုဏ်းကွ"

ဟု ရှင်းပြလိုက်ရာ ဖိုးချွန်မှာ နားမလည် တ… ဝက်၊ နားလည်တစ်ဝက်နှင့် နားထောင်နေလိုက်ရသည်

"ဘကြီးက အခု ဘယ်သွားမှာလဲ"

"အင်း … ဒီနားက ရွာတွေမှာ အဘက ဓာတ်ကျတယ်ဆိုပါတော့၊ အဲဒါကြောင့်"

"နေ … နေပါဦး ဘကြီးရဲ့၊ အဲဒီ ဓာတ်ကျတယ်ဆိုတာ ဘာဖြစ်တာတုန်း"

ဟု ဖိုးချွန်က အလျှင်စလို ဝင်မေးလိုက်ရာ လူကြီးမှာ ခေတ္တတွေဝေဆိုင်းငံ့နေပြီးမှ …

"ဓာတ်ကျတယ်ဆိုတာ တို့အထက်စကားနဲ့ ပြောတာကွ၊ ဒီနားကရွာမှာ ခဏ ဓာတ်စခန်း ဖွင့်မယ်၊ ပြီးတော့ ပဋ္ဌာန်းဆက်ရှိတဲ့ လူတွေကိုလည်း သာသနာပြုဖို့ ခေါ်ရဦးမယ်"

"ဟာ … ဒါဆိုရင် အတော်ပဲ၊ ဘကြီးက သာသနာပြုဖို့ ခေါ်မှာဆိုတော့ ကျွန်တော်တို့ ရွာက ကပ္ပိယကြီးကို ခေါ်၊ သူက တောထွက်ပြီး တရားကျင့်မလို့၊ ဘဘုန်းကြီးက ခွင့်မပြုသေးလို့"

ဖိုးချွန်စကားဆုံးသောအခါ လူကြီးမှာ ခေါင်း… ဖြည်းညင်းစွာ ခါယမ်းရင်း …

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို ခေါ်ချင်တိုင်းခေါ်၊ လိုက်ချင်တိုင်း
လိုက်လို့မရဘူးကွ၊ အထက်က ညွှန်ကြားတဲ့
လူကို ခေါ်ရမှာ"

ဖိုးချွန်စိတ်ထဲတွင် ဒီလူကြီး စကားတွေထဲမှ အထက်ဆိုတာက ဆုံးပဲ မဆုံးနိုင်တော့ဘူးဟု တွေးမိသည်။

"ဒါဖြင့် ဘယ်လိုလူကို ခေါ်မှာလဲ"

"အထက်အမိန့်အရဆိုရင် စနေသား အမွှာ
ညီအစ်ကိုနှစ်ယောက်ကို ခေါ်ရမှာ၊ မင်းတို့
ရွာမှာ ရှိသလား"

လူကြီးစကားကြောင့် ဖိုးချွန် ခဏစဉ်းစားလိုက်ပြီး ...

"ဟာ ... ရှိတယ်၊ ရှိတယ်"

ဖိုးချွန့်စကားကြောင့် လူကြီးမှာ အားတက်သရော ဖြစ်လာပြီး ...

"ဟုတ်လား၊ ဘယ်သူတွေလဲ"

"ကျွန်တော်တို့ ရွာကပဲ၊ သူတို့က စနေသား



အမွှာညီအစ်ကိုတွေဗျ၊ ဒါပေမဲ့ တစ်ခုတော့
ရှိတယ်၊ သူတို့ညီအစ်ကိုနှစ်ယောက်ပုံစံက
တရားကျင့်မယ့်ပုံတော့ မပေါ်ဘူး၊ ဘကြီး
သူတို့ကို ခေါ်ဖို့ လွယ်မယ်မထင်ပါဘူးဗျာ၊
အဲဒီတော့ ဘဘုန်းကြီးကျောင်းက ကပ္ပိယကြီး
ဦးညိုလုံးကိုသာ ခေါ်သွားပါ"

ဟု ပြောလိုက်ရာ လူကြီးသည် သူ့စကားကို ဂရုစိုက် နားထောင်ဟန်မပြဘဲ ...

"မင်းပြောတဲ့ ညီအစ်ကိုနှစ်ယောက်က
တကယ်ပဲ စနေသားတွေလား၊ နာမည်က
ဘယ်သူတဲ့လဲ"

"အင်း ... စနေသားတွေလို့ ထင်ရတာပဲ၊
နာမည်က တောက်တီးနဲ့ တောက်တဲ့ဆိုတော့
စနေပဲ နေမှာပေါ့၊ ဒါနဲ့ ဘကြီးနာမည်က
ဘယ်သူလဲ"

"ငါ့နာမည်က သက္ကတဲ့"

"ဦးသက္ကပေါ့"

www.burmeseclassic.com

www.burmeseclassic.com


ဖိုးချုန်၏စကားကို မကြားသလို ဦးသက္ကမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"တောက်တီးနဲ့ တောက်တဲ့"

ဟု ခပ်တိုးတိုး ရေရွတ်နေလေ၏။

"ဒါဆို ... မင်း ငါ့ကို အဲဒီညီအစ်ကို နှစ်ယောက်ဆီ ခေါ်သွားပေးပါလား"

ဟု ပြောလိုက်ရာ ဖိုးချုန်မှာ ဘာမှ တွေဝေစဉ်းစားမနေဘဲ ...

"အင်း ... ပို့ပေးပါ့မယ်"

ဟု ပြောလိုက်လေတော့၏။

**ဖအအဆအ**

"ဒီအိမ်ပဲ ဘကြီး"

"ဟုတ်လား"

ဖိုးချုန် ညွှန်ပြရာအိမ်ကို ဦးသက္က သေသေချာချာ ကြည့်လိုက်၏။

"နို့ ... နေပါဦး၊ ဒီအိမ်မှာ ဘယ်သူမှ မရှိကြဘူးလား"

ဦးသက္ကက အိမ်ထဲသို့ ဝေ့ဝဲရှာဖွေရင်း ဖိုးချုန်အား မေးလိုက်သည်။

"ရှိမှာပါ ဘကြီးရဲ့၊ တောက်တီးနဲ့ တောက်တဲ့၊ ဟော့ကောင်တွေ တောက်တီး"

www.burmeseclassic.com

www.burmeseclassic.com


ဖိုးချွန် အော်ခေါ်သံမဆုံးခင် အိမ်ထဲမှ တောက်တီးနှင့် တောက်တဲ့ ထွက်လာကြ၏။

"ဟောကောင် ဖိုးချွန်၊ ဘာတွေအော်နေတာလဲ ဝင်ခဲ့တာမဟုတ်ဘူး"

"ဒီမှာ ဧည့်သည်ပါတယ်ကွ၊ ဒီက ဘကြီးက မင်းတို့ညီအစ်ကိုနဲ့ တွေ့ချင်လို့တဲ့"

"ဟေ ... ဟုတ်လား"

တောက်တီးနှင့် တောက်တဲ့မှာ အံ့သြသွားပြီး ဖိုးချွန်နှင့် ပါလာသော လူကြီးကို လှမ်းကြည့်လိုက်မိကြသည်။

လူကြီး၏ အသွင်ကြောင့် ခေတ္တမျှ တွေဝေ အံ့သြသွားပြီး နှစ်ယောက်လုံး ငေးနေကြ၏။ ခဏကြာမှ တောက်တီးက ...

"ဪ ... ဘကြီး၊ အိမ်ထဲဝင်ပါဦးခင်ဗျ"

ဟု ခေါ်လိုက်ရာ လူကြီးသည် နှုတ်ခမ်းမွေး ရှည်ရှည်ကြီးကို တွန့်ကွေးသွားအောင် ပြုံးလိုက်ပြီး အိမ်ထဲသို့ ဝင်လာ၏။ သူတို့ညီအစ်ကိုမှာ လူကြီးကို ယခုမှ မြင်ဖူးခြင်းဖြစ်ပြီး သူတို့ဧည့်သည်ဆိုသောကြောင့် အံ့သြနေခြင်းမှာ မဆန်းချေ။

တောက်တီးကပင် စ၍ ...

"ဘကြီးက ဘယ်သူလဲ၊ ဘယ်က လာတာလဲဟင်"

ဟု မေးလိုက်သောအခါ နေရာတကာပါသော ဖိုးချွန်က ...

"ဒီကဘကြီးနာမည်က ဦးသက္ကတဲ့၊ သူက အထက်က လာတာလေ"

ဟု ဝင်ပြောလိုက်၏။

"ဘာ"

တောက်တီးနှင့် တောက်တဲ့မှာ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

"ဟီး... ဟီး... မင်းတို့ နားမလည်တော့ဘူး မဟုတ်လား၊ ငါကတော့ အားလုံး သဘောပေါက်သွားပြီ၊ မယုံရင် မေးကြည့်၊ ဘကြီးက အထက်က လာတာနော် ဘကြီး၊ ဘကြီးက

www.burmeseclassic.com



ဟိုဟာ … ထွက်ရပ်ပေါက်၊ ဟုတ်ပေါင်
… ဘာတဲ့"

ဖိုးချွန်၏ တောရောက်၊ တောင်ရောက်စကားများကြောင့် တောက်တီးနှင့် တောက်တဲ့မှာ ဖိုးချွန်မျက်နှာကို တစ်လှည့်၊ ဦးသက္ကဆိုသော လူကြီးမျက်နှာကို တစ်လှည့် ကြည့်ကာ ယောင်နန ဖြစ်နေရှာသည်။ ဦးသက္ကသည် ဖိုးချွန်အား …

"ဒီက တူမောင့်ကို ဘကြီး ကျေးဇူးတင်ပါတယ်၊ အခု ဘကြီးတွေ့ချင်တဲ့လူလည်း တွေ့နေရပြီဆိုတော့ မင်း ပြန်ချင် ပြန်လို့ရပြီ"

ဟု ပြောလိုက်ရာ ဖိုးချွန်မှာ သူ့အား နှင်နေသော လူကြီးကို မကျေမနပ်ကြည့်ကာ ထွက်သွားတော့၏။ သူ သိချင် စပ်စုချင်သော အကြောင်းကို ဆုံးအောင် မသိရသောကြောင့် သွားသာ သွားရသည်။ ကျေနပ်ပုံ မပေါ်သည်ကို တောက်တီး တောက်တဲ့က လူကြီးအား…

"ကျွန်တော်တို့ကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ ဘကြီးကို ကျွန်တော်တို့ မသိဘူး"



ဟု ပြောလိုက်ရာ လူကြီးသည် ပြုံးရုံသာ ပြုံး၍…

"မင်းတို့ မသိပေမယ့် ငါကတော့ သိတယ်၊ အခုလည်း ငါ မင်းတို့ဆီကို အရေးကြီးကိစ္စရှိလို့ လာခဲ့တာ"

ဟု ပြောလိုက်သောအခါ ညီအစ်ကိုနှစ်ယောက်လုံး အလွန်အံ့သြသွားတော့၏။

✷

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... တောက်တီးနဲ့ တောက်တဲ့ရေ
အကျယ်ကြီးအော်ခေါ်နေသံကို ဆက်တို
ကြားရလေ၏။ တောက်တီးက ထွက်ကြည့်လေသေ
အခါ သူတို့ သူငယ်ချင်း အောင်ဇံနှင့် ချက်စုကို အိမ်
၌ စိတ်စောနေဟန်ဖြင့် တွေ့ရသည်။

သူတို့မျက်လုံးတွေကလည်း တစ်ခုခုကို သိလ
သိချင်၊ ထိတ်လည်းထိတ်လန့်နေသော ပုံစံမျိုးပင်။

"ဟော့ကောင် အမောတကောနဲ့ ဘာဖြစ်လ
တာလဲကွ"

ခြံနောက်ဖက်မှ ထွက်လာသော တောက်တီ



က အောင်ဇံကို မေးလိုက်သည်။

"မင်းတို့နှစ်ယောက်ဆီကိုလာတဲ့ လူကြီးရော"
တောက်တီးမှာ မျက်နှာကွက်ခနဲ ပျက်သွားပြီး
ဘာမှမဖြစ်သလို ပုံစံဖြင့် ...

"ဩော် ... အဲဒီလူကြီးလား၊ ဘုန်းကြီး
ကျောင်းမှာ သွားတည်းတယ်လေ၊ မင်းတို့ကို
ဘယ်သူပြောလိုက်လို့ သိတာလဲ"

ချက်စုက ...

"ဘယ်သူရှိရမှာလဲ၊ ဖိုးချွန်ပြောတာပေါ့၊ ဒါနဲ့
အဲဒီလူကြီးက မင်းတို့ဆီကို လာတာဆို၊
ဘာလာလုပ်တာလဲ"

"မသိပါဘူးကွာ၊ နတ်ဆရာယောင်ယောင်၊
ဘိုးတော်ယောင်ယောင်ပါ၊ ငါတို့ဆီကို လာ
တာလဲ ဘာအကြောင်းမှ ခိုင်ခိုင်လုံလုံ မရှိပါ
ဘူး"

"အေးကွာ ... ငါတို့ကြားရတာ အဲဒီလူကြီး
က မင်းတို့နှစ်ယောက်ကို လာခေါ်တယ် ဆို

www.burmeseclassic.com

www.burmeseclassic.com



သလားလို့၊ မင်းတို့ကို လာမေးကြည့်တာ၊ ငါ

တော့ အဲဒီလူကြီးကို သိပ်မသင်္ကာဘူး''

ထိုစဉ် ဘဂျမ်းပါ ရောက်လာပြီး ...

''ဟုတ်တယ် တောက်တီး၊ ငါလည်း

လူကြီးကို သိပ်ဘဝင်မကျဘူး၊ သူ့ပုံစံက

သားတဲ့ပုံ မဟုတ်ဘူး၊ တစ်ခုခုကို ဟန်ဆောင်

ထားသလို လျှို့ဝှက်ကြံစည်နေတဲ့ပုံပဲ''

ဘဂျမ်းစကားကြောင့် တောက်တီးက အေးအေး
စွာ ပြုံးလိုက်ပြီး ...

''သူဟာသူ ဘာကောင်ကြီးပဲဖြစ်ဖြစ် ငါတို့က
ဂရုမစိုက်ပါဘူးကွာ၊ ဝိဇ္ဇာလိုလို-ဇော်ဂျီလို လူ
တွေကို ယုံလည်း မယုံဘူး၊ ပြီးတော့ သူပြော
တဲ့စကားတွေလည်း ငါတို့က အယုံအကြည်
မရှိဘူး''

''ဘာပဲဖြစ်ဖြစ် မင်းတို့အတွက် အန္တရာယ်ရှိ
တယ်၊ အဲဒီလူကြီး ဟိုဒီခေါ်ရင် မင်းတို့ လိုက်
မသွားနဲ့နော်''



အောင်ဇံစကားကြောင့် တောက်တီးနှင့်
တောက်တဲ့မှာ ရယ်လိုက်ပြီး ...

''မလိုက်ပါဘူးကွာ၊ မင်းတို့က အစိုးရိမ်လွန်
နေတာပါ၊ ငါတို့ကို သူခေါ်ချင်တိုင်း ခေါ်လို့
ရမလားကွ၊ ဘယ်ကမှန်းမသိတဲ့ လူနောက်ကို
လိုက်ရအောင် ငါတို့က ကလေးမှ မဟုတ်
တာ''

''ဒါဆိုလည်း ပြီးတာပါပဲကွာ၊ ငါတို့က မင်း
တို့နှစ်ယောက်ကို စိုးရိမ်လို့''

ဟု ဆိုကာ အောင်ဇံတို့ ပြန်သွားကြတော့
သည်။ ဘဂျမ်းကပင် ...

''အောင်ဇံတို့လည်း အတော်စိုးရိမ်တတ်သား
ပဲ''

ဟု ပြောလိုက်မိသေး၏။

သို့သော် နောက်တစ်နေ့မှာပင် သူတို့ စိုးရိမ်နေ
သော အဖြစ်မှာ အကြောင်းမဲ့မဟုတ်ကြောင်း သိခဲ့ကြ
ပါလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရေ … အစ်ကိုကြီး"

ငြိမ်းငြိမ်းစန်း၏ အလန့်တကြား အော်သံ ကြောင့် ဘဂျမ်းမှာ ပေါက်တူးတစ်လက်နှင့် မြက်ရှင် နေရာမှ လှည့်ကြည့်လိုက်သည်။

"ဟဲ့ … ညီမလေး ဘာဖြစ်လာတာလဲ"

ငြိမ်းငြိမ်းစန်းမှာ အမောတကော ပြေးလာလေ ၏။

"ဒီ … ဒီမှာကြည့်ပါဦး အစ်ကိုကြီးရဲ့"

"ဘာလဲဟ"

ငြိမ်းငြိမ်းစန်းက ဘဂျမ်းအား စာတစ်စောင် ပြရင်း …

BURMESE CLASSIC .com



"ကိုတောက်တီးတို့ မရှိတော့ဘူး အစ်ကိုကြီး ရဲ့"

ဟုဆိုကာ ပါးပြင်ပေါ်သို့ မျက်ရည်ဥများ လိမ့် ဆင်းကျလာတော့၏။

ဘဂျမ်းမှာ နားမလည်နိုင်အောင် ဖြစ်သွားရ သည်။

"ဘယ်ရောက်သွားလို့လဲ ဒီကောင်တွေ၊ ဒါက ရော ဘာစာလဲ"

ဘဂျမ်း၏ အမေးစကားအဆုံးတွင် ငြိမ်းငြိမ်း စန်းမှာ လက်ထဲမှ စာလေးကို ဘဂျမ်းအား ကမ်းပေး လိုက်ပြီး တသိမ့်သိမ့် ငိုရှိုက်နေတော့သည်။ ဘဂျမ်း စာကို အလျှင်အမြန် ဆွဲဖတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်းနဲ့ ငြိမ်းငြိမ်း

မင်းတို့ မောင်နှမကလေးနှစ်ယောက်ကို ငါတို့ ဘယ်တော့မှ မမေ့ပါ

ငါတို့မှာ မြေလိုမြစ်တွေ၊ ဘာတွေကောင်တွေ ရှိနေတဲ့ဘာတွေဟာ ဘာတို့

မျက်မြင်ပြောနိုင်တာ နည်းလှတယ်၊ ငါတို့ ဘာတောကြီးကိုချစ်လို့ ဦးသက္က

သွားပါပြီ၊ ငါတို့ကို လိုက်မရှာပါနဲ့၊ တစ်နေ့တော့ ငါတို့ဘာကြော

ဒီလိုလုပ်ရတာလဲဆိုတာ မင်းတို့ သိရမှာပါ။

တောက်တီး နဲ့ တောက်တဲ့

စာကို ဖတ်ပြီးသောအခါ ဘဂျမ်းမှာ နေရာ
ရပ်ရင်း တွေဝေငေးမောသွား၏။ ငြိမ်းငြိမ်းစန်းမှာ ငိုရှို
ရင်း အစ်ကိုဖြစ်သူရှေ့မှ ပြေးထွက်သွားတော့သည်။

ငြိမ်းငြိမ်းစန်း၏ ကျောပြင်ကို ငေးရင်း ထူးဆ
စွာ နှုတ်ဆက်ထွက်ခွာသွားသော ညီအစ်ကိုနှစ်ယော
အကြောင်းကို တွေးမိကာ အမျိုးအမည်မသိသော ခံစာ
ချက်နှင့်အတူ ဘာကြောင့်လဲဟူသော မေးခွန်းပယောဂ
ဘဂျမ်း၏ အတွေးထဲတွင် တစ်ရစ်ဝဲဝဲ ပေါ်လာလေတော့
သည်။



ထိုနေ့မှစ၍ သူတို့ရွာထဲတွင် တောက်တီးနှင့်
တောက်တဲ့ဟူသော အမွှာညီအစ်ကိုမှာ ရွာကို ရောက်
လာသော လူထူးဆန်းကြီး ဦးသက္ကနှင့်အတူ ထူးဆန်း
စွာ ပျောက်ဆုံးသွားသည်ကို တစ်ရွာလုံး ပြောမဆုံး
အောင် ရှိကြတော့သည်။ ရွာနီးချုပ်စပ်တွင် သူတို့ နှစ်
ယောက်၏သတင်းကို ဘဂျမ်းတို့မောင်နှမ လိုက်လံ
စုံစမ်းသော်လည်း အချည်းနှီးသာ။ သတင်းအစအနပင်
မရတော့ချေ။

အခုတစ်လောလေးတွင် ရွာ၏အဖြစ်အပျက်
အပြောင်းအလဲတို့သည် မြန်ဆန်လွန်းလှသည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com

ရှာ၏။

တောက်တီးနှင့် တောက်တဲ့မှာ ထူးထူးဆန်းဆန်း ရှာမှ ပျောက်သွားပြီး မကြာမီပင် ရှာအနီးတွင် အင်္ဂလိပ်စစ်တပ်မှ တပ်ခွဲတစ်ခု လာရောက်တပ်စွဲ... တော့သည်။

အင်္ဂလိပ်စစ်တပ်ဟု ဆိုသော်လည်း ဂေါ်ရခါးများနှင့် သူ့ကျွန်ခံခဲ့သော ပုဆိန်ရိုးမြန်မာများ အများဆုံး ပါဝင်သော တပ်ရယ်ပါ။ ရှာထဲတွင် ထိုစစ်တပ်နှင့် ပတ်သက်ပြီး တစ်ယောက်တစ်မျိုး ထင်ကြေးပေးနေကြ တော့သည်။

ဆန်ဖွတ်ရာတွင်လည်း အင်္ဂလိပ်စစ်တပ်အကြောင်း၊ မောင်းထောင်း၊ ထင်းခွဲရာတွင်လည်း အင်္ဂလိပ်စစ်တပ်အကြောင်း၊ နောက်ဆုံး ရေခပ်ဆင်းသော ရှာသူမိန်းကလေးများ၏ ကြားတွင်လည်း အင်္ဂလိပ်စစ်တပ်၏ သတင်းကသာ ရေပန်းစားနေ၏။

ယခုလည်း ကြည့်ဦး။ ငြိမ်းငြိမ်းစန်းတို့ မိန်းမပျိုတစ်သိုက် ရေကန်၌ ဆုံမိကြတွင် ...



"ဟဲ့ ရွှေဥ၊ ညည်းတို့ အင်္ဂလိပ်တပ်တွေ ရှာနားမှာ တပ်စွဲထားတာ သိတယ်မဟုတ်လား"

ဟု မိစိန်တင်က စကားစလိုက်သည်နှင့် ရွှေဥ ...ာ ...

"သိပါတော်၊ သိပါ၊ ဟိုနေ့က အဘာနဲ့ ဟိုဖက်ရှာက ပြန်လာတော့ အဲဒီတပ်စခန်းနားက ဖြတ်ပြန်လာတာ"

"စစ်သားတွေ အများကြီးပဲလား၊ ညည်းကို ဘာပြောသေးလဲ"

ဟူသော အေးမေ၏ အမေးကြောင့် ရွှေဥမှာ ...စောင်းရွှယ်လိုက်ရင်း ...

"ဟဲ့...စစ်တပ်ပါဆို စစ်သားတွေ အများကြီးပဲပေါ့၊ ကျုပ်ကို ဘာပြောမှာလဲ၊ ပြောရဲ ပြောကြည့်ပါလား၊ တွေ့သွားမှာပေါ့"

ဟု ဟန်ပါပါပြောလိုက်ရာ အရွတ်အနောက် ...သန်သော မိပုက ...

"ဟော ... ပြောရင်းဆိုရင်းနဲ့ အင်္ဂလိပ်စစ်

www.burmeseclassic.com

www.burmeseclassic.com



တပ် ဒီကိုလာနေပြီ”

ဟု ပြူးပြူးပြာပြာ ဆိုလိုက်သောအခါ ရွှေမှာ လန့်သွားပြီး –

“ဟင် … ဘယ်မှာတုန်းဟဲ့”

ဟု ကြောက်လန့်တကြား ဆိုလိုက်သောကြောင့် အမျိုးတစ်သိုက်မှာ ငါးခနဲ ပွဲကျသွားတော့သည်။ ထိုအခါ အေးမေက …

“ညည်းတို့ သိပြီးပြီလား၊ ဟိုဟာလေ”

“ဘာတုန်းဟဲ့”

ဟုဆိုကာ ရေအိုးကို ပိုက်ရင်း အမျိုးတစ်သိုက် ခေါင်းချင်းဆိုင်ပြီး နားထောင်လိုက်သည်တွင် အေးမေက အသံအုပ်အုပ်ဖြင့် …

“ကျုပ်အဘပြောတာတော့ ဒီစစ်တပ်လာတာ ရွာအတွက် မကောင်းဘူးတဲ့၊ တစ်နည်းနည်းနဲ့ ဒုက္ခပေးမှာ၊ သတိနဲ့ နေတဲ့”

“ဟုတ်လား၊ ကျုပ်အဘကတော့ ပြောတာပဲ၊ စစ်တပ်ရှိတော့ ရွာလုံခြုံတယ်တဲ့၊ သူခိုးသူပုန်လည်း မပူရတော့ဘူးပေါ့”



ရွှေဥနှင့် အေးမေ၏ အင်္ဂလိပ်စစ်တပ်နှင့် ပတ်သက်ပြီး အပြန်အလှန် ပြောစကားများကို ငြိမ်းငြိမ်းစန်း တစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာ နားထောင်နေမိသည်။ ထိုစဉ် သူကြီး၏ တူမဝမ်းကွဲတော်သော မိပုက …

“ညည်းတို့ ထင်ရာတွေ ရွှတ်ပြောမနေနဲ့၊ အင်္ဂလိပ်စစ်တပ်က အားအားယားယားလာပြီး ဒီရွာမှာ တပ်စွဲတာမဟုတ်ဘူး၊ ဒီရွာနားမှာ သူပုန်စခန်းရှိလို့ဟဲ့၊ သိပြီလား၊ အဲဒါ သူ့ ရလို့ လာတာ”

ဟု လေသံကို ခပ်တိုးတိုး နှိမ့်ချရင်း မျက်လုံးမျက်ဆန်ပြူးကာ ပြောလိုက်သောအခါ အမျိုးများမှာ…

“သြော် … ဒါကြောင့်ကိုး”

ဟု ဆိုကာ ခေါင်းတညိတ်ညိတ် လုပ်နေတော့၏။

ဘာပဲပြောပြော တစ်ရွာလုံး အင်္ဂလိပ်စစ်တပ်ရောက်သည့်နေ့မှ တစ်နေ့တစ်နေ့ ဒါကိုပဲ အလုပ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ပြောကြတော့၏။

လွှန်ခဲ့သော လပိုင်းက စိတ်ဝင်တစား ပြော
ကြသော တောက်တီးနှင့် တောက်တဲ့ကို မေ့လျော့နေကြ
ချေပြီ။

မမေ့နိုင်သူတစ်ဦးကတော့ နေ့စဉ်နှင့်အမျှ
သတိရဆဲပင်။ သူမကတော့ တခြားလူမဟုတ်။
တောက်တီးရဲ့ချစ်သူ ငြိမ်းငြိမ်းစန်းပင် ဖြစ်၏။ သူမ
ကတော့ ဘယ်လိုမေ့ပျောက်နိုင်ပါမလဲလေ။

ဇာတ်သိမ်း



"ဘဂျမ်းရေ ... ဒီရွာနားမှာ သူပုန်ရှိနေတာ
တော့ ကျိန်းသေတယ်"

"ဟာ ... ဟုတ်ရဲ့လားကွာ"

"သေချာပါတယ်ကွာ၊ ငါ အတိအကျကို ကြား
ခဲ့ရတာ၊ အဲဒါကြောင့်မို့ အင်္ဂလိပ်စစ်တပ်က
ဒီရွာက မပြန်တာ"

အိမ်ရှေ့ခန်းတွင် ဘဂျမ်းနှင့် ဖိုးချွန်တို့ ပြောနေ
သောစကားကြောင့် အိမ်ရှေ့သို့ ထွက်မည့်ဆဲဆဲ ငြိမ်းငြိမ်း
စန်းမှာ အိမ်ခန်းအကွယ်တွင် ရပ်ပြီး နားထောင်နေမိ
သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်တပ်အကြောင်း သိချင်သော်လည်း အစ်ကိုကြီး ဆူမှာစိုးသောကြောင့် မမေးရဲခဲ့။ ယခု ဖိုးချွန်လာပြောလို့သာ သိရခြင်းဖြစ်သည်။

"ငါကြားခဲ့တဲ့ သတင်းဆို လွဲခဲတယ်၊ မှုန်ကြီး တပည့် ကြွက်နီကိုယ်တိုင် ထန်းတောမှာ ပြောတာ၊ မှုန်ကြီးက သူကြီးသားဆိုတော့ အင်္ဂလိပ်တပ်နဲ့ အဆက်အသွယ် ရှိတယ်ကွ"

"အေး ... ဒါတော့ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်ကို ဖြစ်နေတာ၊ အခုဆိုမှုန်ကြီးက ရွာထဲမှာ အာဏာတော်တော် ပြနေတာ"

ဖိုးချွန်စကားကြောင့် ဘဂျမ်းမှာ ဒေါသထွက်သွားဟန်ဖြင့် ...

"သူက ဘာကောင်မို့ အာဏာပြနေတာလဲ၊ ငမူးငရွှေးကများ"

"အမယ်လေး ... တိုးတိုးပြောပါ ကျေးစူးရှင်၊ မင်းအကောင်တွေကြားလို့ ငါတို့ ထိပ်တုံးစာ မိနေပါဦးမယ်"

ဖိုးချွန်က ဘဂျမ်းကို ပြာပြာသလဲ သတိပေးလိုက်၏။ ဘဂျမ်းမှာ မျက်နှာထားတင်းတင်းနှင့်ပင် ...

"အဓိပ္ပာယ် မရှိတာကွာ၊ ဘာကိစ္စ သူ့ကို ကြောက်နေမှာလဲ"

"ဟာ ... ကြောက်နေရတယ်၊ ဟိုတစ်နေ့က ဒီကောင်တွေအဖွဲ့ မူးရူးပြီး ကိုသံချောင်း ထန်းရည်ဆိုင်ကို ဖျက်ဆီးပစ်တာ ရစရာမရှိဘူး၊ ကိုသံချောင်းက မခံနိုင်တော့ အပြန်အလှန်ချကြတာ၊ နောက်ဆုံး ကိုသံချောင်းမှာ ဆိုင်လည်း ပျက်စီး၊ လူလည်း ထိပ်တုံးခတ်တာခံလိုက်ရသေး"

"ဒါ သက်သက်မိုက်ရိုင်းတာပဲ"

"ဒါတောင် ကိုသံချောင်းမိန်းမက သူကြီးကို သွား ဘာင်းပန်လို့၊ ဒီလိုမှမဟုတ်ရင် အင်္ဂလိပ် ဝ..ကို ဖမ်းပို့ဦးမှာတဲ့"

"တောက် ..."

www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်းမှာ ခံပြင်းဒေါသကြောင့် တောက်တစ်ချက် ခေါက်ပစ်လိုက်သည်။ ဖိုးချွန်မှာ အိမ်ထဲသို့ ဝေ့ဝဲကြည့်ရင်း …

"နောက်ပြီး မင်းကို သတိပေးစရာ ရှိသေးတယ်"

ဟု အသံတိုးတိုးဖြင့် ပြောလိုက်ရာ ဘဂျမ်းက-

"ဘာ သတိပေးမှာလဲ"

ဟု မေးလိုက်၏။

ဖိုးချွန်က လေသံတိုးတိုးဖြင့် …

"မှုန်ကြီးက မင်းညီမကို ချိန်နေတာကွ"

"ဘာ …"

ဘဂျမ်း၏ ဒေါသသံနှင့်အတူ ငြိမ်းငြိမ်းစန်း ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ မှုန်ကြီး၏ ထန်းရည်မူးနေသော ညှဉ်းသိုးသိုး မိုက်ကန်းကန်းမျက်နှာကို မြင်ယောင်မိရင်း ငြိမ်းငြိမ်းစန်း တွန့်ခနဲပင် ဖြစ်သွားမိ၏။ မှုန်ကြီးသည် အမှန်တကယ်ဖင် ငြိမ်းငြိမ်းစန်းကို ရိသဲ့သဲ့ လုပ်နေသည်မှာ ကြာပြီဖြစ်သည်။



"ငါ့ညီမတော့မရဘူး၊ စားပဲရမယ်"

ဘဂျမ်း ဒေါသထွက်ပြီး မျက်နှာမှာ နီမြန်းလျက် ရှိသည်။ ဖိုးချွန်က …

"သိပ်လည်း ဒေါသမကြီးနဲ့ဦး ဘဂျမ်း၊ အတတ်နိုင်ဆုံးတော့ ကိုယ့်နဲ့ ထိပ်တိုက်မတွေ့အောင် ရှောင်ပေါ့ကွာ"

ဟု ပြော၏။ ငြိမ်းငြိမ်းစန်း ရင်ထဲတွင်တော့ တောက်တီးကိုသာ တမ်းတနေမိသည်။ သူမအနီးတွင် တောက်တီးမရှိတော့သည်မှာ သူမအတွက် လုံခြုံမှု၊ နွေးထွေးမှုတစ်ခု ကင်းမဲ့သွားသလိုပင်။

✱

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းစန်း အိပ်ရာက နိုးလာတော့ နေဖ
အတော်မြင့်နေပြီဖြစ်သည်။ သူမ အလွန်စိတ်လှုပ်ရှာ
လျက် ရှိ၏။ အဘယ်ကြောင့်ဆိုသော် သူမ ညက
ကောင်းကောင်း အိပ်မပျော်ခဲ့ပါချေ။ အိပ်မက်လိုလ
တကယ်ပဲဖြစ်သလိုလိုနှင့် ကျားဟိန်းသံတွေ တစ်ညလုံ
ကြားနေရသောကြောင့် မနက်စောစောကကည်းက
အစ်ကိုကြီးကို အကျိုးအကြောင်းပြောပြပြီး ရွာထဲသို
သွားစုံစမ်းခိုင်းခဲ့သည်။ ယခုအချိန်ထိ ပြန်မလာသေးတ
မို့ စိုးရိမ်နေမိ၏။

ရွာထဲမှာ အင်္ဂလိပ်စစ်တပ်တွေက ခြေချင်းလိ



နေတာ။ ပြီးတော့ အင်္ဂလိပ်စစ်တပ်က ရွာသားတွေကို
စောရားအနိုင်ကျင့် နှိပ်စက်နေလျှင် ဘဂျမ်းမှာ လက်
ပိုက် ကြည့်နေမည့်သူ မဟုတ်ချေ။

ထို့အပြင် မှန်ကြီးရန်ကလည်း တစ်မျိုးရှိသေး
သည်မို့ အစ်ကိုဖြစ်သူအတွက် ရတက်မအေး ဖြစ်နေရ
သူက ငြိမ်းငြိမ်းစန်း။

ညက သူမ ကြားခဲ့ရသော ကျားဟိန်းသံတွေ
ကရော တကယ်ပဲလား၊ ဒါမှမဟုတ် အိပ်မက်လေပဲ
လားဟု တွေးရင်း စိတ်ရှုပ်ထွေးသွားရသည်။

ထိုစဉ် ခြံထဲသို့ လှမ်းဝင်လာသော ဘဂျမ်းကို
တွေ့လိုက်ရသည်မို့ ...

"ဟယ် ... အစ်ကိုကြီး ပြန်လာပြီ"

ဟု ပြောရင်း အိပ်ပေါက်ဝတွင် ထိုင်နေရင်းမှ
သုတ်ခနဲ ထကာ အစ်ကိုဖြစ်သူထံ အပြေးကလေး သွား
ကြိုလိုက်မိ၏။ စိုးတထိတ်ထိတ် မျှော်နေရသည်မို့
ရောက်လာသောအခါ အလွန်ဝမ်းသာသွားခြင်းဖြစ်
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်းမှာ ဆောင်းထားသော ခမောက်ကို

ရင်း ...

"သတင်းတော့ ထူးနေပြီ ညီမလေးရေ"

ဟု ပြောလိုက်၏။

"ဟင် ... ဘာ ဘာသတင်းထူးတာလဲ

အစ်ကိုကြီး"

ဘဂျမ်းမှာ သက်ပြင်းတစ်ချက်ချရင်း ...

"ညက အင်္ဂလိပ်စစ်တပ်ကို ကျားဝင်ဆွဲ

တဲ့"

"ဟင် ... ဟုတ်လား၊ သေ ... သေသွ

လားဟင်"

"အင်း ... ကင်းစောင့်နေတဲ့ တပ်သ

တစ်ယောက် ပါသွားတယ်တဲ့"

"ဒါဆို သေမှာပဲနော်"

"ကျားဆွဲသွားပါတယ်ဆိုမှ သေတာပေါ့"

"ကောင်းတယ်"

ငြိမ်းငြိမ်းစန်းစကားကြောင့် ဘဂျမ်းမှာ အံ့



သွားရသည်။ ယခင်ကဆိုလျှင် ညီမလေးသည် ကြောင်ကလေး၊ ခွေးကလေး သေတာကိုပင် ကြောက်ရွံ့စိုးရိမ်နေတတ်သူ။ ယခု လူတစ်ယောက်လုံး ကျားကိုက်ခံရတဲ့ သတင်းကြားရတာကိုပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသောကြောင့် စဉ်းစားမရနိုင်အောင် ဖြစ်နေရ၏။

ငြိမ်းငြိမ်းစန်းကတော့ တကယ်ကို ပျော်ရွှင်ဝမ်းသာနေသည့်ဟန်။

သူမ မျက်လုံးတို့မှာ အရောင်တွေ တဖျတ်ဖျတ် လက်လို့လေ။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောမြင်ကွင်းကြောင့် ငြိမ်းငြိမ်းစန်း ထိတ်လန့်တုန်လှုပ်သွားရသည်။ ခြံထဲသို့ ဝင်လာကြသူများမှာ အခြားသူများ မဟုတ်ချေ။ သူမ အလွန် ရွံမုန်းသော မှုန်ကြီးတို့ ဖြစ်သည်။ ရှေ့ဆုံးမှ ကန်တော့ပွဲ ရွက်လာသူမှာ ကြွက်နီ။ မှုန်ကြီးမှာ တိုက်ပုံအကျႌ ဘန်ကောက်လုံချည်နှင့် မြောက်ကြွမြောက်ကြွ လှမ်းလာ၏။ သူ့ဘေးတွင် သူကြီးနှင့် သူ့တပည့်တပန်းများ ပါလာသည်။ ငြိမ်းငြိမ်းစန်း လန့်ပြီး အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။

"အစ်ကိုကြီး ... အစ်ကိုကြီး အိမ်ရှေ့မှာ"



လို့ တစ်ပိုင်းတစ်စအော်ပြီး အိမ်ခန်းထဲသို့ ပြေးဝင်လာသည်။ ဘဂျမ်းမှာ ညီမဖြစ်သူကို နားမလည်နိုင်စွာ ကြည့်နေရင်းမှ အိမ်ပေါ်တက်လာသူများကို မြင်လိုက်မှ သဘောပေါက်သွားတော့သည်။

"ထိုင်ပါ သူကြီး၊ ဘာကိစ္စရှိလို့လဲမသိဘူး"

ဘဂျမ်းစကားကြောင့် သူကြီးမှာ ထိုင်ချလိုက်ပြီးမှ အိုးတိုးအန်းတန်း ဖြစ်သွားသည်။ မှုန်ကြီးပင် ...

"ဒီ ... ဒီလိုပါ ကိုဘဂျမ်း၊ ငြိမ်းငြိမ်းစန်းကို ..."

"ဟောကောင် ... မင်းက အဖေလား၊ ငါက အဖေလား"

သူကြီး ဝင်ဟန့်လိုက်မှ မှုန်ကြီး ငြိမ်သွားသည်။

သူကြီးမှာ ဘဂျမ်းကို မျက်နှာချိုသွေးရင်း ...

"ဒီလိုကွ၊ ဒီက မင်းညီမ ငြိမ်းငြိမ်းစန်းနဲ့ ငါ့သား မှုန်ကြီးကို နေရာချထားပေးဖို့"

"နေပါဦး သူကြီး၊ ကျွန်တော့်ညီမနဲ့ သူကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားအော ဘယ်တုန်းက ရှည်ငံနေလို့ အခုလို လာတောင်းရတာလဲ''

သူကြီးမှာ မှန်ကြီးဆက်သို့ ခပ်စောင်းစောင်း လှည့်ကြည့်လိုက်ရာ မှန်ကြီး မနေတတ် မထိုင်တတ် ဖြစ်သွားပြီး ...

''ကျုပ် ... ကျုပ်က မေတ္တာရှိနေတာပါ၊ သူ့ကာ ...''

ဟု ထစ်ထစ်ငေါ့ငေါ့နှင့်ဆိုရာ သူကြီးမှာ မျက်နှာမှိုရဲသွားပြီး ...

''တောက် ... မှန်ကြီး၊ မင်း ငါ့ကို ဒါ သက်သက် အရှက်ခွဲတာလား''

''မ ... မဟုတ်ဘူး အဘ''

သူကြီးမှာ ပွဲကြမ်းချေပြီ။

မှန်ကြီးမှာ ရောက်ကာစကလို ဆောင့်ကြွား ကြွားအမူအရာ ပျောက်ပြီး မျက်နှာငယ်နှင့် ရှင်းပြရန် ကြိုးစားသော်လည်း သူကြီးမှာ အတော်ကို စိတ်ဆိုး သွားပြီဖြစ်၏။



''မင်းက လိုက်တောင်းပေးပါ၊ လိုချင်လှချည် ရဲ့ဆိုလို့ အခု ဒီဘက်က ဘာမှတောင် မသိရ ဘူး၊ ငါ့မှာတော့ မိသားဖသားပီပီ လာတောင်း တာ၊ ထို့ ... ခွေးကောင်၊ ဘာအစွမ်းမှ မရှိဘဲ ငါ့ကို သိက္ခာချတာ''

ဟုဆိုကာ လွှားခနဲ ထ၍ထွက်သွားရာ မှန်ကြီး မှာ ဘာပြန်ပြောရမှန်း မသိဘဲ ကျန်ရစ်ခဲ့တော့၏။

''ကဲ ... မှန်ကြီး၊ ဒီလောက်ဆို မင်း သဘော ပေါက်တော့၊ ငါ့ညီမနဲ့ မင်းကို သဘောမတူ နိုင်ဘူး၊ ဒါပဲ ...''

ဘဂျမ်းစကားကြောင့် ငြိမ်းငြိမ်းစန်းမှာ ချောင်း ကြည့်နေသော အကွယ်တွင် ထခုန်မိမတတ် ဝမ်းသာ သွားရသော်လည်း မှန်ကြီးမှာ ဒေါသကြောင့် ရှူးရှူးရှား ရှားဖြစ်သွားကာ ...

''ဒီမှာ ဟေ့ကောင်၊ မင်းတို့လို အဆင့်အတန်း မျိုးကို ငါလို သူကြီးသားက မိသားဖသားပီပီ လာတောင်းတာ လက်မခံနိုင်ဘူး ဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



အေး … မှုန့်ကြီးဆိုတဲ့ ကောင်ကလည်း ဓားခု လို့မှ မမီရင် အပင်ပါ လုံတတ်တဲ့ကောင်၊ တစ်နေ့ ငါ့အကြောင်း ကောင်းကောင်းသိမယ်''

ဟု အော်ဟစ်ကြိမ်းမောင်းကာ အိမ်ပေါ်မှ ဆင်းသွားတော့သည်။ ထိုအခါ သူနှင့်ပါလာသော လူများမှာလည်း ကန်တော့ပွဲ ကောက်မကာ အိမ်ပေါ်မှ ဝရုန်းသုန်းကား ပြန်ဆင်းပြေးသွားတော့သည်။

ဘဂျမ်းမှာ ဒေါသစိတ်ကို အနိုင်နိုင်ထိန်းရင်း ကျန်ခဲ့တော့၏။ မှုန့်ကြီးတို့အုပ်စု ပြန်သွားမှ ငြိမ်းငြိမ်းစန်းမှာ သက်ပြင်းချနိုင်တော့သည်။ သူမရင်ထဲတွင် တမ်းတမိသူမှာ တောက်တီးတစ်ယောက်သာလျှင် ရှိ၏။ ဘယ်တွေများ ရောက်နေပါလိမ့်။ လောကကြီးမှာ သေသလား ရှင်သလား မသိရတဲ့ လူတစ်ယောက်ကို သူမ ရူးမိုက်စွာ မျှော်လင့်နေဆဲဆိုတာ တောက်တီး သိလိမ့်မည်မထင်။ ကံမကုန်ရင်တော့ ပြန်ဆုံနိုင်ကောင်းရဲ့လို့ တွေးပြီး နေ့စဉ်နှင့်အမျှ သတိရနေမိ၏။



ထွက်သွားသည့်နေ့မှစ၍ ယခုထက်တိုင် ဘာအဆက်အသွယ်မှ မလုပ်၊ နေနိုင်ရက်တာ ဘာအကြောင်းတွေများ ရှိနေလို့လဲဟု စဉ်းစားရတာလည်း မမောနိုင်။

တောက်တီးကတော့ အသက်ရှင်လျက်မှ ရှိပါလေစ။

ဖြစ်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ယာထဲမှ ပြန်လာသော ဘဂျမ်းမှာ တိတ်ဆိတ်နေသောအိမ်ကို ကြည့်ပြီး စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားမိ၏။

"ညီမလေး … ညီမလေးရေ့"

သူ့ခေါ်သံသာ ထွက်ပေါ်လာပြီး အိမ်တွင်းမှ တုံ့ပြန်သံတစ်စုံတစ်ရာ မကြားရသောကြောင့် စိုးရိမ်မိပြီး အိမ်ပေါ်သို့ တက်ကြည့်လိုက်သောအခါ တစ်အိမ်လုံး ရှုပ်ပွနေပြီး လှေကားအတက်အဆင်းတွင် လူအများ တက်ဆင်းထားသော ခြေရာများကို တွေ့လိုက်ရသည်။ မီးဖိုချောင်ထဲတွင်လည်း သိမ်းဆည်းထားခြင်း မရှိသော



အိုးခွက်ပန်းကန်တို့မှာ ပြန့်ကျဲလျက်ရှိ၏။ ငြိမ်းငြိမ်းစန်းသာ ရှိလျှင် တစ်အိမ်လုံး သန့်ရှင်းသပ်ရပ်နေတတ်သည်။

ယခုတော့ တစ်အိမ်လုံး အထီးကျန်စွာ ငြိမ်သက် တိတ်ဆိတ်လျက်။

"ဒီကောင်မလေး ဘယ်များ လျှောက်သွားနေပါလိမ့်"

သူ စဝေဝါ တွေးနေခိုက် တစ်စုံတစ်ယောက်၏ မျက်နှာကို ဖျတ်ခနဲ ပြေးမြင်လိုက်ကာ ခြံထဲမှ တစ်ရှိန်ထိုး ပြေးလာခဲ့မိတော့သည်။

ထိုစဉ် သူ့ရှေ့တူရူမှ ပြေးလာသော အောင်ဖဲကို တွေ့လိုက်ရ၏။ သို့သော် သူ ဂရုမစိုက်အား။ အန္တရာယ်အငွေ့အသက်ကို ခံစားမိသလိုရှိပြီး ရွာပြင်သို့သာ စိတ်က စောနေသည်။

အောင်ဖဲသည် သူ့ရှေ့သို့ ရောက်သောအခါ လက်ဖြင့် ဆီးကာလိုက်ပြီး မောကြီးပန်းကြီးနှင့် …

"ကို … ကိုဘဂျမ်း ဘယ်သွားမလို့လဲ"

ဟု မေးလေ၏။ ဘဂျမ်းမှာ အောင်ဖဲ၏ အမေး

www.burmeseclassic.com

www.burmeseclassic.com



ကို မဖြေအားဘဲ ရှေ့သို့သာ အရှိန်နှင့် ဆက်ပြေးရန် ပြင်လိုက်စဉ် ...

"ခ ... ခဏနေဦး၊ ခင်ဗျား ... ညီမ"

ဟူသော အောင်ဇံ၏ တစ်ပိုင်းတစ်စ စကားကြောင့် ဘဂျမ်း စိတ်လှုပ်ရှားသွားကာ ....

"ငါ့ညီမ ... အေး ... ဘယ်မှာလဲ ပြောစမ်း"

ဟု အမောတကော မေးလိုက်မိ၏။ အောင်ဇံမှာ အသက်ကိုပင် အပြေးအလွှား ရှူလိုက်ကာ ...

"ငြိမ်းငြိမ်းစန်းကို မှန်ကြီးတို့ ဆွဲသွားပြီ"

ဟု ပြောလိုက်ရာ ဘဂျမ်းမှာ ဒေါသထွက်သွားပြီး ...

"ဘယ်ကို ခေါ်သွားလဲ"

ဟု မာထန်စွာ မေးလိုက်သည်။ အောင်ဇံက ရွာတောင်ဘက်တောကို လက်ညှိုးညွှန်ပြရင်း ...

"ဒီလမ်းအတိုင်း ဆွဲခေါ်သွားတာ၊ ငါ ထင်းခုတ်ရင်း မြင်ခဲ့ရတာ"

"တော်ကီ"



ဘဂျမ်း အောင်ဇံနံဘေးမှ ပြေးထွက်ခဲ့တော့သည်။

သူ့ရင်ထဲတွင် ပူပင်သောကစိတ်က မီးတစ်စလို ပူပြင်းလောင်ကျွမ်းလျက်ရှိ၏။

ဖေဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



"နင် … ငါ့ကို လွှတ်နော်"

ငြိမ်းငြိမ်းစန်း အတင်းရုန်းကန်ရင်း အော်လို

သံက တောထဲတွင် ခပ်သဲ့သဲ့လေးသာ ထွက်ပေါ်လာ

နိုင်သည်။ မှုန်ကြီးမှာ အောင်နိုင်သူတစ်ယောက်

အပြုံးမျက်နှာဖြင့် စိုက်ကြည့်နေပြီးမှ …

"ဟား ဟား ဟား ဟား၊ နင့်ကို လိုချင်လွန်း

လို့ ငါ့မှာ ဘယ်လောက်စွန့်စားခဲ့ရတယ် ထင်

လဲ၊ နင့်စိတ်ကို လျှော့လိုက်တော့၊ ခုချိန်မှာ

နင်ဟာ ငါ့မယားပဲ"

"တွီ … ရွံလိုက်တာ၊ နင့်လို ခွေးတိရစ္ဆာန်



မျိုးကို ယူမယ့်အစား ငါ့ကိုယ်ငါပဲ သတ်သေ

လိုက်မယ်၊ နင် မှတ်ထား"

ငြိမ်းငြိမ်းစန်း ပြန်အော်ပစ်လိုက်သည်။ မှုန်ကြီး

မှာ မျက်နှာတစ်ခုလုံး ရဲခနဲ ဖြစ်သွားပြီး …

"ကောင်မ … လူပါးဝလို့၊ ချစ်လွန်းလို့ ငါက

အလျှော့ပေးနေတာ အဟုတ်ကြီး မှတ်နေ

တယ်"

"ဘာချစ်တာလဲ၊ လူယုတ်မာ၊ နင့်လို ငမူးက

များ ချစ်တယ်တဲ့၊ အရိုင်းအစိုင်းကောင်"

"တောက် … ငြိမ်းငြိမ်း၊ နင်တော်တော်စွာ

နေပါလား"

"စွာတော့ ဘာဖြစ်လဲ၊ နင့်လိုလူမျိုးကို သတ်

တောင် ပစ်ချင်သေးတယ်"

ငြိမ်းငြိမ်းစန်း၏ တစ်ခွန်းမခံစကားများကြောင့်

မှုန်ကြီးမှာ အားမလိုအားမရဖြစ်ကာ …

"နင် ငါ့အကြောင်း သိစေရမယ်"

ဟု ကြိမ်းမောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင် … ငါ့ကို ခု လွှတ်ပေး၊ ငါ
ရှာပြန်နိမယ်"

မှုန်ကြီး၏ မျက်နှာတွင် မသတိစရာ အပြုံး
တစ်မုံ ပေါ်လာပြီး …

"နင် ရွာကို သိပ်ပြန်ချင်နေတယ် ဟုတ်လား။
အေး … ပြန်ရမယ်၊ ဒါပေမဲ့ အခုတော့
မဟုတ်ဘူး"

ဟု ပြောကာ ငြိမ်းငြိမ်းစန်းအနားသို့ တိုးကပ်
လာတော့သည်။

ငြိမ်းငြိမ်းစန်းမှာ အလွန်ထိတ်လန့်သွားပြီး …
"နင် … နင် ငါ့အနား ကပ်မလာနဲ့နော်"

ဟု တတွတ်တွတ်ပြောရင်း နောက်သို့ တရွေ့
ရွေ့ ဆုတ်လာမိသည်။

မှုန်ကြီးမှာ တဟားဟား အော်ရယ်ရင်း
ငြိမ်းငြိမ်းစန်းကို အတင်းဖက်ကာ မတရား အနိုင်ကျင့်ရန်
ကြိုးစားတော့သည်။

ငြိမ်းငြိမ်းစန်းမှာ ရှိသမျှအားနှင့် တွန်းထိုး ရုန်း



ကန်နေသော်လည်း အင်အားချင်း မမျှသောကြောင့်
အရှုံးပေးရမလို ဖြစ်နေစဉ် …

"ခွေးကောင် … သေပေတော့"

"ဒုတ်"

"ခွပ်"

"အင့်"

မှုန်ကြီးမှာ ငြိမ်းငြိမ်းစန်းဆီသို့သာ အာရုံရောက်
နေသဖြင့် နောက်မှ အန္တရာယ်ကိုမမြင်။ ဘဂျမ်း အရှိန်
ဖြင့် ပစ်ကန်လိုက်ရာ မှုန်ကြီးမှာ မြေပေါ်တွင် နှစ်ပတ်
သုံးပတ် လိမ့်သွားသည်။ လဲကျနေသော မှုန်ကြီးမှာ
ဒေါသတကြီးနှင့် …

"ဟေ့ကောင်တွေ ဘာလုပ်နေတာတုန်း၊ ဒီ
ကောင်ကို ရှင်းပစ်"

ဟု လှမ်းအော်လိုက်သောအခါ ပုန်းကွယ်နေရာ
မှ ထွက်လာသော သူတပည့်သုံးယောက်မှာ ဘဂျမ်းကို
ဝင်ရောက်တိုက်ခိုက်ကြတော့၏။

"ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား"

သုံးယောက်နှင့်တစ်ယောက် လူအင်အားချ
မမျှသည့်အတွက် ဘဂျမ်းမှာ တစ်ကိုယ်လုံး ဒဏ်ရာ
ပွနှင့် မြင်မကောင်းအောင် ဖြစ်နေသည်။ မှုန်ကြီးသ
ဘဂျမ်းအခြေအနေ မဟန်တော့မှန်း သိသည့်အတွ
ငြိမ်းငြိမ်းစန်းကို နေရာမှ ဆွဲပြေးရန် ပြင်လိုက်စဉ်

"ဝေါင်း"

မနီးမဝေးဆီမှ ကြားလိုက်ရသော ကျားဟိန်း
ကြောင့် မှုန်ကြီး၏ တပည့်များမှာ ဘဂျမ်းအား ထိုးကြိ
နေရာမှ ဟိုဒီကြည့်လိုက်ကြပြီး …

"ကျား … ကျား၊ ဒါ ကျားဟိန်းသံ"

ဟု အော်ကာ ထွက်ပြေးသွားကြတော့သည်
တစ်ယောက်တည်း ကျန်ခဲ့သော မှုန်ကြီးမှာ ကျားဟိ
သံကြောင့် မနေဝံ့တော့ဘဲ ထွက်ပြေးလေတော့သည်

ကျားဟိန်းသံမှာ တစ်စထက်တစ်စ နီးလာ
ပြီ။



ရွာဘက်သို့ ပြေးပြန်လျှင်လည်း မှုန်ကြီးတို့
အန္တရာယ်က ရှိသေးသည်။ ဒီအတိုင်း ရပ်နေလျှင်တော့
ကျားကိုက်ခံရမည်။ မှုန်ကြီးတို့လက်ချက်နှင့်တော့
အသေမခံလိုပေ။ မောင်နှမနှစ်ယောက်လုံး၏ မျက်ဝန်း
မှာတော့ တူညီသည့် သဘောဆန္ဒများ ထင်ဟပ်နေကြ
သည်။

"ဝေါင်း"

သူတို့နှင့် မလှမ်းမကမ်းနေရာမှ ကျားဟိန်းသံ
ကို ကျယ်လောင်စွာ ကြားရသော်လည်း ကံဆိုးသူ
မောင်နှမကတော့ တစ်ယောက်လက်တစ်ယောက် တင်း
တင်းဆုပ်ရင်း ပြေးစရာမြေ မရှိတော့သည့်အလား ထို
နေရာမှာပင် ရပ်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များကို တစ်ရွာလုံး သိရှိ

ကြပြီး ဘဂျမ်းတို့ မောင်နှမအား သနားကရုဏာဖြ

မဆုံးခင်မှာပင် ငြိမ်းငြိမ်းစန်းတစ်ယောက် ရွာသို့ ပြ

ရောက်လာ၏။

ငြိမ်းငြိမ်းစန်း ရွာသို့ ပြန်ရောက်လာခြင်း

မထူးဆန်းဟု ဆိုနိုင်သော်လည်း သူမ၏အစ်ကို ဘဂျ

ပြန်ပါမလာခင်ကတော့ တစ်ရွာလုံးအတွက် ဗယေ

တစ်ခု ဖြစ်နေခဲ့သည်။

အောင်ဇံ ပြောပြသောကြောင့် တစ်ဆင့်စကာ

တစ်ဆင့်နားဖြင့် ဘဂျမ်းနှင့် ငြိမ်းငြိမ်းစန်းအကြောင်း



ပြီးဖြစ်သည့်အတွက် ငြိမ်းငြိမ်းစန်းတစ်ယောက်တည်း

တောထဲမှ အသက်ရှင်ရက် ပြန်လာနိုင်ပြီး ဘဂျမ်း

အကြောင်း မည်သူ့မှ ရေရေရာရာ မပြောနိုင်ခြင်းမှာ

လွန်ထူးဆန်းနေပေပြီ။

တောထဲတွင် ကျားဆွဲလို့ သေလျှင်လည်း

စ်ယောက်စလုံး သေမည်ဖြစ်သည်။ ရွာထဲက လူများ

...

"ဟဲ့ ... ငြိမ်းငြိမ်း၊ နင့်အစ်ကို ဘဂျမ်းရော"

ဟု မေးသည့်အခါ ငြိမ်းငြိမ်းစန်းသည် ဖြူး

ယ် ဝိုင်းစက်သော မျက်လုံးများနှင့် ကြောင်တောင်

တောင် ပြန်ကြည့်ပြီး ခေါင်းခါပြသည်မှလွဲ၍ မည်သည့်

အားတစ်ခွန်းမှ မပြောချေ။

"ဘဂျမ်းကို ကျားဆွဲသွားတာလား"

ဟု မေးလျှင်လည်း ငြိမ်းငြိမ်းစန်းမှာ ခံစားချက်

သော အေးစက်စက်လေသံနှင့် ...

"မသိဘူး"

တစ်လုံးသာ ဖြေ၏။ တစ်ယောက်နှင့် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မျက်စိအောက်က အပျောက်မခံနိုင်အော
ချစ်ကြသော မောင်နှမနှစ်ယောက်သည် မှုန်ကြီးကြိုးဟ
ရာမှစကာ သေကွဲ ကွဲနေသလား၊ ရှင်ကွဲ ကွဲနေသလ
ပင် မည်သူမှ တပ်အပ်မပြောနိုင်တော့ချေ။

ငြိမ်းငြိမ်းစန်းသည် ယခင်လို မဟုတ်တော့
ရွာထဲမှ လူများနှင့် ခေါ်ပြောဆက်ဆံမှုများ ပြောင်း
သွားသည်။

ရွာသားများနှင့် ရောရောနှောနှော သိပ်မလု
သောကြောင့် ရွာထဲ၌လည်း အတင်းအဖျင်း ပေါင်း
ပြောကြတော့၏။

“သူ့အစ်ကိုကို ကျားဆွဲသွားတာ မြင်လိုက်
ပြီး စိတ်ဖောက်သွားတာနေမှာပေါ့”

“ကျားက သူ့ကိုကျတော့ အန္တရာယ်မပေးတ
အကြောင်းထူးတော့ ရှိရမယ်”

စသဖြင့် ပြောကြသော အတင်းပေါင်းစုံ
သူမသည် မည်သို့မှ မတုံ့ပြန်ခဲ့။ ထို့အပြင် သူမအ
မှုန်ကြီး လုံးဝ မနှောင့်ယှက်ရဲတော့ချေ။ တစ်ရွာလုံ



မှုန်ကြီး၏ လုပ်ရပ်ကို သိသွားတာကတစ်ကြောင်း၊ ငြိမ်းငြိမ်းစန်း၏ နေပုံထိုင်ပုံပြောင်းလဲလာတာက တစ်ကြောင်းနှင့် မှုန်ကြီးမှာ သူမအနားသို့ပင် မသီရဲတော့ချေ။ သို့သော် ဘဂျမ်းကတော့ ကျားဟိန်းသံတွေ ကြားပြီး ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကယ်ကြပါဦးဗျ၊ အား ... ကယ်ကြပါ"

ဟူသော အသံနှင့်အတူ ရွာထိပ်မှ ပြေးဝင်လာသူတစ်ဦး။ အောင်ဖဲနှင့် ချက်စူမှာ ထန်းရည်သောက်နေရာမှ လှမ်းကြည့်လိုက်ကြ၏။ ပြေးလာသူသည် သူတို့နှင့် တစ်ခေါ်လောက်အကွာတွင် လဲကျသွားသည်ကို မြင်လိုက်ရသောကြောင့် နေရာမှ ထကာ အပြေးသွားလိုက်မိသည်။

လဲကျနေသူမှာ ရုပ်ပျက်ဆင်းပျက်ဒဏ်ရာများ၊ သွေးအလိမ်းလိမ်းကပ်နေသော မျက်နှာကြောင့် မည်သူမည်ဝါမှန်းပင် မသဲကွဲတော့ချေ။



"ကျား ... သမန်းကျား"

ထိုလူအား ပွေ့ထူလိုက်သောအခါ သူ့နှုတ်မှ ကယောင်ကတမ်း ထွက်လာသည်က သမန်းကျား ဆိုပါလား။ အသေအချာကြည့်လိုက်တော့ သူကြီးသားမှန်ကြီး ဖြစ်နေသည်။ မျက်နှာတွင် ကျားကုတ်ရာများနှင့် မြင်မကောင်း၊ ရှုမကောင်းဖြစ်နေပြီး သူ့ရင်ဘတ်မှ သွေးများ ဒလဟော စီးကျနေသည်။

"မှန်ကြီး ... မင်း ဘယ်လိုဖြစ်လာတာလဲ"

အောင်ဖဲတို့ သူငယ်ချင်းအုပ်စုမှာ ဘဂျမ်းတို့မောင်နှမကိစ္စနှင့် ပတ်သက်ပြီး မှန်ကြီးကို မုန်းတီးရွံရှာနေသော်လည်း ယခုလို သေလုမျောပါး ဒဏ်ရာများရလာသောအခါ တစ်ရွာတည်းသားချင်းတွေမို့ စိတ်မကောင်းဖြစ်သွားရသည်။

မှန်ကြီး၏မျက်နှာမှာ ဒဏ်ရာအပြင်းအထန်ခံစားနေရသောကြောင့် ရုပ်ပင် မပီပြင်တော့။ ထို့အပြင် ကြောက်ရွံ့ထိတ်လန့်နေသည့်အရှိန်က မပြယ်သေးချေ။

"ငါ ... ငါတို့တောထဲသွားတာ လူ ...

www.burmeseclassic.com

www.burmeseclassic.com

လူသံတွေကြားလို့ သူပုန်စခန်းကို သွားစုံစမ်းတာ၊ လူ မဟုတ်ဘဲ ကျား … ကျား၊ သမန်းကျား၊ ကြွက်နီနဲ့ ဟိုကောင် … သေပြီနဲ့ တူတယ်၊ အား … ငါ … ငါကို''

ရွာထဲမှ သူကြီးနှင့် ရွာသားများ ရောက်လာသောအချိန်တွင် မှန်ကြီးမှာ လေသံပင် မထွက်နိုင်တော့ချေ။ မှန်ကြီး၏ ဝမ်းဗိုက်မှာ ပေါက်ထွက်နေပြီး အူများပင် အခွေလိုက် ထွက်ကျလုမတတ် ဖြစ်နေ၏။

ခဏအကြာတွင် မှန်ကြီးမှာ အသက်ထွက်သွားတော့၏။ တစ်ရွာလုံးမှာ အံ့သြထိတ်လန့်နေကြသည်။ မှန်ကြီးမသေခင် ပြောသွားသော သမန်းကျားဟူသည့် စကားက တစ်ရွာလုံးကို တုန်လှုပ်စေခဲ့သည်။ ထို့ထက်ပို၍ တစ်ရွာလုံးကို တပ်လန့်သွားစေခဲ့သည့် အဖြစ်ကတော့ မှန်ကြီးသေပြီးရက်ပိုင်းအတွင်းမှာ ထပ်မံဖြစ်ပွားခဲ့ပြန်လေ၏။



တစ်ရွာလုံး တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိ၏။ လရောင်က ပြောက်ကျားလေး ထိုးကျနေသည်။ အင်္ဂလိပ်စစ်တပ် စခန်းချရာ ခြံဝန်းအနီးတွင်တော့ အန္တရာယ် အငွေ့အသက်က ဖြန့်ကျက်လာချေပြီ။

''ဝုတ် … ဝုတ်''

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ရုတ်တရက် ထိုးဟောင်လိုက်သော ခွေးဟောင်သံကြောင့် စစ်သားအချို့မှာ အိပ်မောကျနေရာမှ လန့်နိုးလာကြ၏။ ထိုစဉ် လရောင်ကွက်ကွက်လေးအောက်တွင် မြင်လိုက်ရသော အရိပ်တစ်ရိပ်ကြောင့် ကင်းစောင့်တပ်သားများ

www.burmeseclassic.com

www.burmeseclassic.com

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သို့သော် ရုတ်ချည်းဆို သလို ထိုအရပ်က ပျောက်ကွယ်သွားသည်။

ခြံစည်းရိုးဘေးတွင် ကင်းစောင့်နေသော တပ်သားမှာ မြင်လိုက်ရသောအရိပ်ကို အာရုံစိုက်ပြီး သေနတ်နှင့် လှည့်ပတ်ချိန်နေခိုက်တွင် ...

"ဟား ဟား ဟား ဟား"

ရုတ်တရက် ကြားလိုက်ရသော ရယ်သံကြီးကြောင့် ကျောရိုးထဲက စိမ့်သွားသည်။ အသံကြားရာဘက်ဆီသို့ မျက်စိကို ဖွင့်၊ နားကိုစွင့်ပြီး သေနတ်နှင့် ထိုးချိန်ထားလိုက်သည်။

"ဟား ဟား ဟား ဟား"

ရယ်သံကြီးကတော့ အသည်းအေးဖွယ် ထွက်ပေါ်နေဆဲပင်။ သို့သော် တစ်နေရာတည်းက မဟုတ်ဘဲ အရပ် လေးမျက်နှာမှ ပတ်လည်ထွက်ပေါ်လာသောကြောင့် အင်္ဂလိပ်စစ်တပ်မှ တပ်သားများမှာ ထိတ်လန့်တုန်လှုပ်သွားကြ၏။ ထိုကဲ့သို့ အားလုံး အထိတ်တလန့်ဖြစ်ပြီး အာရုံများနေကြစဉ် ...



"ဝေါင်း"

ဟူသော ကျားဟိန်းသံကြီးနှင့်အတူ သစ်လုံးစည်းရိုးကို ခုန်ကျော်၍ လွှားခနဲ ဝင်လာသော အဝါရောင် အရိပ်ကြီးတစ်ရိပ်ကို တွေ့လိုက်ကြရာ ...

"ချောက်"

"အား"

သေနတ်မောင်းတင်သံနှင့်အတူ တပ်သားတစ်ယောက်၏ မျက်နှာပေါ်သို့ ခုန်အုပ်ခံလိုက်ရသောကြောင့် အသံနက်ကြီးနှင့် အော်ဟစ်လိုက်သံက ထွက်ပေါ်လာတော့၏။

"ကျား ... ဟေ့ ... ကျားကြီး"

"ပစ် ... ပစ်"

"ဒိုင်း"

တစ်ခဏချင်းမှာပင် တပ်စခန်းတစ်ခုလုံး ကြောက်လန့်တကြား အော်ဟစ်သံများ၊ သေနတ်သံများ၊ ခွေးဟောင်သံများဖြင့် ဆူညံသွားသည်။

"ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

သေနတ်သံက ဆင့်ကာဆင့်ကာ ထွက်ပေါ် လာသည်။ သို့သော် ပစ်လိုက်သော ကျည်ဆံကတော့ တောကောင်ကြီး၏ ကိုယ်ပေါ်သို့ ထိမှန်ချင်း မရှိပါလေ။

"ဂရား"

ဝမ်းခေါင်းသံကြီးနှင့် တစ်ချက်အော်ဟစ် မာန် ဖီလိုက်ပြီး သစ်လုံးစည်းရိုးပေါ်သို့ လွှားခနဲကျော်ကာ အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

တစ်ယောက်မှ မလိုက်ဝံ့ကြချေ။ ခဏအကြာမှ ရုပ်ပျက်ဆင်းပျက် သေနေသော တပ်သားအနီးသို့ ရွာသားများရော၊ အင်္ဂလိပ်တပ်သားများပါ ဝိုင်းအုံလာ ကြတော့သည်။

ထူးဆန်းသည်ကား ရုပ်ပျက်ဆင်းပျက်ဖြစ် အောင် တိုက်ခိုက်သတ်ဖြတ်သွားသည်မှလွဲ၍ စားသွား ခြင်း၊ ကိုက်ချီသွားခြင်း မရှိတာပင်။

✸



တစ်ရွာလုံး ကျားရန်ကို ကြောက်ရွံ့ထိတ်လန့်ပြီး ရွာထဲက ရွာပြင်ထွက်ရန်ပင် မဝံ့ကြတော့ချေ။ ထိုသို့ စိုးရိမ်တုန်လှုပ်နေကြစဉ် မျှော်လင့်ချက်အလင်း တစ်ခုက ထွက်ပေါ်လာခဲ့ပါ၏။

ထိုအရာမှာ တခြားမဟုတ်ပါလေ။ မြို့မှ အင်္ဂလိပ်မင်းကြီး၏ ညွှန်ကြားမှုဖြင့် ရာဇဝတ်အုပ်မင်း ကိုယ်တိုင် နာမည်ကျော် မုဆိုးကြီးတစ်ဦးကို ခေါ်လာပြီး ကျားကြီးကို နှိမ်နင်းမည့်သတင်းပင် ဖြစ်သည်။ သူကြီးမှာ ထိုသတင်းကို ကြားကြားချင်း ရွာသားများကို မောင်းခေါ် ကာ သူ့အိမ်ရှေ့တွင်စုရုံးစေပြီး အားရဝမ်းသာပြောပြလေ၏။

ကျားကိုက်လို့ သေသွားတဲ့ သားအတွက် လက်

www.burmeseclassic.com

www.burmeseclassic.com



စားချေရှန် သူကြီးမှာ အတော်ကို တက်ကြွနေပုံရသည် ရွာသားများမှာလည်း ထိုသတင်းကြောင့် အတော်လေ ရဲတင်းလာကာ မုဆိုးကြီး ရောက်မလာခင်ကပင် တော ထဲသို့ ထင်းခုတ်၊ ဝါးခုတ် သွားသူများ၊ မှိုရှာမျှစ်ချိုးသူ သူများနှင့် ပြန်လည်စည်ကားလာကာ ကျားကြီးကို ရ မပြုကြတော့ချေ။

မုဆိုးကြီး ရောက်လာတော့မည့် သတင်းသ တစ်ရွာလုံး အားရဝမ်းသာ ပြောဆိုမဆုံးခင်မှာပင် တကယ်ကို မုဆိုးကြီး ရောက်လာတော့သည်။ မုဆိုးကြီ မှာ အသက်လေးဆယ်ကျော်၊ ငါးဆယ်ခန့်ရှိပြီး အသာ ဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် သန်မာထွားကျိုင်းသော ကရ ကြီးတစ်ယောက်ဖြစ်၏။ ရာဇဝတ်အုပ်မင်းကိုယ်တို လက်နက်အပ်ကာ စိတ်ချယုံကြည်ပြီး အလွန်အားကို သောကြောင့် ကရင်ကြီး၏အစွမ်းမှာ သေးမည်မဟုတ် ချေ။

ထိုမုဆိုးကြီးအကြောင်းကို တစ်ရွာလုံး ဒဏ္ဍာ လူစွမ်းကောင်းလို့ ချီးမွမ်းမဆုံးကြချေ။ တချို့ဆို လေသ



ကြားနှင့် ...

"ဟော့ ... သူကြီးအိမ်မှာရောက်နေတဲ့ ကရင် မုဆိုးကြီးကတော့ တကယ်တော်တာဟေ့၊ သူ့ အိမ်မှာဆို ဆင်စွယ်တွေ၊ ကျားစွယ်တွေ၊ ဝံ သားရေတွေ ချိတ်ထားတာ မြင်မကောင်းဘူး တဲ့"

ဟု လေထုံးထွားကြသူများရှိသလို ...

"ဒီမုဆိုးကြီးက ကုန်းပေါ်တင် မကဘူး၊ မိချောင်းပါဖမ်းနိုင်တဲ့ ရေမုဆိုးတဲ့"

ဟု ထင်ရာမြင်ရာပြောတဲ့ သူကလည်း ရှိ၏။ တချို့ကတော့ ...

"ရေမုဆိုးမကလို့ သူ့ဟာသူ ဂဠုန်ပါ ဖာက် ဖမ်းနိုင်တဲ့ လေမုဆိုးပဲဖြစ်ဖြစ် အဓိကက ဒီ လူသတ်နေတဲ့ ကျားကြီးကို ဖမ်းနိုင်ဖို့ပဲဟေ့"

ဟု စိတ်စောနေကြသူများလည်း ရှိသေးသည်။ မည်သို့ဆိုစေ ကရင်မုဆိုးကြီး စောဖိုးအယ်၏ အစွမ်းကို ကြောမီမှာပင် ရွာသားများ မြင်ခွင့်ရခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒူ ... ဒူ"

သူကြီးအိမ်မှ လူစုမောင်းသံကြောင့် ရွာသားများ ဒရောသောပါး ပြေးလာကြသည်။ အားလုံး သူကြီးအိ[illegible] ရှေ့သို့ ရောက်သောအခါ အံ့အားသင့်သွားကြတော့၏

သူကြီး၏ အိမ်ရှေ့တွင် ကရင်မုဆိုးကြီး စောဖိုး[illegible] အယ်နှင့် ရွာသား လေးငါးခြောက်ယောက် မနိုင့်တနိုင် ထမ်းကာ ချထားသော ကျားသေကြီးကို မြင်လိုက်ရ တော့၏။

တစ်ရွာလုံး အုပ်အုပ်ကျွက်ကျွက် ဖြစ်သွားကြ သည်။ သူကြီးမှာ ပျော်တပြုံးပြုံး ဖြစ်နေ၏။ ရွာသား [illegible]များမှာ ကျားသေကြီးကို ထိသူထိ၊ ကိုင်သူကိုင်နှင့် [illegible]တိုင်းတာကြည့်ရာ ကိုးတောင်တီတီရှိလေသည်။ တစ်ရွာ လုံး ကျားသေကြီးကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။

အားလုံးထဲတွင် ကျားသေကြီးကို ကြည့်ကာ ထူးထူးခြားခြား ဝမ်းနည်းနေသူက ငြိမ်းငြိမ်းစန်းပင် ဖြစ်၏။

တစ်ရွာလုံးကို ထိတ်လန့်ချောက်ချားစေခဲ့သော ကျားကြီးမှာ ယခုတော့ ရွာသားများအလယ်တွင် အသက်ဝိညာဉ်ကင်းမဲ့စွာ လဲလျောင်းနေရပြီဖြစ်သည်။ ထိုအချိန်တွင် ...

"ကဲ ... ကျုပ်တို့ရွာကလူတွေအားလုံး မြင်ကြတဲ့အတိုင်းပဲ၊ လူသတ်ကျားကြီးကို ဟောဒီက မုဆိုးကျော်ကြီးကိုယ်တိုင် နှိမ်နင်းခဲ့ပြီးပါပြီ၊ ဘာမှ မစိုးရိမ်ကြပါနဲ့တော့၊ သမန်းကျား ဆိုတာလည်း မဟုတ်ပါဘူး၊ ကျုပ်တို့ သခင် ကြီးတွေရဲ့ နေမဝင်အင်ပါယာကို တော်လှန်

www.burmeseclassic.com

www.burmeseclassic.com



ပုန်ကန်ချင်တဲ့ လက်တစ်ဆုပ်စာ လူတစ်စု
ကျားကို မွေးမြူသင်ကြားပြီးတော့ ထင်ယော
ထင်မှားနဲ့ ကြောက်လန့်အောင်လုပ်ပြီး ဒုက္ခ
နေတာပါ၊ အခုတော့ အားလုံး ရှင်းရှင်း လ
လင်း ဖြစ်သွားပါပြီ''

ငြိမ်းငြိမ်းစန်းမှာ ကျားသေကြီးကိုကြည့်
အလွန် စိတ်မကောင်းဖြစ်နေရသည်။

သူတို့မောင်နှမ အရှက်နှင့်အသက်ကို ကာကွ
ခဲ့သော သူ့ရဲကောင်းကြီးမှာ အသေစောသွားရချေ
သူကြီးအသံမှာ ဆက်လက် ထွက်ပေါ်လာ၏။

''ဒီကျားကြီးကို နောက်ကွယ်ကနေ ကြိုးကို
နေတဲ့ သူပုန်တွေကိုလည်း မကြာခင် ဖမ်
တော့မှာပါ၊ ဒီအတွက်လည်း သဲလွန်စ၊ သ
သေ အထောက်အထားတွေ နိုင်နိုင်မာမာ ရ
နေပါပြီ၊ အခုဆို သူပုန်စခန်းနဲ့ အဆ
အသွယ်ရှိတဲ့ ရွာသားတစ်ဦးကိုလည်း ဖမ်
ထားပြီးပါပြီ''

သူကြီးစကားကြောင့် တစ်ရွာလုံး စိတ်ဝင်စား
စွာ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ထိုစဉ် အင်္ကျီလိပ်
စစ်သားလေးငါးယောက် ဝိုင်းရံကာ လက်ပြန်ကြိုးတုတ်
ပြီး ခေါ်ဆောင်လာသူတစ်ယောက်ကို အားလုံးတွေ့လိုက်
ရသည်။

''ဟာ''

''ဟင်''

''အို''

ရွာသားများထဲမှ အံ့သြထိတ်လန့်စွာအာမေဋိတ်
သံများ ထွက်ပေါ်လာပြီး ငြိမ်းငြိမ်းစန်းမှာ ဖမ်းခေါ်လာ
သူကို ကြည့်ကာ မူးမေ့လဲကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ညဥ့်သည် တိတ်ဆိတ်မှောင်မိုက်လျက်။ ...
ရိုးတစ်ချောင်းက ခပ်သဲ့သဲ့ဟောင်လိုက်သော ခွေးသံ...
သာ ကြားရပြီး ပြန်လည်တိတ်ဆိတ်သွားသည်။

တစ်နေရာတွင်မတော့ အသံခပ်အုပ်အုပ်...
တစ်ချက်တစ်ချက် ထွက်ပေါ်လာ၏။ ထိုအသံမှာ တ...
ဖတ်ဖတ်နှင့် ခြင်ရိုက်သံပင် ဖြစ်သည်။

သစ်လုံးကာ အချုပ်ခန်းအတွင်းမှ လူ...
ယောက်နှင့် အချုပ်ခန်း အပြင်မှ လက်နက်ကိုင်ပုလိပ်...
ခြင်ကိုက်သည့်ဒဏ်ကြောင့် တစ်ကိုယ်လုံး နာကျ...
စပ်ဖျဉ်းနေကြ၏။

မှောင်မိုက်သော အချုပ်ခန်းထဲတွင် ရှိနေသူမှာ ဘဂျမ်းပင် ဖြစ်သည်။ သူ့ထံမှ ခြင်ရိုက်သံသာ ထွက်လာလျှင် အသက်မှ ရှိပါလေစဟု ထင်ရလောက်အောင် တိတ်ဆိတ်နေ၏။ သူ့တစ်ကိုယ်လုံး နှိပ်စက်မှုဒဏ်ကြောင့် ရှုရက်စရာ မရှိတော့။ သို့သော် သူ့စိတ်ဓာတ်ကတော့ သံမဏိလို မာကျောခက်ထန်ဆဲပင် ရှိသေး၏။

ဘယ်လိုနည်းနှင့်မှ စစ်မေး၍ မရသည့်အဆုံးတွင် သူ့အား မြို့ဂါတ်သို့ ပို့ရန် စီစဉ်ထားကြပြီး ဖြစ်သည်။ မနက်လင်းသည်နှင့် သူ့အား ဒီထက်ဆိုးသော ငရဲသို့ပို့ကာ စစ်ဆေးရန် အမိန့်ချလိုက်ကြ၏။

သို့သော် ဘဂျမ်းသည် သူ့အသက်ကို တိုင်းပြည်နှင့် လူမျိုး ဘာသာ၊ သာသနာအကျိုးအတွက် လှူထားပြီးဖြစ်သည်။

သေသွားလည်း သေရကျိုးနပ်သည်ဟု ခံယူထားသောကြောင့် ဘာကိုမှ ဂရုမစိုက်တော့ချေ။ ညီမဖြစ်သူ၏ သနားစဖွယ်မျက်နှာကို ပြန်မြင်ယောင်မိသော

www.burmeseclassic.com

www.burmeseclassic.com



ဦးလှဖေကတော့ ဆရာတော်၏ စကား မကြားတစ်ချက် ကြားတစ်ချက်။ သူ့အတွေးထဲတွင် တောက်တီးနှင့် တောက်တဲ့၏ ကံမကောင်း အကြော မလှပုံကို တွေးကာ စိတ်မကောင်း ဖြစ်နေတော့၏။

ထိုညသည် ရွာရှိ ကာလသားများအတွက် စိတ် ရှားစရာကောင်းသော သူခိုးကြီးညပင် ဖြစ်ပါ၏။ မှာ ကာလသားခေါင်းဖြစ်သောကြောင့် ရွာရှိ များကို စုကာ ရွာထဲမှ သက်ရှိသက်မဲ့ပစ္စည်းများ ခိုးယူနောက်ပြောင်ကြသည်မှာ မရိုးနိုင်သော ဓလေ့ ပင် ဖြစ်သည်။

ယခုလည်း ရွာမြောက်ပိုင်းမှ မုဆိုးဖိုကြီး အောင်ရင်၏ နွားကိုခိုးကာ အပျိုကြီး ဒေါ်ချစ်စု၏ င်းကုပ်သို့ သွားချည်ထားပြီး အပျိုကြီး၏ နွားကို ကြီးခြံထဲတွင် သွားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးသက္ကက မျက်ခုံးပင့်ကြည့်
ရင်း ...

"ဟေ ... ငါ့တပည့်က ဘာကို သဘောမကျ
တာတုန်းကွ"

ဟု မေးလိုက်ရာ တော်လှန်ရေးတပ်သားများ၏ အကြည့်က တောက်တီးထံသို့ စုပြုံရောက်ရှိသွားကြသည်။

"ဘကျွမ်းကို မြို့ဂါတ်ကို ပို့မယ်ဆိုပေမယ့် အသေအချာဖမ်းထားတာမဟုတ်ဘဲ ဂရုမစိုက်သလို အစင်မှာ ချုပ်ထားတယ်၊ အစောင့်ကလည်း ထူထူထပ်ထပ် ချမထားဘူး၊ ကျွန်တော်တို့ လိုအပ်မယ်ထင်လို့ တစ်ဖွဲ့လုံးခေါ်သွားတာ ဟိုရောက်တော့ ထင်တာထက် ပိုလွယ်နေတယ်"

တောက်တီး၏ အချက်ကျကျ ထောက်ပြလိုက်သော စကားကြောင့် ဦးသက္ကမှာ မျက်မှောင်တွန့်ရင်း အချိန်အတော်ကြာ စဉ်းစားသွားရသလို တပ်သားအားလုံး၏ မျက်နှာမှာလည်း အတွေးရိပ်ပေါင်းစုံ ပေါ်လာတော့၏။ ထိုစဉ် သစ်ပင်ပေါ်တွင် ကင်းစောင့်နေသော လူငယ်တစ်ယောက်မှာ အပြေးအလွှား ရောက်လာပြီး ...

"ဆရာကြီး ... ဆရာကြီး၊ ကျွန်တော်တို့ စခန်းဘက်ကို အင်္ဂလိပ်စစ်တပ်တွေ လာနေကြပါပြီ"

ဟု ပြောလိုက်ရာ မမျှော်လင့်ထားသော အကြောင်းမို့ အားလုံးအံ့အားသင့်သွားတော့၏။ ပထမဦးဆုံး သတိဝင်လာသူက တောက်တီး ...

"အားလုံး လက်နက်တွေယူ၊ အသင့်ပြင်တော့၊ အဲဒါ ကျွန်တော်တို့စခန်းကို ခြေရာခံမိသွားပြီ၊ အဲဒါ စခန်းရွှေ့တော့၊ ကျွန်တော်တို့ ဒီကောင်တွေကို ပြန်တိုက်မယ်"

ဟု ညာလက်ရုံးပီသစွာ ရဲရဲဝံ့ဝံ့ပြောလိုက်သောအခါ ဦးသက္ကမှာ ခေါင်းကို လေးတွဲ့စွာ ခါယမ်းရင်း ...

"အဲဒါထွက်သွားလို့ မဖြစ်ပါဘူးကွယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com

ကောင်တွေကို အဘကိုယ်တိုင် သတ်ရမှ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် အဘမသွားဘူး"

ဟု ခေါင်းမာစွာ ငြင်းဆန်လေသည်။

တောက်တီးမှာ ဤတိုက်ပွဲတွင် ဦးသက္ကကိုယ်တိုင် ဝင်တိုက်မည်ကို မလိုလားသော်လည်း ကြောက်ရွံ့လေးစားရသော ဆရာဖြစ်သည့်အတွက် အတင်းအကျပ် ကန့်ကွက်တားဆီးရန် မတတ်နိုင်ပါချေ။



တောက်တီးတို့အဖွဲ့မှာ တောင်ပေါ်မှ နေရာယူထားပြီးဖြစ်သည့်အတွက် တိုက်ပွဲတွင် တစ်ပန်းသာနေသည်။ သို့သော် လက်နက်အင်အား၊ လူအင်အားကတော့ မမျှပါချေ။ သူတို့တစ်ဖွဲ့လုံးတွင် လူ သုံးဆယ်ကျော်ခန့်သာ ရှိ၏။ သေနတ်ကိုယ်စီနှင့် တစ်တန်းကြီးချီတက်လာသော အင်္ဂလိပ်စစ်တပ်ကြီးကို ကြည့်ကာ သူ့ရင်ထဲတွင် စိုးရိမ်စိတ်နှင့်အတူ တိုင်းပြည်နှင့် လူမျိုးအတွက် မခံချင်ဒေါသစိတ်က ဆူဝေလာသည်။

"ရှိုး"

အချက်ပေးသံ ထွက်ပေါ်လာပြီး မကြာမီတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝေါလုံး သေနတ်သံများ ဆူညံပွက်လောရိုက်သွား၏။

"ဒိုင်း"

"ဒိုင်း"

ဆူညံသွားသော သေနတ်သံများကြောင့် ကျေးငှက်များပင် လန့်ပျံသွားကြသည်။ တန်းစီလာသော အင်္ဂလိပ်တပ်မှာလည်း ဖရိုဖရဲ တပ်ပျက်ကာ နီးရာသစ်ပင်အကွယ်သို့ ပြေးဝင်လိုက်ကြရ၏။

"ပစ်"

"ဒိုင်း"

"ဒိုင်း"

တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် ပစ်ခတ်ကုန်ပြီဖြစ်၏။ ရမ်းသမ်းပစ်နေသော အင်္ဂလိပ်စစ်တပ်ဘက်မှ ကျည်ဆံများသည် တရှိုးရှိုးနှင့် သူတို့ ခေါင်းပေါ်နားထင်ဘေးဆီမှ အသည်းယားဖွယ် ဖြတ်ပျံသွားသည်။

"ဒိုင်း"

"အား"



တောက်တီး လှည့်ကြည့်လိုက်သည်။ သူနှင့် မလှမ်းမကမ်း တောင်စောင်းမှ ရဲဘော်တစ်ယောက် ကျည်ဆံထိမှန်ကာ လဲကျသွားပြီ။ သူ ပြေးသွားလိုက်သည်။

"ဒိုင်း"

ကျည်ဆံတစ်ခုက သူ့ဘေးမှပွတ်ကာသီကာ ဖြတ်သွား၏။ သူ အတင်းပြေးသွားလိုက်သည်။

"ညွန့်မောင်"

"အား ... အစ်ကို ... ကျွန်တော်..."

ညွန့်မောင်သည် သူ့လက်ပေါ်တွင်ပင် အသက်ပျောက်သွားချေပြီ။ ညွန့်မောင်၏ လက်ထဲတွင် နလုံးပြူး၊ ရိုင်ဖယ် စသော သေနတ်မရှိချေ။ လက်ထဲတွင် ဒူးလေးကို တင်းတင်းဆုပ်ရင်း မျိုးချစ်ရဲဘော်လေးမှာ ကျဆုံးသွားရပြီဖြစ်၏။

"တောက်"

သူ ညွန့်မောင်ကို ချထားခဲ့ပြီး တိုက်ပွဲဖြစ်နေရာမှ အနောက်သို့ ပတ်ပြေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဦးတည်ရာက အင်္ဂလိပ်စစ်တပ်များ၏ နောက်ကျောဘက်ဆီသို့။

"ချွတ်"

"ဖျောက်"

သစ်ပင်တစ်ခုအကွယ်တွင် ကပ်နေခိုက် ရုတ်တရက် ထွက်ပေါ်လာသော သစ်ကိုင်းခြောက်ကို နင်းလိုက်သံကြောင့် သူ အသက်အောင့်၍ စောင့်နေလိုက်၏။ မကြာပါချေ။ သေနတ်ကို မောင်းတင်ရင်း တရွေ့ရွေ့ လှမ်းလာသူမှာ အသားထဲက လောက်ဖြစ်သော အမျိုးသားသစ္စာဖောက် သူကြီးပင်တည်း။

သူကြီး အနားသို့ရောက်လာသည်နှင့် ......

"ဒုတ်"

"အား"

လက်ထဲမှ သေနတ်ဒင်နှင့် ခေါင်းကို ဖြတ်ရိုက်ချလိုက်သည်။ သူကြီးမှာ အတော်အသက်ပြင်းကာ သတိပင်မလစ်ဘဲ ပြန်ကုန်းထလာရာ လက်ထဲမှ သေနတ်နှင့် ထိုးချိန်လိုက်၏။



"ချောက်"

သူ့လက်ထဲမှ သေနတ်မှာ ကျည်ဆံကုန်နေပြီ ဖြစ်သည်။ သူ ရုတ်တရက်မို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ရန်သူသံ့သည် သူ့အား သေနတ်ဖြင့် ထိုးချိန်လိုက်၏။

"ဒိုင်း"

"အား"

သေနတ်သံနှင့်အတူ အော်ဟစ်ညည်းညူသံပါ ထွက်ပေါ်လာပြီး သူ့ရှေ့မှ သူကြီးမှာ ခွေခနဲ လဲကျသွားတော့၏။ သူ အလွန်အံ့ဩသွားသည်။ အင်္ဂလိပ်တပ်သားကို သေနတ်နှင့် လက်ဦးမှုယူကာ ပစ်ပိုက်သူမှာ ဦးသက္ကပင် ဖြစ်၏။

တိုက်ပွဲမှာ ကောက်ရိုးမီးကဲ့သို့ တစ်ခဏချင်းမှာပင် အရှိန်သေစ ပြုလာချေပြီ။ နှစ်ဖက်စလုံး အကျအဆုံးများစွာဖြင့် ဆုတ်ခွာရတော့သည်။

နောက်ဆုံး အင်္ဂလိပ်တပ်များ တပ်ပျက်ကာ ဆုတ်ပြေးသွားရသလို သူတို့အဖွဲ့မှာလည်း တပ်စခန်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကာ တပ်သားထက်ဝက်ခန့် ကျဆုံးသွားရ၏။ တောက်တီးမှာ ပေါင်တွင် သေနတ်ဒဏ်ရာတစ်ချက် ရရှိသွားသလို ဘဂျမ်းမှာလည်း လက်မောင်းတွင် ကျည်ဆံ ရှပ်ထိသွား၏။ သေလောက်သည့် ဒဏ်ရာ မဟုတ်သော်လည်း ရုတ်တရက် ပြန်မကောင်းနိုင်တာမို့ အနားယူရန် ဦးသက္ကကိုယ်တိုင် ခွင့်ပေးလိုက်၏။

ထို့ကြောင့် ဦးသက္ကမှာ တောက်တီးတို့ ညီအစ်ကိုနှင့် ဘဂျမ်းကို ဒဏ်ရာပျောက်ကင်းသည်အထိ တစ်နေရာ၌ ဝှက်ထားရန် စဉ်းစားလိုက်သည့်အခါ တစ်နေရာကို သတိရလိုက်သည်။

သို့သော် ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာတော့ မဟုတ်။ ဉာဏ်ကစားပြီး စွန့်စားနိုင်မှ ရမည့်သာ။ သို့အတွက် သူတို့၏အသက်များကို လောင်းကြေးထပ်ရပေဦးမည်။

[illegible]



တောထဲတွင် အင်္ဂလိပ်တပ်သားများနှင့် တော်လှန်ရေးတပ်သားများ တိုက်ပွဲဖြစ်နေသည့်သတင်းကို ကြားရသောကြောင့် ရွာထဲရှိလူများမှာ ထိတ်လန့်နေကြရှာ၏။

ငြိမ်းငြိမ်းစန်း၏ အိမ်တွင်လည်း ရွာထဲမှ မိန်းမကြီးများ အဖော်လာနေပေးကြသည်။ သူမမှာ အစ်ကိုနှင့် ချစ်သူအတွက် စိုးရိမ်နေရ၏။

ထိုစဉ် ခြံထဲသို့ဝင်လာသော လူတစ်စုကို မြင်လိုက်ရသောကြောင့် ငြိမ်းငြိမ်းစန်းတို့မှာ ထိတ်လန့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“အိမ်ရှင်တို့ ...”

အိမ်ရှေ့မှ လူကြီးတစ်ဦး၏ အသံကြောင့် ငြိမ်းငြိမ်းစန်းနှင့် အဖော်လာနေသော ဒေါ်ခမှာ မီးခွက်ကို ကိုင်ရင်း ...

“ဘယ်သူလဲ၊ အိမ်ရှေ့က ... ဟင် လူတွေ အများကြီးပဲ၊ သမီးရေ ... ငြိမ်းငြိမ်း”

ဟု လှမ်းခေါ်လိုက်လျှင် ငြိမ်းငြိမ်းမှာ အိမ် မှ ပြေးထွက်လာ၏။

ပါလာသောလူများကို ကြည့်လိုက်ရာ ...

“ဟင်”

သူမ အလွန်အံ့သြသွားရသည်။ သေလု ပါး ဒဏ်ရာများနှင့် သံတိုလစ်နေသော အစ်ကိုဘကျ ပြီးတော့ တောက်တီးနှင့် တောက်တဲ့။ ဒေါ်ခမှာ လူ ပီပီ စိုးရိမ်ထိတ်လန့်သွားပြီး ...

“အို ... ဘုရား ဘုရား၊ သွေးတွေ သံ နဲ့ပါလား”

ဟု တီးတိုးရေရွတ်လိုက်သည်။



အဘွားကြီး၏ အသံကြောင့် သူမ အသေအချာ ကြည့်လိုက်တော့ သုံးယောက်လုံးမှာ သွေးတွေ ရဲနေ၏။

“အစ်ကိုကြီး ... အစ်ကို၊ ဘာဖြစ်တာလဲ ဟင်၊ ဘကြီး အစ်ကိုတို့ ဘာဖြစ်လာတာလဲ”

ငြိမ်းငြိမ်းစန်း၏ စိုးရိမ်တုန်လှုပ်နေသော အမူအရာကြောင့် ဦးသက္ကမှာ ...

“ဒါတွေ နောက်မှမေးတော့ သမီး၊ အခု သူတို့ကို ဒီမှာထားခဲ့မှရမယ်၊ အင်္ဂလိပ်တပ်တွေဆီ သတင်းမပေါက်ကြားဖို့တော့ လိုတယ်”

“ဒီအတွက်တော့ စိတ်ချပါဘကြီး၊ ဒီရွာက အင်္ဂလိပ်အလိုတော်ရိရွာ မဟုတ်ပါဘူး၊ အားလုံး မျိုးချစ်စိတ်ရှိပါတယ်”

ငြိမ်းငြိမ်းစန်းစကားကြောင့် ဦးသက္ကမှာ ပြုံးပြီး ခေါင်းတစ်ချက်ညိတ်ကာ ...

“ကောင်းတယ်၊ အဘ စိတ်ချထားခဲ့ချင်တယ်၊ ဒဏ်ရာတွေ သက်သာမှ လာပြန်ခေါ်မယ်”

www.burmeseclassic.com

www.burmeseclassic.com


ဟု ဆိုကာ ညတွင်းချင်းပင် ပြန်သွားတော့၏။ ငြိမ်းငြိမ်းစန်းမှာ ဘဂျမ်းနှင့် တောက်တီးတို့ ညီအစ်ကိုကို ကြည့်လိုက်တော့ ဒဏ်ရာအရှိန်နှင့် အဖျားတက်ကာ သတိလစ်နေချေပြီ။

ထို့ကြောင့် အဘွားကြီး ဒေါ်ခနှင့် ငြိမ်းငြိမ်းစန်းမှာ ရွာမှ ဆေးဆရာကြီးကို ခေါ်ပြီး အဖျားသက်သာအောင် ပြုစုရပါတော့သည်။ သူတို့ သုံးယောက်ကတော့ သတိလစ်နေကြ၏။

ငြိမ်းငြိမ်းစန်းမှာ မျက်ရည်လေးဝဲ၍ အစ်ကိုကြီးနှင့် ချစ်သူအတွက် စိတ်ကောင်းဖြစ်နေရသည်။

✱

"အစ်ကို ... သတိရပြီလားဟင်"

ခြစ်ခြစ်တောက်ပူနေသည့် တောက်တီး၏ လက်ဖဝါးကို အသာဆုပ်၍ ငြိမ်းငြိမ်းစန်း မေးလိုက်သည်။ အားလုံးထဲတွင် တောက်တီးမှာ ဒဏ်ရာအပြင်းဆုံး ဖြစ်၏။

"အင်း ... ကျွတ် ... ကျွတ်"

တောက်တီးမှာ တအင်းအင်းနှင့် ညည်းညူနေရသည်။ ဘဂျမ်းမှာ နံရံကို မှီရင်း မှိန်းနေရာမှ အသာလှမ်းကြည့်သည်။ တောက်တီးဘေးတွင် ခြေမကိုင်မိ လက်မကိုင်မိနှင့် စိုးရိမ်ပူပန်နေသည့် ညီမဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com


ကြည့်ကာ သူ ပြုံးလိုက်ပြီးနောက် မမြင်ဟန်ဆောင်နေလိုက်သည်။

တောက်တဲ့ကတော့ ဒဏ်ရာသိပ်မပြင်းသူမို့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေ၏။

"အစ်ကို ... အစ်ကို"

ငြိမ်းငြိမ်းစန်းမှာ တောက်တီးနဖူးပေါ်သို့ လက်ဖြင့် ဖွဖွစမ်းရင်း ခေါ်ကြည့်သည်။

ဖြူဝင်းသော တောက်တီးမျက်နှာပြင်မှာ အဖျားရှိနိုင်ကြောင်း နီရဲနေ၏။ နက်မှောင်နေသော မျက်ခုံးတန်းနှစ်ခုကို ထိလုနီးပါး ကျုံ့တ်ရင်း ညည်းညူနေသော တောက်တီးမျက်နှာမှာ ဝေဒနာကို အပြင်းအထန်ခံစားနေရဟန်။

✸

အတော်လေးကြာမှပင် တောက်တီးတစ်ယောက်ပြန်သတိရလာခဲ့သည်။ ဖြည်းညင်းစွာ ပွင့်ဟလာတဲ့ မျက်ဝန်းတွေကို သူမ မျှော်လင့်တကြီး စောင့်ကြည့်နေမိသည်။

"အစ်ကို ..."

သတိရရချင်း ငြိမ်းငြိမ်းစန်း သူ့လက်တွေကို စိုးရိမ်တကြီး ဆုပ်ထားလိုက်သည်။ နူးညံ့အိစက်နေသည့် အထိအတွေ့ကြောင့် သူ အံ့ဩသွားရ၏။

"ငြိမ်းငြိမ်း"

ခြောက်သွေ့နေသည့် နှုတ်ခမ်းများဆီမှ တိုးသဲ့

www.burmeseclassic.com

www.burmeseclassic.com


သဲ့ ခေါ်သံတစ်ချက် ထွက်လာသည်။ ငြိမ်းငြိမ်းစန်းမှာ ဝမ်းသာကြည်နူးစွာ ပြုံးလိုက်ရင်း …

"အစ်ကို … ငြိမ်းငြိမ်း အနားမှာရှိတယ်လေ၊ သက်သာတယ်မဟုတ်လား"

ဟု မေးလိုက်၏။ တောက်တီးမှာ ငြိမ်းငြိမ်းစန်း လက်ကို သူ့ရင်ဘတ်ပေါ် တင်ရင်း ခေါင်းညိတ်ပြသည်။

"အဟမ်း … တောက်တီး၊ သတိရပြီလား"

ဘဂျမ်းအသံကြောင့် ငြိမ်းငြိမ်းစန်း ရှက်ပြီး လက်လေးကို ဆတ်ခနဲ ရုတ်လိုက်ရာ ကြိုသိနေသော တောက်တီးက လွှတ်မပေးဘဲ တင်းတင်းလေး ဆွဲထား၏။

"ဟို … အစ်ကိုကြီးကို ဆေးသွားတိုက်လိုက်ဦးမယ်"

ငြိမ်းငြိမ်းစန်း၏ လေသံတိုးတိုးကို ကြားလိုက်သော ဘဂျမ်းမှာ မသိမသာ ပြုံးရင်း …

"နေ … နေ ရတယ်၊ ငါ သက်သာတယ်၊

တောက်တီးသာ အဖျားမကျသေးတာ"

ဟု လှမ်းပြောလိုက်ရာ ငြိမ်းငြိမ်းစန်းနှင့် တောက်တီးမှာ အကြည့်ချင်းဆုံပြီး ပြုံးလိုက်မိကြ၏။

✸

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... ဆေးသောက်ရအောင်"

ငြိမ်းငြိမ်းစန်းစကားကြောင့် တောက်တီး လဲလျောင်းနေရာမှ ထလိုက်ရာ ပေါင်မှဒဏ်ရာက ပြန်နာလာသည်။ သူ မျက်နှာကို မဲ့ရင်း ...

"အား ... ကျွတ်"

စုတ်သပ်ညည်းညူလိုက်မိ၏။ ငြိမ်းငြိမ်းစန်းမှာ တောက်တီးကို ကပျာကယာ ပွေ့ထူပြီး ...

"အို ... အစ်ကိုကလည်း ငြိမ်းငြိမ်း ထူပေးမှာပေါ့၊ အရမ်းနာနေလားဟင်"

တောက်တီးမှာ ငြိမ်းငြိမ်းစန်းမျက်နှာကို စိုက်ကြည့်လိုက်ရင်း ...

"အစ်ကိုတော့ ဒဏ်ရာပျောက်သွားမှာတောင်



စိုးရိမ်နေပြီ"

ဟု ပြောလိုက်ရာ ...

"ဟင် ... ဘာဖြစ်လို့လဲ"

ဟု မျက်လုံးလေးအဝိုင်းသားနှင့် ပြန်မေး၏။ တောက်တီးက ငြိမ်းငြိမ်းစန်းမျက်နှာအား ကပ်ပြီး လေသံတိုးတိုးဖြင့် ...

"ငြိမ်းငြိမ်းအနားမှာ နေပြီး ဒီလိုအပြုစုမျိုး ခံချင်လို့လေ၊ နေကောင်းသွားရင် ဒီလို ဘယ်နေရတော့မလဲ"

တောက်တီးစကားကြောင့် ငြိမ်းငြိမ်းစန်းမှာ မျက်နှာလေး ညိုးငယ်သွားပြီး ...

"မဟုတ်တာ အစ်ကိုရယ်၊ အစ်ကို နေကောင်းသွားလည်း ငြိမ်းငြိမ်း ဂရုတစိုက် ပြုစုပေးမှာပေါ့"

တောက်တီးမှာ နှုတ်ခမ်းထောင့်လေး တွန့်ကွေးသွားရုံ တစ်ချက် မဲ့ပြုံးလိုက်ရင်း ...

"စိတ်ကူးယဉ်တာပါ ငြိမ်းငြိမ်းရယ်၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ချစ်သူအနားမှာ ပြုစုယုယခံဖို့ အခြေ
အနေ မပေးပါဘူး၊ နေကောင်းတာနဲ့ …”

ဟု စကားတစ်ဝက်နဲ့ ရပ်ပြီး သူမမျက်နှာကို ကြည့်လိုက်တော့ မျက်ရည်ဥများ တလိမ့်လိမ့် ပြိုဆင်း လာပြီး အသံတိတ် ရှိုက်နေသည်ကို တွေ့လိုက်ရ၏။

“စိတ်မကောင်းဖြစ်သွားသလား ငြိမ်းငြိမ်း၊
တိုင်းပြည်နဲ့ လူမျိုးအတွက် အစ်ကို အသက်နဲ့
ဘဝကို ပေးလှူထားတာမို့ …”

“မပြောပါနဲ့တော့ အစ်ကိုရယ်၊ ငြိမ်း နားလည်
ပါတယ်”

သူတို့နှစ်ယောက်လုံး စကားမပြောဘဲ တစ်ယောက်နှင့်တစ်ယောက် အချိန်ကြာကြီး စိုက်ကြည့်နေမိကြသည်။ နှစ်ယောက်လုံး၏ မျက်ဝန်းတွင် စကားများစွာ။ ဖွင့်မပြောသော်လည်း အပြန်အလှန် နားလည်နေကြသော နှလုံးသားစကားသာ ဖြစ်၏။

ဪ … ချစ်သူရယ်၊ အချစ်ရေးထက် စစ်ရေးက ခေါ်ချေပေါ့။

www.burmeseclassic.com



တောက်တီးတို့သုံးယောက်မှာ ဒဏ်ရာများ သက်သာပျောက်ကင်းနေကြပြီဖြစ်သော်လည်း ဦးသက္ကထံမှ ဆက်သွယ်မှု မရသေးတာကြောင့် ရွာမှာပင် တိတ်တဆိတ် ခိုအောင်းနေရသေးသည်။ အားလုံး စိတ်ဆောင်နေကြသောကြောင့် ဒဏ်ရာများက ထင်ထားသည်ထက် ပိုမိုမြန်ဆန်စွာ သက်သာပျောက်ကင်းသွား၏။ နေလည်း ကောင်းပြီမို့ တော်လှန်ရေးတိုက်ပွဲ ဆင်နွှဲကြရုံသာ။

“အစ်ကို”

ခြံထဲတွင် လမ်းဆင်းလျှောက်နေသော တောက်တီးမှာ နောက်ကျောမှ ရပ်၍ခေါ်လိုက်သည့် သူမအသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှည့်ကြည့်လာပြီး …

"ဘာပြောချင်လို့လဲ ငြိမ်းငြိမ်း"

ဟု မေးလိုက်သည်။ ငြိမ်းငြိမ်းစန်းမှာ တောက်တီး မျက်ဝန်းများသို့ စူးစိုက်ကြည့်ရင်း …

"အစ်ကိုတို့ ဘဘဦးသက္က လာခေါ်တာနဲ့ ပြန်လိုက်သွားမှာလားဟင်"

ဟု မေးရာ တောက်တီးမှာ သက်ပြင်းရှိုက်ရင်း သူမမျက်နှာသို့ ပြန်ကြည့်လိုက်သည်။ မျက်ရည်ဝဲလုလု ဖြစ်နေသော၊ မျက်ဝန်းအိမ်ကို မျက်တောင်တဖျပ်ဖျပ် ခတ်ရင်း ထိန်းနေရှာသော မျက်နှာမှာသနားစဖွယ်။

"ဘာဖြစ်လို့ မေးရတာလဲ ငြိမ်းငြိမ်းရယ်၊ အခုမှ မသွားသေးတာဘဲ"

"အခုမသွားသေးလည်း သွားတာတော့ သွားရမှာပဲ မဟုတ်လား၊ ဒီနေ့လား မနက်ဖြန်လားသာ မသိရတာ၊ အစ်ကို မသွားခင်မှာ တစ်ခုလောက် ငြိမ်းငြိမ်းကို ခွင့်ပြုပါလားဟင်"

ထူးဆန်းသော သူမစကားကြောင့် အဝေးသို့



ငေးမျှော်နေသော တောက်တီး၏ မျက်လုံးအကြည့်များမှာ သူမထံသို့ စိုက်ကျလာသည်။

"ဘာ ခွင့်ပြုရမှာလဲ"

ဟုလည်း သူ ပြုံးဟဲ့ဟဲ့ မေးလိုက်မိ၏။ ငြိမ်းငြိမ်းစန်းမှာ စူးစိုက်နေသော သူ့အကြည့်များကို ရင်မဆိုင်ဝံ့သလို ခေါင်းငုံ့မျက်လွှာချရင်း …

"ငြိမ်းငြိမ်း အစ်ကိုနဲ့ လက်ထပ်ပါရစေ"

"ဘယ်လို"

တိုးညင်းသော သူမစကားဟာ သူ့ရင်ထဲကို အရှိန်ပြင်းပြင်း ဝင်ဆောင့်လိုက်သလို ရင်ထဲမှာ လှုပ်ခါသွားရ၏။ မယုံနိုင်သော၊ အံ့သြသော၊ ဝမ်းနည်းဝမ်းသာ စသည့် ခံစားချက်ပေါင်းစုံ ရောပြွမ်းသော အကြည့်များဖြင့် သူ ငုံ့ကြည့်လိုက်တော့ သူမမျက်နှာကတည်ငြိမ်စွာ ခေါင်းမော့လာလျက် …

"ဟုတ်တယ် အစ်ကို၊ ငြိမ်းငြိမ်းတို့ လက်ထပ်ရအောင်"

ဟု ပြောလိုက်သော ဒုတိယစကားအဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကို သွက်သွက်ခါယမ်းလိုက်မိ၏။ သူ့နှုတ်မှလည်း ...

"မဖြစ်နိုင်တာ"

လို့ တိုးတိုးလေး ပြောလိုက်သည်။ ငြိမ်းငြိမ်းစန်းမှာ နှုတ်ခမ်းကို လက်ဖြင့်ကာ၍ အင့်ခနဲ တစ်ချက်ရှိုက်ကာ သူ့ရှေ့မှ လှည့်ထွက်မည်ပြုမှ သူ ကမန်းကတန်း လှမ်းဆွဲထားလိုက်၏။

သူမ၏ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းရင်း အချိန်အတော်ကြာအောင် ပြောစရာစကား ရှာမရဘဲ ဖြစ်နေသည်။

"ဘာဖြစ်လို့ အစ်ကို့ကို လက်ထပ်ချင်ရတာလဲ ငြိမ်းငြိမ်းရယ်"

ငြိမ်းငြိမ်းစန်းမှာ တသိမ့်သိမ့် ရှိုက်နေရင်းမှ...

"အစ်ကိုက ငြိမ်းငြိမ်းကို လက်မထပ်ချင်ဘူး မဟုတ်လား"

ဟု ပြောရာ သူ ငြိမ်းငြိမ်းစန်းမျက်နှာလေးကို ဆွဲမော့လိုက်ပြီး ...



"ဘယ်လိုပြောလိုက်တာလဲ ငြိမ်းငြိမ်းရယ်၊ ကိုယ့်ချစ်သူနဲ့ လက်မထပ်ချင်တဲ့သူ၊ အတူမနေချင်တဲ့လူဆိုတာ ရှိပါ့မလား"

"ဒါဖြင့်"

"ခဏနေဦး ငြိမ်းငြိမ်း၊ အစ်ကိုပြောမယ်၊ အစ်ကိုက တော်လှန်ရေးတိုက်ပွဲဝင်နေတဲ့လူ၊ အင်္ဂလိပ်အစိုးရက အချိန်မရွေး ဖမ်းလို့ရတဲ့သူပုန်၊ အစ်ကို့အသက်ကို အစ်ကို မပိုင်ဘူး၊ ပြီးတော့ အချိန်မရွေး သေသွားနိုင်တယ်၊ ဒါတွေ ငြိမ်းငြိမ်းသိရက်နဲ့"

"ဟင့်အင်း အဲဒါတွေ ငြိမ်းငြိမ်း ဂရုမစိုက်ဘူး၊ အစ်ကိုသေသွားခဲ့ရင်လည်း အစ်ကို့ဇနီးတစ်ယောက်အဖြစ် ငြိမ်းငြိမ်း ကျေကျေနပ်နပ် ဂုဏ်ယူချင်တယ်၊ အဲဒါ ငြိမ်းငြိမ်းဆန္ဒပဲ"

သူမ၏စကားများမှာ သူ့နှလုံးသားကို ဆုပ်ကိုင်ချေမွလိုက်သည့်နှယ်။

"အစ်ကိုနဲ့ ငြိမ်းငြိမ်း လက်ထပ်ပြီးရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ပြန်သွားဦးမှာပဲဆိုတာ သိတယ် မဟုတ်လားဟင်''

ငြိမ်းငြိမ်းစန်း ခေါင်းကို ခပ်လေးလေး ညိတ်ပြသည်။

''ပြီးတော့ ငြိမ်းငြိမ်းဆီကို ပြန်လာဖို့ မသေချာဘူးဆိုတာရော သိတယ်မဟုတ်လား''

ဒီတစ်ခါတော့သူမအနည်းငယ်တွန့်ဆိုင်းသွားသည်။ ပြီးမှ ...

''သိပါတယ်''

''အဲဒါနဲ့များ ဘာလို့''

သူ့စကားမဆုံးလိုက်။ သူမရဲ့ လက်ချောင်းသွယ်သွယ်လေးတွေက သူ့နှုတ်ခမ်းတွေကို ဆက်မပြောအောင် ဖိကပ်ပိတ်ထားလိုက်၏။ ပြီးမှ သူမနှုတ်က စကားတစ်ခွန်းကို တစ်လုံးချင်း ပြောချလိုက်သည်။

''အစ်ကိုကြီးကို ဖွင့်ပြောပြီး ငြိမ်းငြိမ်းတို့ လက်ထပ်ရအောင်နော်''

သူမရဲ့ စကားအဆုံးမှာ သူ့နှုတ်က ငြင်းဆန်



ဖို့ စကားပါးရှားသွားပြီဖြစ်၏။ ချစ်သူ့ရဲ့ ကိုယ်လုံးနွေးနွေးလေးကိုသာ တင်းတင်းကျပ်ကျပ် တိုးဖက်ရင်း အရာရာကို ခေတ္တမေ့လျော့ထားလိုက်သည်။ အိမ်ထဲမှ ချောင်းကြည့်နေသော တောက်တဲ့၏မျက်နှာမှာ ပြုံးရွှင်လျက်။ ဘဂျမ်းကတော့ သက်ပြင်းတစ်ချက် ရှိုက်ရင်း မျက်နှာလွှဲသွား၏။ သူတို့နှစ်ဦးကတော့ ဘာမှမသိချေ။

✷

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

တောက်တီး၏အသံကြောင့် ဘဂျမ်းမှာ သတိ ခနဲ တုန်သွားသည်။ ပြီးမှ ...

"ဟုတ်တယ် အစ်ကို၊ အဘနဲ့ အင်္ဂလိပ်တစ် တွေ တိုက်ပွဲဖြစ်တယ်တဲ့၊ အဘတို့ တစ်တစ် လုံး ကျသွားပြီ"

"တောက်"

ဘဂျမ်းမှာ ခါးထောက်ရင်း တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်၏။

"ငါတို့ ဘာဆက်လုပ်ကြမလဲ တောက်တီး"

တောက်တီး အံကို တင်းတင်းကြိတ်ရင်း ...



"အခုလောလောဆယ်တော့ ဘာလုပ်လို့ ရမှာလဲ၊ ငါတို့ဒီမှာပဲ ဆက်အောင်းနေရဦးမှာပေါ့၊ တခြားအဖွဲ့တွေနဲ့ သွားပြီး ပူးပေါင်းဖို့ လျှို့ဝှက်စုံစမ်းရမယ်"

တောက်တီးစကားကို လက်ခံသည့်အလား ဘဂျမ်းမှာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

တောက်တဲ့က -

"အစ်ကို ... ငါတို့ သိပ်အရဲကိုးလို့တော့ မရသေးဘူးနော်၊ အဖွဲ့တွေကျသွားပေမယ့် ငါတို့သုံးယောက် လွတ်သွားတာ သူတို့သိရင် ခြေရာခံလိုက်လာနိုင်တယ်"

ဟု ပြောလိုက်ရာ တောက်တီးမှာ ခဏစဉ်းစားနေပြီးမှ ...

"ဒါလည်း ဖြစ်နိုင်တယ်၊ ငါတို့က ဒီရွာသား ဆိုတော့ ဒီရွာကိုပဲလိုက်လာမှာ သေချာတယ်"

ဟု ပြောလိုက်သည်။ သူ့စကားကို တစ်စွန်း တစ်စ ကြားလိုက်ရသော ငြိမ်းငြိမ်းစန်းမှာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်သွားပြီး အိမ်ခန်းထဲသို့ လှစ်ခနဲ ပြန်ဝင်သွားသည်ကို တွေ့လိုက်ရ၏။ သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန်ကြည့်လိုက်မိပေမယ့် စကားတစ်ခွန်းမှ မဆိုမိကြချေ။

အားလုံး ခံစားချက်ကိုယ်စီ၊ အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိသည်။

တောက်တဲ့သည် သူ့အစ်ကို တောက်တီး၏ မျက်နှာသို့ အကဲခတ်သလို လှမ်းကြည့်လိုက်၏။

ငြိမ်းငြိမ်းစန်းဝင်သွားရာ အိမ်ခန်းဘက်ဆီသို့ ခပ်ငေးငေးကြည့်နေသော တောက်တီး၏ မျက်လုံးများတွင် နာကျင်ကြေကွဲရိပ် သန်းနေ၏။ တောက်တီး၏ မျက်နှာကို ကြည့်နေမိသော ဘဂျမ်းနှင့် တောက်တဲ့၏ ရင်ထဲတွင်လည်း ဖြေမဆည်နိုင်သော အပူမီးက တမြေ့မြေ့ ကျွမ်းလောင်နေသည့်နှယ်။

အားလုံး ပြိုင်တူလိုလို သက်ပြင်းချလိုက်ကြ၏။ သူတို့၏ စိတ်ကူးထဲတွင် မိသားစုဟူသော အနှောင်အဖွဲ့ သံယောဇဉ်ကို လျစ်လျူရှုပြီး နယ်ချဲ့အင်္ဂလိပ်၏ ရန်ကို တွန်းလှန်ရန်သာ။ ။



"ငြိမ်းငြိမ်းစန်း ... ငြိမ်းငြိမ်းစန်း"

ဟု ခေါ်သံနှင့်အတူ ခြံထဲသို့ မောကြီးပန်းကြီး ပြေးဝင်လာသော ရွာသားတစ်ယောက်။

"ဟင် ... အောင်ဇေ ဘာလဲဟင်"

"အစ်ကိုဘဂျမ်းတို့ရော"

"ဟင် ... အစ်ကိုကြီးတို့လား၊ ဘာလုပ်မလို့လဲ၊ မြန်မြန်ပြောစမ်းပါဟယ်"

ငြိမ်းငြိမ်းရင်ထဲ ထိတ်သွားရ၏။ အောင်ဇေက ဘေးဘီကို ဝေ့ကြည့်လိုက်ပြီး

"ရွာထဲမှာ အင်္ဂလိပ်စစ်တပ်တွေ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဟင်''

ငြိမ်းငြိမ်းစန်းမှာ အောင်ဖုံစကားကြောင့် အံ့သြ ထိတ်လန့်ကာ ကြက်သေ သေနေ၏။

''ငြိမ်းငြိမ်းစန်း ငါပြောတာ ကြားရဲ့လား။ သူတို့က တော်လှန်ရေးတပ်က လွတ်သွားတဲ့ လူတွေ လာရှာတာတဲ့၊ အဲဒါ အစ်ကိုဘဂျမ်းနဲ့ နှင့်ယောက်ျား၊ ပြီးတော့ တောက်တဲ့တို့ကို လာ ရှာတာ ဖြစ်လိမ့်မယ်''

''ဒါ ... ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်''

''လုံခြုံတဲ့ တစ်နေရာမှာ ပုန်းခိုင်းထားလေ။ သူကြီးကတော့ မသိဘူးချည်းပဲ ဘူးခံနေတာ၊ အခု ငါ့ကို ပြောခိုင်းလိုက်လို့''

ဟုဆိုကာ အောင်ဖုံမှာ ချက်ချင်းဆိုသလို ပြန် ပြေးသွားတော့သည်။ သူမ တွေတွေကြီး ရပ်နေမိ သည်။

''ငြိမ်းငြိမ်း''



သူမနောက်မှာ ဘယ်အချိန်က ရောက်နေမှန်း မသိသော တောက်တီး။ ရီဝေဆွေးမြေ့စွာ သူမအား ကြည့်နေလေ၏။

''အစ်ကို ... အဟင့် ... အစ်ကိုရယ်''

ငြိမ်းငြိမ်းစန်း သူ့ရင်ခွင်ထဲ ပြေးဝင်ပြီး ငိုရှိုက် ပစ်လိုက်၏။ သူမ၏ ပခုံးကို ဖွဖွဖက်ရင်း သူ တိုးတိုး လေး ဆိုမိ၏။

''စိတ်မကောင်းဖြစ်သွားသလား ငြိမ်းငြိမ်း''

''တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ငြိမ်းငြိမ်း သိပြီးသားပါ အစ်ကိုရယ်''

တောက်တီးရင်ထဲမှာ ပူလောင်နေရသည်။ ဒါတွေသိရက်နဲ့ ဘာကြောင့် သူ့ဘဝထဲကို ဝင်လာရ တာလဲကွာဟု သူ အသံတိတ်ညည်းညူနေမိ၏။

''အစ်ကို ... အစ်ကို ဘာမှမဖြစ်ပါဘူးနော်''

သူ အားတင်းပြုံးလိုက်သည်။ သူမကတော့ မျှော်လင့်ခြင်းများစွာနှင့် သူ့ကို အားကိုးတကြီး ဖက် တွယ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲကွာ"

ငြိမ်းငြိမ်းစန်း၏ နှုတ်ခမ်းတို့တွင် အပြုံးတစ်ချက် လက်ခနဲပွင့်သွားသည်။ သူမ၏ နှုတ်မှ ...

"အစ်ကို ... ဘာမှမဖြစ်ရဘူးနော်၊ ငြိမ်းငြိမ်းနဲ့အတူ တစ်သက်လုံး နေသွားမယ်၊ ပြီးတော့ အစ်ကို့အတွက် သားလေးလား၊ သမီးလေးလား မသိတဲ့ ငြိမ်းငြိမ်းဗိုက်ထဲက ကလေးလေးနဲ့"

ဟု တတွတ်တွတ်ပြော၏။ သူမ မျက်ဝန်းမှ မျက်ရည်ပူတို့သည် သူ့ရင်ဘတ်တွင် စိုစွတ်သွားကာ သူ့မျက်ရည်တို့သည်လည်း သူမပခုံးပေါ်သို့ တစ်စက်ချင်း လိမ့်ဆင်းကျသွားတော့၏။

"အစ်ကို ... ဘာမှမဖြစ်နိုင်ပါဘူးကွာ၊ ငြိမ်းငြိမ်းနဲ့ ပြီးတော့ကလေးလေးနဲ့ အမြဲအတူနေသွား ..."

"အစ်ကို အင်္ဂလိပ်တပ်တွေ တစ်ရွာလုံး မွှေနှေ ပြီ၊ ငါတို့ တစ်နေရာမှာ ပုန်းနေမှဖြစ်တော့မယ်"

တောက်တဲ့က သူ့နောက်မှ ပြောလိုက်၏။



ဘဂျမ်းမှာ သူတို့အဖြစ်ကို မကြည့်ရက်သလို မျက်နှာ လွှဲသွားသည်။

သူ ငြိမ်းငြိမ်းစန်း၏ ပါးပေါ်မှ မျက်ရည်တို့ကို သုတ်ပေးရင်း ...

"ငြိမ်းငြိမ်း ... အစ်ကို သွားဦးမယ်၊ အစ်ကိုတို့ ရှောင်နေရင် ရတယ်၊ ဘာမှ မစိုးရိမ်နဲ့နော်"

သူမက အလိုက်တသိပင် ခပ်ခွာခွာရပ်ရင်း ခေါင်းညိတ်ပြသည်။ ထို့နောက် ...

"ငြိမ်းငြိမ်းအတွက် ဘာမှ နောက်ဆံမတင်းနဲ့၊ စိတ်ချသွားပါ အစ်ကို"

ဟု ပြောရင်း အံကိုတင်းတင်းကြိတ်ထားသည်။ ဝေ့တက်လာသော မျက်ရည်စမှာ ကျလုလုမို့ ခေါင်းကို ဆတ်ခနဲ မော့ပြီး တင်းထားလိုက်သည်။

သူမကို နှုတ်ဆက်ကာ ကျောခိုင်းထွက်သွားသော အရိပ်သုံးရိပ်က မျက်ရည်ဝဲနေတဲ့ အမြင်အာရုံမှာ မသဲမကွဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ပျောက်ကွယ်သွားမှ သူမ အားရ ပါးရ ရှိုက်ငိုပစ်လိုက်၏။

ကြေကွဲဝမ်းနည်းနေခြင်းလား၊ စိုးရိမ်ပူပန်နေခြင်းလား မသဲကွဲစွာ။



နေရောင်က အညှာတာကင်းစွာ၊ ပူပူပြင်းပြင်း စူးစူးရဲရဲ ဖြာကျနေသည်။ ရွာထိပ်တွင်းပြင်ကြီးထဲတွင် တစ်ရွာလုံး စုရုံးရောက်ရှိနေကြ၏။ အားလုံးတိတ်ဆိတ် လျက် ခေါင်းငုံ့ကာ ငြိမ်သက်နေသည်။

အင်္ဂလိပ်စစ်ဗိုလ် သည် ရွာသားများအားလုံးကို ဝေ့ကြည့်ရင်း သူ၏အကြည့်က ဒီရွာတွင် ငွေကြေးအ ချမ်းသာဆုံး ဘကြီးဖြိုးထံ အဆုံးသတ်၏။

"ဟေ့ ဒီရွာမှာ သူပုန်တွေရှိတယ် မဟုတ် လား"

ဟု ဗမာသံ မပီမသနှင့် ဆောင့်ဆောင့်ဆောင့်

www.burmeseclassic.com

www.burmeseclassic.com



အောင့် မေးလိုက်သကြောင့် ဘကြီးဖြိုးမှာ တုန့်တုန့်ယင်ယင်နှင့် …

"မ … မရှိပါဘူး သခင်"

"တော်စမ်း… အရင်သူကြီးမရှိတဲ့နောက် မောင်မင်းကို ဒီရွာမှာ သူကြီးခန့်မလို့ဟာ ဒီလို ပုံစံဆိုရင်တော့ အထက်လူကြီးတွေကို ပြန်စဉ်းစားခိုင်းရမယ်၊ မောင်မင်းဟာ ဒီရွာမှာ [illegible] အကြီးဆုံး၊ ဒါပေမယ့် ဒီရွာကကိစ္စကို ဘာ[illegible] မသိဘူး ပြောဖို့လား၊ တစ်ရွာလုံးကို တစ်[illegible] တက်ဆင်း ရှာတယ်၊ မတွေ့ဘူး၊ ကျွန်ုပ် လုံး[illegible] မကျေနပ်ဘူး"

"တကယ်ကို မရှိတာပါ သခင်"

"မောင်မင်း ဒီစကားအပြင် နောက်ထပ် [illegible] များ ပြောနိုင်သလဲ၊ ဒီရွာဟာ သူပုန်ရွာ[illegible] ပြီးတော့ သမန်းကျားအဖွဲ့နဲ့လည်း အဆက် အသွယ်လုပ်တယ်၊ ကျွန်ုပ် တပ်သား[illegible]



အများကြီး ဆုံးရှုံးရတာလည်း မောင်မင်းညံ့လို့၊ ဒါကို အထက်က မင်းကြီးသိရင် မောင်မင်းရော၊ ကျွန်ုပ်ရော သက်သာမှာ မဟုတ်…"

"ဝါး … ဝါး … အီး ဟီးဟီး"

"အို … ကျွတ် … ကျွတ်…တိတ်ပါသွားရယ်"

ရုတ်တရက် ရှေ့ဆုံးနားမှ ကလေးငိုသံ၊ မိခင်ဖြစ်သူ၏ ချော့သံတို့ဖြင့် စီခနဲဖြစ်သွားသောကြောင့် အင်္ဂလိပ်စစ်ဗိုလ်မှာ စကားစပြတ်ကာ ကြောင်သွားသည်။ ပြီးမှ သတိဝင်ကာ စိတ်ဆိုးသွားပြီး …

"ဘယ်က အသံတွေလဲ၊ ဘယ်က အသံတွေလဲ"

ဟု အသံနက်ကြီးနှင့် အော်လိုက်၏။

"ဝါး … ဝါး"

ကလေးမှာ စူးစူးဝါးဝါး အော်ငိုဆဲ၊ ကလေး၏ [illegible]မေမှာ ပါးစပ်ကိုပိတ်ထားရကောင်းနိုး၊ ချော့ရကောင်း[illegible]ဖြင့် ပျာယာခတ်နေရှာ၏။ ရွာသားများမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုသားအမိနှစ်ယောက်ထံသို့ အာရုံရောက်နေကြသည်။

အင်္ဂလိပ်စစ်ဗိုလ်မှာ ဒေါသတကြီးနှင့် နောက်မှ ပုလိပ်တစ်ယောက်ကို လှည့်ကြည့်လိုက်ရာ ထိုပုလိပ်မှာ ကလေးကို မိခင်ဖြစ်သူ၏ ရင်ခွင်တွင်းမှ ရုတ်တရက် ဆွဲထုတ်ခဲ့ရာ ကလေးမှာ ယက်ကန်ယက်ကန်ပါလာတော့၏။

ကလေးအမေမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ထိုပုလိပ်၏လက်ထဲမှ ကလေးကိုအတင်းပြန်ဆွဲလေသည်။

"ဟာင်"

"အို"

တစ်ရွာလုံး လန့်ဖျတ်သွားကြသည်။ အင်္ဂလိပ်စစ်ဗိုလ်သည် ကလေးအမေအား အညာအတာကင်းစွာ…

"ဖြန်း"

"အား … ကလေး … ကလေး မလုပ်ပါနဲ့ရှင်"

"ဖြန်း"



ကလေးအမေ၏ ပါးကို ဘယ်ပြန်ညာပြန် ဖျတ်ရိုက်လိုက်ရာ ကလေးအမေမှာ မြေပေါ်သို့ ပုံလျက်လဲကျသွားတော့၏။ တစ်ရွာလုံး ခံပြင်းဒေါသ ဖြစ်နေသော်လည်း သူကြီးကအစ တစ်ယောက်မှ မလှုပ်ရဲ။ ကလေးမှာ စူးစူးဝါးဝါး အော်ငို၏။

လဲကျနေသော ကလေးအမေအား ဆံပင်မှ ဆောင့်ဆွဲထူလိုက်ပြီး …

"အားလုံးနားထောင်၊ ဒီရွာမှာရှိတဲ့ သူပုန်တွေကို မထုတ်ပေးဘူးဆိုရင် သူ့ကို သတ်ရလိမ့်မယ်၊ ပြီးတော့ ဒီကလေးကိုလည်းသတ်မယ်"

ဟု ဆိုကာ သားအမိနှစ်ယောက်အား သေနတ်ဖြင့် ချိန်ထားလိုက်လေသည်။ တစ်ရွာလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ အားလုံး အံကြိတ်ကြိတ်နှင့် ဒေါသဖြစ်နေကြစဉ် …

အဝေးမှ လူသုံးယောက် ပြေးထွက်လာကြလေတော့သည်။ ပြေးလာသူများမှာ တောက်တီး၊ တောက်တဲ့နှင့် ဘဂျမ်းတို့ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လူတွေအားလုံး ဟာကန် ဖြစ်သွားကြသည်။ တစ်ချို့ကလည်း သူတို့ကို တားမြစ်ချင်သလို ပွစိပွစိ ရေရွတ်ကြ၏။

သူတို့က လူ့အုပ်ဘက်သို့ လက်ကာပြရင်း …

"သူတို့ကို လွှတ်လိုက်ပါ၊ သမန်းကျားယောင်ဆောင်ပြီး မင်းတို့ကို တိုက်ခိုက်ခဲ့တာ ငါတို့ပဲ"

တောက်တီး၏ ရဲရင့်ပြတ်သားသော စကားအဆုံးတွင် တစ်ရွာလုံး စိုးရိမ်ထိတ်လန့်စွာ လှမ်းကြည့်လိုက်ကြ၏။ သူတို့၏ မျက်လုံးထဲတွင် စိုးရိမ်ပူပန်ခြင်းများ ပျော်ဝင်လျက်ရှိသည်။

ငြိမ်းငြိမ်းစန်းမှာ မျက်လုံးများကိုပင် ယောင်ယမ်း၍ မှိတ်ထားမိတော့၏။ အင်္ဂလိပ်စစ်ဗိုလ်မှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး စစ်ပုလိပ်များအား သူတို့သုံးယောက်ကို ကြိုးတုပ်လိုက်ရန် အမိန့်ပေးလိုက်သည်။

သူတို့သုံးယောက်အား လက်ပြန်ကြိုးတုပ်ပြီး အားလုံးရှေ့သို့ တရကြမ်း ဆွဲခေါ်သွားတော့ တစ်ရွာလုံး ကြေကွဲဝမ်းနည်းစွာ မမြင်ရက်သလို မျက်နှာလွှဲထားကြသည်။

✱



တောင်စွယ်တွင် နေကွယ်လေပြီ။ တစ်ရွာလုံးအား ရွာပြင်ကွင်းစပ်တွင် စုစည်းနိုင်းထားလေ၏။

တစ်ယောက်မှ စကာမပြောနိုင်ကြ။

သူတို့အားလုံး ရင်ထဲ၌ ကိုယ်စီနာလည်နေကြသည်။ ဒီနေ့သည် တောက်တီး၊ တောက်တဲ့တို့ကို စီရင်မည့်နေ့။ တစ်ရွာလုံး၏ အာခံလိုစိတ်များအား ရက်ရက်စက်စက် ချေမှုန်းမည့်နေ့ပင်တည်း။

စီရင်မည့်နေရာကို တစ်ရွာလုံးမဖြစ်မနေ လာကြည့်ခိုင်းထားသည်ဆိုကတည်းက သူတို့ တစ်ရွာလုံးကို တမင်နှောင်ကျဉ်စေအောင် လုပ်ပြလိုသည့်သဘောပင်။

ကွင်းစပ်၏ အလယ်ဗဟို ကုန်းမြင့်ဂမူလေးတစ်ခုပေါ်တွင် လက်နက်အပြည့်အစုံကိုင်ဆောင်ထားကြသော အင်္ဂလိပ်စစ်သားများ။

ကုန်းမြင့်အောက်တွင်တော့ လက်နက်မဲ့ တင်းမာ ရဲဝံ့သောမျက်ဝန်းများဖြင့် ရွာသူရွာသား မြန်မာများ။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုနှင့်တစ်စု အကြည့်ချင်း ပြိုင်နေကြသော
၏။

အနိုင်ကျင့်သူနှင့် အခံသူ။

အင်အားကြီးသူနှင့် လက်နက်မဲ့သူ။

တစ်စုက အပေါ်က၊ တစ်စုက အောက်မှ။

သို့သော် အကြည့်တွေချင်းကို ဘယ်သူကမှ မလွှဲဖယ်ကြ။ ရွာသူရွာသားများ၏ မာကျောသော တင်း ပြတ်သော မီးလျှံလို မျက်ဝန်းများကြောင့်ပင် နောက်ဆုံး အင်္ဂလိပ်စစ်သားများသာ မျက်နှာလွှဲသွားမိကြလေ

ထိုစဉ်မှာပင် …

"ဟော လာကြပြီ"

ဟု တီးတိုးရေရွတ်လိုက်သော အသံတစ်သံ ကြောင့် အားလုံးလှမ်းကြည့်မိလိုက်ကြ၏။

လူသုံးယောက်ကို လက်ပြန်ကြိုးတုပ် ခေါ် ဆောင်လာသည်အား တွေ့လိုက်ကြသည်။

တစ်ရွာလုံး၏ ရင်နှစ်သည်းချာ တောက်တီး တောက်တဲ့နှင့် ဘဂျမ်းတို့ပင်တည်း။ သူတို့ကိုမြင်သည်



ပင် ရွာသူရွာသားများမှာလည်း မျက်စိမျက်နှာများ ပျက်ကုန်ကြလေတော့၏။

သူတို့ကလည်း ယင်းအဖြစ်အား လှမ်းမြင်လိုက်ပုံပေါ်သည်။

တောက်တီးမှာ အရင်စ၍ အော်ပြောလေ၏။

"ကျုပ်တော်တို့ သေရတော့မယ့်အတွက်များ ရွာသူရွာသားတွေ စိတ်မကောင်းမဖြစ်ကြပါနဲ့၊ ကျုပ်တော်တို့က သေခြင်းကိုပဲ ဆော့စရာတစ်ခုလို သဘောထားပါတယ်၊ ကိုယ်မတွေ့ကြုံဖူးသေးတဲ့ ကစားနည်းတစ်ခုကို ကစားရသလိုပေါ့၊ ဒီအလုပ်ကို လုပ်ကတည်းက တစ်နေ့သေနိုင်တယ်ဆိုတာ သိပြီးသားပါပဲ၊ ဒါကိုသိရက်နဲ့ လုပ်တယ်ဆိုကတည်းက သေခြင်းကို ကျုပ်တော်တို့ ခံမင်လို့ပါ၊ ကျုပ်တော်ကတော့ သေရင် သူများထက်ဆန်းဆန်းပြားပြားသေချင်တဲ့ ကောင်ဗျ။ ကဲ ပရိသတ်ကြီး လူတစ်ကိုယ်လုံး သေနတ်ဒါဏ်ရာ ဘယ်လောက်အများဆုံး

www.burmeseclassic.com

www.burmeseclassic.com

နဲ့ သေသွားသူကို တွေ့ဖူးပါသလဲ"

လူတွေမှာ ကြောက်ရွံ့သလို ဖြစ်သွားခဲ့ရာမှ သူတို့ စကားကြောင့် ရဲစိတ်တက်လာသလို ဖြစ်ခဲ့လေရ၏။

တစ်ချို့ ခပ်ရဲရဲ ကာလသားများက ဝင်၍ပင် အော်ကြသည်။

"သုံးချက်နဲ့ သေတာတွေ့ဖူးတယ်ဗျို့"

"ကျုပ်ကတော့ လေးချက်"

"ကျုပ်က ငါးချက်"

တောက်တီးက ပြန်အော်သည်။

"ဒီလောက်ပဲလား၊ ဒီထက်များတာ မတွေ့ဖူးကြတော့ဘူးလား"

"မတွေ့ဖူးတော့ပါဘူး"

အင်္ဂလိပ်စစ်ဗိုလ်က ဆူဆူညံညံ ဖြစ်နေကြခြင်းကို တားမြစ်မည့်ဟန် ပြုလိုက်သည်။

သို့သော် တောက်တီး၏ အပြုအမူကြောင့် သူ အံ့အားသင့်သွားရလေ၏။



ချုပ်နှောင်ထားသော အချုပ်အနှောင်များမှ ရုန်းကာ နံဘေးတွင် စောင့်ကြပ်နေသည်များမှ တွန်းဖယ်ကာ ဝုန်းကနဲ ပြေးထွက်လာခြင်းကြောင့် ဖြစ်လေသည်။

သူ့ဘက် တရိုန်ထိုး ပြေးဝင်လာသည်ကို မြင်သည့်အခါ အင်္ဂလိပ်စစ်ဗိုလ်မှာ ရုတ်တရက် ဘာလုပ်ရမယ်မှန်းပင် မသိ။

နောက်မှ လက်သွက်သော စစ်သားတစ်ယောက်က စတင်၍ ပစ်ခတ်လေတော့သည်။

သူ့နောက်က တခြားစစ်သားတွေကလည်း ဝိုင်းပစ်ကြလေ၏။ ခဏတွင်းချင်းမှာပင် ထိုနေရာလေးတစ်ဝိုက်၌ တဒိုင်းဒိုင်းဆူညံသံများနှင့်အတူ ယမ်းငွေ့တွေ တလူလူဝေသွားလေတော့သည်။

ကျန်သူအားလုံးမှာ ဘာဖြစ်သွားလိုက်မှန်းပင် သေချာ ကွဲကွဲပြားပြားမသိလိုက်။

မြင်ကွင်းအား သူတို့ရှင်းရှင်းလင်းလင်း ပြန်မြင်နိုင်သောအခါ တောက်တီးမှ ကျည်ဆံအချက်ပေါင်းများစွာဖြင့် လဲကျနေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဒယီးဒယိုင်ဖြင့် သူအားတင်းထရပ်လေ၏။

ဒီတစ်ခါ သူ မျက်နှာပြုသည်ကပရိသတ်များသို့။

"ကဲ တွေ့ပြီမဟုတ်လား၊ ကျုပ်ထက် သေနတ်ဒါတ်ရာများပြီး သေတဲ့သူကို ခင်ဗျားတို့ တွေ့ဘူးတော့မှာ မဟုတ်ဘူး"

စကားလည်းအဆုံး ပြန်လည်းလဲအကျပင် ဖြစ်၏။ တပြိုင်တည်းပင် သူ အသက်ပါသွားခဲ့လေသည်။

လူတွေဆီမှ အာမေဋိတ်သံများ ညံကနဲ ထွက်လာလေတော့၏။

ထိုစဉ်မှာပင် တောက်တဲ့က လှမ်းအော်လေသည်။

"ကဲ တောက်တီးကတော့ သေပုံတစ်မျိုးကို ပြသွားပြီးပြီ၊ ကျုပ်ကတော့ ရှေးဗမာကြီးတွေ တိုက်ပွဲရှုံးတဲ့အခါ ကိုယ့်ကိုယ်ကိုစီရင်ပုံကို ပြချင်တယ်၊ မကြည့်ချင်ကြဘူးလား"

ဒီတစ်ခါ ပြန်ဖြေသံ ထွက်ပေါ်မလာတော့။





တောက်တဲ့ကသာ လုပ်စရာရှိသည်ကို ဆက်လုပ်လေတော့သည်။

ဟင်ကနဲ အာမေဋိတ်သံမှာ လူတွေဆီမှ ရုတ်တရက် ထွက်ပေါ်လာကြလေ၏။ တောက်တဲ့က နှောင်တည်းထားသော ကြိုးများကို ဆောင့်ရုန်းကာ အနားရှိနေသော စစ်သားတစ်ယောက်ခါးမှ ဓါးကို ဖျပ်ကနဲ ဆွဲလုလိုက်၍ဖြစ်သည်။

ဓါးအလုခံရသောစစ်သားမှာ လန့်ပြီးအနောက်သို့ ခုန်ဆုတ်လိုက်လေသည်။

တောက်တဲ့က တဟားဟားအော်ရယ်၏။

"ဟဲ ဟဲ မလန့်ပါနဲ့ကွာ၊ ငါမင်းကို ဘာမှမလုပ်ပါဘူး"

ပြောပြောဆိုဆိုပင် လူထုကြီးဘက်လှည့်ကာ တစ်ချက်ဦးညွှတ်အပြီး ဓားဖြင့် သူ့ရင်ဝသူ ဆောင့်ထိုးချကာ အောက်သို့ ဆွဲချ ထိုးခွဲလိုက်လေတော့သည်။

ဓါးသွားက နေရောင်တွင်လက်ကနဲ။

တောက်တဲ့ကိုယ်မှ သွေးများ ရဲကနဲ ကျဆင်း

www.burmeseclassic.com

www.burmeseclassic.com

လာလေတော့သည်။ ခန္ဓာကိုယ်မှာ နှစ်ခြမ်းဖြစ်သွားသည့်နှယ် ထင်ရ၏။

တောက်တဲ့လည်း သွေးအိုင်ထဲသို့ လဲကျအသက်ပျောက်သွားလေတော့သည်။

နောက်ဆုံးကျန်ရစ်ခဲ့သည်မှာ ဘဂျမ်းပင်။

ဘဂျမ်းကတော့ သိမ်သိမ်မွေ့မွေ့ပင် ပြောပြ၏။

"ကျုပ်ကတော့ ရုပ်ပျက်ဆင်းပျက်ကြီး မသေချင်ဘူးဗျာ၊ ဖြစ်နိုင်ရင် ဒါဏ်ရာတောင် မပေါ်ချင်ပါဘူး၊ ဒီတော့ ကိုယ့် ဇက်ကိုလိမ်ချိုးလိုက်တာက အကောင်းဆုံးဖြစ်လိမ့်မယ်နဲ့တူတယ်"

ပြောပြောဆိုဆိုပင် သူ့ကိုယ်ပေါ်မှ ကြိုးများအား ရုန်းဖယ်လိုက်လေ၏။

သမန်းကျားအဖွဲ့ ပီသလှပါသည်။ သုံးယောက်လုံးပင် အားအင်သန်မာစွာဖြင့် နှောင်တည်းထားသည်များမှ ရုန်းဖယ်နိုင်ခဲ့ကြ၏။

ဘဂျမ်းမှာ ကြိုးများမှ လွတ်လွတ်ချင်းပင် သူ့ဇက်သူ ဖျပ်ကနဲ လိမ်ချိုးချကာ အဆုံးစီရင်လိုက်လေ၏။



ထို့နောက် သူသည်လည်း သူ့သူငယ်ချင်းများသွားရာလမ်းအတိုင်း ရဲရင့်သော သေဆုံးခြင်းဖြင့် ...။

အဖြစ်အပျက်တို့အားလုံးမှာ တဒင်္ဂလေးအတွင်းမှာပင် မြန်ဆန်လွန်းစွာဖြစ်ပွားခဲ့သည်မို့ ဘယ်သူမှ တားမြစ်ခြင်းငှာ မစွမ်းသာခဲ့ကြ။

အင်္ဂလိပ်စစ်ဗိုလ်မှာ သူလုံးဝ မစီရင်လိုက်ရပဲ သမန်းကျားသုံးယောက်လုံး သေဆုံးသွားပြီမို့ မကျေမချမ်း ဖြစ်သွားခဲ့ရလေ၏။

သို့သော် ထိုကဲ့သို့ ဖြစ်လာနိုင်လိမ့်မည်ဟုလုံးဝ မထင်မှတ်မိ၍ ကြောင်တိကြောင်တောင် ယောင်ယောင်ကမ်းကမ်း ဖြစ်နေမိခဲ့လေသည်။

သေဆုံးနေသော သမန်းကျားတို့၏ အလောင်းများကို တစ်ခုခုဒုက္ခပေးချင်သည့်သဖွယ် ကြည့်ကွက်ကြည့်ကွက်လုပ်သေးသော်လည်း ရွာသူရွာသားတို့၏ အလျှံတညီးညီးတောက်လောင်နေသော ဒေါသ မျက်ဝန်းများကြောင့် ခပ်ရှုံ့ရှုံ့ဖြစ်သွားကာ သူ့တပ်ကို ပြန်ဆုတ်ရန်သာ အမိန့်ပေးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လူကိုတင်မက သေဆုံးပြီးသော အလောင်းများကိုပါ အန္တရာယ်ပြုချင်သေးသည်ဆိုပါက ရွာလူထုမှာ အသက်ချင်းလဲရ လဲရ အုံကြွကုန်လိမ့်မည်ဖြစ်၏။

အင်္ဂလိပ်စစ်တပ် ဆုတ်ခွာစပြုစဉ်မှာပင် အလောင်းများရှိရာသို့ လူအုပ်လိုက်ကြီး အပြေးသွားကြလေသည်။

သူတို့အားလုံး သေဆုံးရတော့မည့်အရေးကို သူရဲကောင်းဆန်စွာ တားမြစ်ပေးခဲ့သူများ၏ အသက်ကင်းမဲ့နေသော ရုပ်အလောင်းများကိုကြည့်ရင်း အားလုံးမှာ မချိတင်ကဲ။

အများစုမှာ ငိုယိုကြလေသည်။

တစ်ချို့ကလည်း ဓားပြေးဆွဲသူ ဆွဲ၏။

ထွက်ခွာသွားသော အင်္ဂလိပ်တပ်နောက်လိုက်ကာ ရန်ပြုတော့မည် ပြင်သူပြင်၍ ဆွဲလားရမ်းလားဖြစ်ကုန်ကြလေသည်။

တစ်ချို့လည်း ကိုယ့်မျက်စိရှေ့မှာပင် မြန်ဆန်လှစွာ ဖြစ်ပေါ်သွားခဲ့သော သွေးရဲရဲ သံရဲရဲ မြင်ကွင်း



ကြောင့် သိစိတ်လွတ်သွားသလို ဖြစ်ကုန်ကြ၏။

ထိုစဉ်မှာပင် ထင်မှတ်မထားသော အသံတစ်ခုမှာ ကြည်လင်စွာ ထွက်ပေါ်လာခဲ့လေသည်။

"အားလုံးပဲ ကိုယ့်စိတ်ကို ကြိုးစားထိန်းကြပါ၊ ကိုတောက်တီးတို့ သေဆုံးသွားရခြင်းဟာ အလဟဿ မဖြစ်ရပါစေနဲ့"

လူတွေ လှည့်ကြည့်ကြသောအခါ ပြောလိုက်သူမှာ ငြိမ်းငြိမ်းစန်း။

သူမ ပြောသည်မို့လည်း အားလုံးစိတ်ဝင်စားသွားမိကြသည်။ သေဆုံးသွားသူများနှင့် အရင်းနှီးဆုံးဖြစ်သည့် တစ်ဦးတည်းသောလူသား မဟုတ်လား။

စိတ်လွတ်ကိုယ်လွတ် ဖြစ်မိနေသူများပင် သူမစကားကို အာရုံစိုက်ကာ နားထောင်မိကြလေ၏။

ငြိမ်းငြိမ်းစန်းက တည်ငြိမ်စွာ ဆက်ပြောလေသည်။

"ကျွန်မတို့ မျက်စိရှေ့မှာတင်ပဲ ... သူတို့တွေ သေဆုံးသွားတဲ့အတွက် အားလုံးခံစားနေကြရ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမယ့် သူတို့ သေသွားတဲ့အတွက် တုန်လှုပ်မှုမဖြစ်ကြပါနဲ့၊ ကိုတောက်တီးပြောခဲ့တယ် မဟုတ်လား၊ သူတို့ကိုယ်နှိုက်က သေခြင်းတရားကို ဆော့စရာတစ်ခုလို သဘောထားတာပါလို့လေ ....

ထိုစကားအရောက်၌ လူတွေမှာတော်တော်လေး ငြိမ်ငြိမ်သက်သက် ရှိလာကြပြီဖြစ်သည်။

လူများ အာရုံစိုက်နားထောင်နေသည်ကို အကဲခတ်ကြည့်ပြီးမှ ငြိမ်းငြိမ်းက စကားကို ဆက်ကာပြောလေသည်။

... တကယ်တော့ သူတို့သေရတာဟာလည်း အဓိပ္ပာယ်မဲ့မဟုတ်ပါဘူး၊ သူတို့ သေဆုံးသွားခြင်းအတွက် ကျွန်မတို့မှာ သိသာထင်ရှားတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်ခဲ့ပါတယ်''

ထိုအချိန်တွင် အဘွားအိုတစ်ဦးက ဆွေးဆွေးမြည့်မြည့် ဝင်ပြောလေ၏။

''လူသေတာပဲ ဘာအကျိုးရှိဦးမှာလဲကွယ်''

BURMESE CLASSIC .com



''သေချာ သတိထားကြည့်ကြပါရှင်၊ သူတို့ သုံးယောက် အသက်ပေးလိုက်ရတဲ့အတွက် ကျွန်မတို့ တစ်ရွာလုံးမှာ နယ်ချဲ့ကို မုန်းတီးစိတ်တွေ ဘယ်လောက်တောင်ဖြစ်သွားခဲ့ကြသလဲ၊ တကယ်တော့ သူတို့ဟာ အသက်နဲ့လဲပြီး နယ်ချဲ့ကို သိက္ခာချခဲ့ကြတာပါ၊ အခုဆို အရင်က အုပ်ချုပ်သူကိစ္စဟာ ငါနဲ့ မဆိုင်၊ လောကကြီးမှာ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့သာ အရေးကြီးတယ်ဆိုတဲ့ သူမျိုးတွေတောင် နယ်ချဲ့ကို တူးတူးခါးခါး မုန်းသွားမိကြပြီ၊ အရေးကြုံလာတော့ သူတို့ရဲ့ တုံ့ပြန်ပုံကို နမူးတွေ ဒူးတွေ တွေ့သွားတဲ့အတွက်လည်း သူတို့ရဲ့ သူတော်ကောင်းဟန်ဆောင်မှုဟာ ဘွားဘွားကြီး ကွာကျခဲ့ပါပြီ၊ ကျွန်မတို့ လူတိုင်း အယောက်တိုင်းရဲ့ ရင်ထဲမှာ နယ်ချဲ့ကို ဆန့်ကျင်ချင်တဲ့စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပြီ၊ ဒါတွေဟာ အဖိုးထိုက်လှတဲ့ အကျိုးအမြတ်တွေပဲပေါ့၊ ဒီစိတ် ဒီစည်းလုံး

www.burmeseclassic.com

www.burmeseclassic.com



မှုတွေကို အရင်းပြုပြီး ကျွန်မတို့ နယ်ချဲ့လက်က လွတ်မြောက်ရေးဆီ ဦးတည်ကြိုးပမ်းကြမယ်၊ ဆက်ပြီးလည်း ကျွန်မတို့တွေ ဦးတည်ချက်ကို သွေဖယ်မသွားကြဘူးဆိုရင် မဝေးတော့တဲ့တစ်နေ့မှာ ကျွန်မတို့ လိုချင်ချင်ရာတွေ ရလိမ့်မှာ မလွဲပဲပေါ့ရှင်”

ငြိမ်းငြိမ်းစန်းစကားကြောင့် အားလုံးရင်ကော့ခေါင်းမော့ကုန်ကြလေ၏။ လူကြီးတစ်ယောက်က ဝင်ပြောလိုက်သည်။

“ဟုတ်တယ်ဟေ့၊ ဒီသူငယ်မ ပြောတာ မှန်တယ်၊ တို့တွေဟာ တောက်တီးတို့သေသွားမှုကို အလဟဿ မဖြစ်စေသင့်ဘူး၊ သူတို့ကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ အပြောင်းအလဲကို ဆက်ပြီး တိုးပွားနိုင်မဲ့အောင်လုပ်ရမယ်၊ သွေးပူတုန်း ထလုပ်တာမျိုးထက် သေချာစီစဉ်ကြိုးစားပြီးမှ အောင်မြင်အောင်လုပ်သင့်တယ်၊ တောက်တီး တောက်တဲ့တို့ စခဲ့တဲ့လုပ်ရပ်ဟာ နောင်အစဉ်



အဆက် ဥဒါန်းတွင်ရစ်စေရမယ်”

ထိုစဉ်ရွာသူမိန်းမကြီးတစ်ဦးကရုတ်ကနဲထ၍ . .

“တောက်တီး တောက်တဲ့တို့ကိုလည်း ဘယ်တော့မှ မမေ့တော့အောင် ကျုပ်စဉ်းစားမိတာ ရှိတယ်တော့”

အားလုံး စိတ်ဝင်စားသွားမိကြသည်။

“ဘယ်လိုများလဲ”

“ကျုပ်တို့ရွာကို သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ နာမည်ပြောင်းရင် ကောင်းမယ်”

ကာလသားတစ်ယောက်က ဝင်အော်၏။

“နာမည်ပြောင်းမယ်ဆိုရင်တော့ ရှည်ရှည် ဝေးဝေး စဉ်းစားမနေနဲ့ဗျာ၊ သူတို့ ဖန်တီးခဲ့တဲ့ ပုန်ကန်မှုရဲ့နာမည်အတိုင်းပဲ ပေးလိုက်ပေတော့”

“ဘယ်လိုမျိုးလဲ”

“သူတို့က သမန်းကျားယောင်ဆောင်ပြီး တိုက်ခဲ့ကြတာမဟုတ်လား၊ ဒီတော့ ကျုပ်တို့ရွာကို

www.burmeseclassic.com

www.burmeseclassic.com

လည်း သခမ်းကျားရှာလို့ပေးလိုက်ရင်မကောင်းဘူးလား"

လူတွေ ပေါကနဲ့ ဖြစ်သွားကြသည်ဟု ထင်လိုက်ရလေသည်။

လူတိုင်းနှုတ်ဖျားမှ တစ်ခွန်းစီပေါ်ထွက်လာသော အသံတို့သည် တစ်မျိုးထဲ၊ တစ်သံထဲအဖြစ် ဆက်ယှက်ပေါင်းစုကာ တခဲနက်သော အသံကြီးကို ဖြစ်ပေါ်စေတော့၏။

"ကောင်းတယ်ဗျော့၊ သိပ်ကောင်းတာပဲ ... တို့ရွာနာမည် ဒီနေ့ကစပြီး ပြောင်းပြီ ... ...

သမန်းကျားရွာ

သမန်းကျားရွာ တဲ့ဗျော့။

ဇာတ်သိမ်း

BURMESE CLASSIC .com

# ပရိသတ်ကြီးသို့ ...

ကျွန်တော့် ဝတ္ထုတွေကို နှစ်သက်အားပေးကြတဲ့အတွက်
အထူးပဲ ကျေးဇူးတင်မိပါတယ်၊
ဒီနေရာမှာ သတင်းလေးတစ်ခု ပေးချင်လို့ပါ။
ကျွန်တော် ကာလောင်ခွဲတွေနဲ့လဲ ရေးပါတယ်၊
မတူညီတဲ့ရသကို ပေးချင်လို့ ဖြစ်ပါတယ်၊
အများသိတဲ့ ပင်ရင်းကလောင် **ဝေသာချောင်ချွာ** ကတော့
ဘယာနကရသကို အဓိကပေါ်လွင်အောင် ရေးတာပါ။

**ဒီမွှေချောင်ချွာ** ဆိုပြီးလည်း ရေးပါသေးတယ်၊
တကယ့်အဖြစ်မှန် ဂမ္ဘီရနဲ့ လျှို့ဝှက်သဲဖိုလိုင်းပေါ့။

**ဒဏ္ဍာချောင်ချွာ** ဆိုပြီးတော့
သမိုင်းအလွှာရှိဆန်ဆန်ဇာတ်လမ်းမျိုးတွေ ရေးပါတယ်၊
ထူးခြားအံ့ဩဖွယ်နဲ့ စွန့်စားခန်းကို ရောမွှေထားပါတယ်။

**ထိပ်မှိုချောင်ချွာ** ဆိုတဲ့ ကလောင်အမည်နဲ့တော့
ဆေးဝင်စာအုပ်တွေ အဓိကရေးပါတယ်၊ လောကီပညာအကြောင်း
အရွာတွေလည်း အဲဒီနာမည်နဲ့ တစ်ခါတလေ ရေးပါမယ် ခင်ဗျား။

[illegible]အမည်တွေကလွဲရင် __လုံး၀ တခြားနာမည်မသုံး__
[illegible]ကြောင်းပါ။ ခင်တွယ်သိမ်းမှားရှိရင်လည်း သတိပြုပေးပါနော်။

www.burmeseclassic.com

www.burmeseclassic.com

ကြောက်တယ်ဆိုတဲ့ စကားလုံးဟာ
သူတို့ရဲ့ အဘိဓာန်ထဲမှာ မရှိ။

နှုးဆော်ခြင်းရယ်
သေခြင်းတရားရယ်
တစ်ခုခုယှဉ်ရွေးဖို့ ကြုံလာခဲ့ရင်
သေခြင်းတရားကိုပဲ မဆိုင်းမတွ ရွေးလိုက်မယ်။
သူတို့ကို ...
သူရဲကောင်း လို့ ခေါ်တယ်။

# သူရဲကောင်း

## ဒဂုန်ရွှေမျှား

BURMESE CLASSIC .com

သူဟာ
စာရနက္ခတ်နဲ့ မွေးဖွားလာခဲ့သူဖြစ်တယ်။

သူ့ပေါင်ထဲမှာ
ကြောင်မျက်ရှင်ကို မြှုပ်ထားလို့
ဖက်ရွက်လေးပေါ် အိပ်နိုင်လောက်အောင်
ပေါ့ပါးတယ်။
အံ့ဩဘနှမ်းတွေကို သူ စွမ်းဆောင်နိုင်လေရဲ့။

သူဟာ ချစ်တတ်တယ်၊
နောင်တရတတ်တယ်၊
ပြီးတော့ ... ခိုးတတ်တယ် ။ ။

# ကြောင်မျက်ရှင်

## ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

သူဟာ သက်ရှိပဟေဠိတစ်ပုဒ် ဖြစ်တယ်။

သူ့ရဲ့ ...

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားလုံးဟာ

တွက်ရခက်တဲ့ ပုစ္ဆာလို

ဘယ်သူမှ ပြေပြေပြစ်ပြစ်မသိကြ။

သူ့အကျင့်က ကမ်းကုန်အောင်ရက်စက်တတ်သလို

ကမ်းကုန်အောင်လည်း ကြင်နာတတ်ပြန်တယ်။

သူ့ကို အနီးစပ်ဆုံး ဥပမာပေးရရင်

ဒဏ္ဍာရီတစ်ပုဒ် နဲ့တူလေရဲ့။

BURMESE CLASSIC .com

# ဒဏ္ဍာရီလူ

ဒဂုကျော်စွာ

www.burmeseclassic.com